# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြ၍**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြ၍၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)**


၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် ၂၀၁၇ ခုနှစ်၊ မေ ၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၈၆)


# ငြိမ်းချမ်းရေးရန်ပုံငွေ ထည့်ဝင်လှူဒါန်းသည့် ပြည်သူများသို့ ကျေးဇူးတင်လွှာ

စာ » ၃



**ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်၌ မေ ၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က လေပြင်းထန်စွာတိုက်ခတ်မှုကြောင့် အမှတ်(၂)ရပ်ကွက်ရှိ အားကစားတိုက်ခန်း ၂၄ ခန်း အမိုးများ ပြုတ်ထွက်ပြီး လျှပ်စစ်ဓာတ်မီးတိုင်များ ပြိုလဲကျိုးကျခဲ့မှုတို့ကြောင့် ကယ်ဆယ်ရေးအဖွဲ့က ကူညီဆောင်ရွက်နေသည်ကို တွေ့ရစဉ်**
(အဆိုပါသဘာဝဘေးဖြစ်သောနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။) **နေလင်းအောင်(ရွှေကူ)**



## အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

စာ » ၄

## ပြည်သူတွေရဲ့စိတ်ဝင်စားမှုက ကြားဖြတ်ရွေးကောက်ပွဲအပေါ်မှာ အားနည်းတဲ့ သဘာဝရှိပါတယ်

စာ » ၅

## အားနည်းသောဥပဒေ၊ ဆင်းရဲမွဲတေမှုတို့ကြောင့် ကလေးလုပ်သားများ နှိပ်စက်ခံနေရ

**နိုင်ငံအနှံ့ အန္တရာယ်ရှိလုပ်ငန်းခွင်များတွင် ကလေးလုပ်သားတို့ လုပ်ကိုင်နေကြပြီး နှိပ်စက်ညှဉ်းပန်းခံရသည့် ကလေးများလည်း ရှိနေသည်**

စာ » ၉

## မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃-၄-၂၀၁၇

| | | |
|---|---|---|
| မချမ်းဘောမြို့ | သီပေါမြို့ | ကော့ကရိတ်မြို့ |
| ၂ ဒသမ ၂၀ လက်မ၊ | ၁ ဒသမ ၂၃ လက်မ | ၀ ဒသမ ၃၉ လက်မ |
| ပူတာအိုမြို့ | မိုးမိတ်မြို့ | လားရှိုးမြို့ |
| ၁ ဒသမ ၇၃ လက်မ | ၀ ဒသမ ၆၃ လက်မ | ၀ ဒသမ ၃၅ လက်မ |
| ပိုင်ကျုံမြို့ | မြိတ်မြို့ | ကန့်ဘလူမြို့ |
| ၁ ဒသမ ၆၅ လက်မ | ၀ ဒသမ ၅၅ လက်မ | ၀ ဒသမ ၃၅ လက်မ |


KBZ BANK
STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ရေရှားပါးသည့်နွေရာသီတွင် ရေအလှူကုသိုလ်ယူ၍ အကျိုးပြုကြပါစို့

စာနာခြင်း၊ ညှာတာခြင်းရှိမှ လောကကြီးလှပနေမည်မှာ သေချာသည်။ စာနာ၊ ညှာတာစိတ်ဖြင့် လောကအကျိုးကို ဆောင်ရွက်သင့်သည်။ နွေရာသီရောက်လာပြီဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းတွင် အပူချိန်မြင့်တက်ကာ အချို့အရပ်ဒေသများတွင် ရေရှားပါးသည့် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ ရေအလှူစေတနာရှင်များက တတ်နိုင်သည့်ဘက်မှ လှူဒါန်းမှုများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

ရေရှားပါးသည့် ဒေသများသို့ တတ်နိုင်သူများက ကုသိုလ်ပြုကြသည်များရှိသလို မတတ်နိုင်သူများကလည်း တစ်ပိုင်တစ်နိုင်ကုသိုလ်ယူသင့်ကြသည်။ ရေလုံလောက်နေသော ဒေသများမှ လူအများက ရေကို အလဟဿမသုံးစွဲဘဲ ခြိုးခြံချွေတာသုံးစွဲကာ ပိုလျှံသောရေကို ရေရှားပါးသောဒေသများသို့ လှူဒါန်းသင့်သည်။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်ဟုဆိုသည့်အတိုင်း ပူပြင်းသောကာလများတွင် သောက်ရေပိုင်တ်လာပြီး ရေသောက်သုံးမှုမရှိပါက ကျန်းမာရေးအတွက် ထိခိုက်လာနိုင်သည်။

ပူပြင်းသောနွေရာသီကာလတွင် ရေငတ်လွန်းပြီး ချွေးထွက်လွန်မှုရှိလာပါက အသက်အန္တရာယ်ပင်ရှိလာနိုင်သည်။ အပူလွန်ကဲပြီး ချွေးထွက်လွန်သူများအား ဓာတ်ဆားရည်များ ပေးဝေသောက်သုံးရသည်။ ယခုလို ပူပြင်းသော နွေရာသီခရီးလမ်းပန်းတွင် ယခင်ခေတ်ကာလက လမ်းဘေးသောက်ရေအိုးစင်လေးများကို သတိရမိသည်။ မျက်မှောက်ကာလတွင် ရေကုသိုလ်လမ်းဘေးရေအိုးစင်ဓလေ့များ ပျောက်ကွယ်သလောက်ရှိသွားပြီ။ ရေသန့်ရောင်းသောဆိုင်တွင်သာ ရေကိုဝယ်သောက်နေရသည်။

ယခုလိုအချိန်အခါတွင် ကျေးလက်မှ ရေကုသိုလ်ယူသည့် လယ်သမားတစ်ဦး၏ စေတနာမှာ အတုယူအားကျဖွယ်ဖြစ်သည်။ အဆိုပါလယ်သမားမှာ လယ်ယာလုပ်ကိုင်သော်လည်း ဥပုသ်နေ့တစ်ရက် လယ်ယာလုပ်ငန်းခွင်နားသည်။ နားသည့်ရက်တွင် မော်တော်ဆိုင်ကယ်ပေါ်တွင် ပလတ်စတစ်ပုံးဖြင့် ရေထည့်ကာ ရေမရှိသည့် နေရာ၊ ရေရှားပါးသည့်ဒေသများသို့ သွားရောက်ကုသိုလ်ပြုလေ့ရှိသည်။ ဥပုသ်နေ့ရောက်တိုင်း ကုသိုလ်ပြုလေ့ရှိပြီး မည်သည့်နေရာတွင် ရေရှားသည်။ မည်သည့်နေရာတွင် ရေအိုးစင်ရှိသည်တို့ကို ကြိုတင်လေ့လာမှတ်သားပြီး မော်တော်ဆိုင်ကယ်ဖြင့် ရေကုသိုလ်ပို့ဆောင်ပေးလေ့ရှိသည်။ နီးစပ်ရာရေရှိသောနေရာမှ ရေကိုယူကာ ပို့ဆောင်ပေးလေ့ရှိသည်။ ထိုသို့ ရေလှူသဖြင့် လယ်သမားလေးမှာ အလုပ်အကိုင်မပျက် အဆင်ပြေသည့်အပြင် မိသားစုနှင့်ပတ်ဝန်းကျင်မှ အသိအမှတ်ပြုကာ သာခုခေါ်ကြသည်။

ဤသည်မှာ လယ်သမားလေးတစ်ဦး ရေရှားပါးသည့်အချိန်တွင် ရေလှူခြင်းကုသိုလ်ယူပုံဖြစ်သည်။ ကျွန်ုပ်တို့ ရေကိုဖောဖောသီသီသုံးစွဲနိုင်ကြသည်။ ရေရှားပါးသည့်အချိန်တွင် ရေလှူရမှန်း သတိမရကြချေ။ ရေလိုနေသူများအား ရေပေးဝေရသည့်စေတနာမှာ ကြီးမားလှပြီး ကုသိုလ်လည်းရသည့်လုပ်ငန်းဖြစ်သည်။ ယခုဘဝတွင်သာမက နောင်ဘဝတွင်လည်း ရေအကျိုးဆယ်ပါး မတောင်းဘဲ ပြည့်စေတော့မည်။

နွေရာသီရေရှားပါးသောကာလတွင် ရေကုသိုလ်ရှင်များအား မြင်တွေ့ကြားသိနေရသည်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို သာခုအကြိမ်ကြိမ်ခေါ်ဆိုကြရမည်ဖြစ်သည်။ မိမိတို့သည် ရေရှားပါးသည့်ကာလတွင် ရေကိုလိုသည်ထက်ပိုမသုံးဘဲ လျှော့ချသုံးစွဲသင့်သည်။ ရေလိုအပ်နေသောသူများအား ရေလှူဒါန်းနိုင်အောင် အားထုတ်ကြိုးပမ်းသင့်သည်။

ရေရှားပါးသော မိမိတို့ပတ်ဝန်းကျင်တွင် သောက်သုံးရေဖြည့်ဆည်းပေးခြင်းဖြင့် ကုသိုလ်ယူသင့်သည်။ မိမိကိုယ်တိုင် မလှူဒါန်းနိုင်လျှင် ရေလှူဒါန်းသော အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီသင့်သည်။ ရေတစ်ခွက်၊ ရေတစ်ပုံး၊ ရေတစ်အိုး ခြိုးခြံချွေတာသုံးစွဲပြီး ရေလိုအပ်သောသူများ၊ ရေလိုအပ်သောနေရာများသို့ ပို့ဆောင်လှူဒါန်းခြင်းအတွက် အကျိုးတရား မည်မျှကြီးမားသည်ကို သိရှိသင့်သည်။ တစ်ဦးချင်း၊ တစ်ယောက်ချင်း ရေကိုခြိုးခြံချွေတာသုံးစွဲခြင်းဖြင့် ရေကုသိုလ်ယူကာ လူမှုဘဝပတ်ဝန်းကျင်ကို အလှဆင်သင့်ပါသည်။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ဖြေဆိုကြရာ (ပထမကြီး၊ ပထမလတ်) ဆဋ္ဌမနေ့ကို စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၂၆၁၄၅ ပါးအနက် ၂၁၃၀၆ ပါး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၄၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒစ်ဂျစ်တယ်သတင်းစာထုတ်လွှင့်ရေး မြန်မာ့အလင်းသတင်းစာတိုက်မှ ကွင်းဆင်းဆွေးနွေး

**ရေး မေ ၃**

ပြန်ကြားရေးဝန်ကြီးဌာနမှ မေလအတွင်း ထုတ်လွှင့်မည့် ဒစ်ဂျစ်တယ်သတင်းစာ ထုတ်လွှင့်ရေး ဒေသခံသတင်းမီဒီယာများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၂ ရက် မွန်းလွဲ ၂ နာရီက မွန်ပြည်နယ် ရေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံသတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။



ဆွေးနွေးပွဲတွင် မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးက ပြန်ကြားရေးဝန်ကြီးဌာနမှ လက်ရှိထုတ်ဝေနေသည့် သတင်းစာများအပြင် ပြည်သူများ နိုင်ငံတစ်ဝန်းရှိ သတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိကြည့်ရှုနိုင်ရန်အတွက် မေလမှစတင်၍ မြန်မာ ဒစ်ဂျစ်တယ် နက်ဝပ်သတင်းစာကို ထုတ်လွှင့်ပေးမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်မြေသတင်းမီဒီယာများအပြင် ဌာနဆိုင်ရာများကလည်း ၎င်းဝက်ဘ်ဆိုက်သို့ သတင်းမှန်များ ပေးပို့နိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့အလင်းသတင်းစာ အကြီးတန်းသတင်းထောက် ဒေါ်ခင်ရတနာက ဒစ်ဂျစ်တယ် နက်ဝပ်သတင်းစာသို့ သတင်းပေးပို့နိုင်သည့် နည်းပညာများကို ရှင်းလင်းပြောကြားရာ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရှိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်



**ဘားအံ မေ ၃**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်း၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ ဆင်ဖြူရှင်ခန်းမ၌ မေ ၁ ရက် နံနက် ၈ နာရီက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း ရက်တိုသင်တန်း အမှတ်စဉ်(၁/၂၀၁၇)ကို သင်တန်းသားအရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင် ၃၀ တို့ဖြင့် ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းအား မေ ၁ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၃**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၇)ကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် အဆိုပါတက္ကသိုလ်၌ စတင်ဖွင့်လှစ်ရာ ဝန်ထမ်း ၅၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

၃-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၈၅/၇၀၅ ကျပ် | (လက်ကားစျေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၁၀ ကျပ် | (လက်ကားစျေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် | (လက်ကားစျေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် | (လက်ကားစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ · ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၇၂ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၅ · ၁၂ |
| ထိုင်း | တစ်ဘတ် | ၃၉ · ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ · ၂၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## ချို့ယွင်းချက်များကို ဝေဖန်ထောက်ပြ

**ကျွန်တော်တို့အစိုးရက တိုင်းပြည်အကျိုးအတွက် ရည်ရွယ်ချမှတ်ထားတဲ့ မူဝါဒများဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်မှုကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးနဲ့ ပြည်သူအများစုရဲ့ လူနေမှုဘဝများ တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ကို ရွေးချယ်ပြီး တာဝန်အပ်နှင်းခဲ့တဲ့ မဲဆန္ဒရှင်ပြည်သူများကလည်း မိမိတို့နေရာကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွန်တော်တို့ရဲ့ချို့ယွင်းချက်များကို ဝေဖန်ထောက်ပြခြင်း၊ လုပ်ဆောင်သင့်တာတွေကို အကြံပြုလမ်းညွှန်ခြင်း စတဲ့ နည်းလမ်းတွေနဲ့ ဆက်လက်တက်ကြွစွာ ဝိုင်းဝန်းပါဝင်ပေးကြဖို့ အလေးအနက်ပန်ကြားလိုပါတယ်။**

(၁၇-၄-၂၀၁၆ ရက်နေ့တွင် ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးသဝဏ်လွှာမှ ကောက်နုတ်ချက်)

## မျှမျှတတရှိရမယ်

**ဒီနိုင်ငံထဲမှာ အဖွဲ့အစည်းအမျိုးမျိုးရှိပါတယ်။ တိုင်းရင်းသားမျိုးစုံရှိပါတယ်။ ဘာသာကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေ မျိုးစုံရှိပါတယ်။ ဒီတော့ ကျွန်မတို့ဟာ တကယ်ပဲ အမျိုးသားရင်ကြားစေ့ရေးကို လိုလားတယ်ဆိုလို့ရှိရင်တော့ အားလုံးကို ဆက်ဆံတဲ့နေရာမှာ မျှမျှတတရှိရမယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

**စာအုပ် စာပေ လူ့မိတ်ဆွေ**

## ငြိမ်းချမ်းရေးရန်ပုံငွေ ထည့်ဝင်လှူဒါန်းသည့် ပြည်သူများသို့ ကျေးဇူးတင်လွှာ

**(၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်)**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အလေးထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအောင်မြင်စွာပြီးမြောက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင်မြင်စေရေးအတွက် လိုအပ်သောရန်ပုံငွေများကို ရှာဖွေရာတွင် ပြည်တွင်းမှ ငြိမ်းချမ်းရေးမြတ်နိုးသူ တိုင်းရင်းသားပြည်သူများမှ တတ်အားသရွေ့ ထည့်ဝင်လှူဒါန်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် ငွေစုဘဏ်စာရင်း SF - ၀၀၄၀၄၈ ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ အလားတူ ငွေသားဖြင့် လှူဒါန်းလိုသူများ အဆင်ပြေလွယ်ကူစွာ လှူဒါန်းနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲ၊ စာရင်းရှင်ငွေစာရင်း၊ CF - 003434 ကိုဖွင့်လှစ်ပြီး ငွေသားဖြင့် လှူဒါန်းမှုများကို လက်ခံခဲ့ပါသည်။

၂။ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တလျက်ရှိသည့် ဆန္ဒများကို ဖော်ထုတ်ပြသကြရာတွင် ငြိမ်းချမ်းရေးရန်ပုံငွေ (Peace Fund) ငွေစုဘဏ်စာရင်းစတင်ဖွင့်လှစ်သည့်နေ့မှ ၂၀-၃-၂၀၁၇ အထိ ပြည်သူအများ၏ ထည့်ဝင်လှူဒါန်းငွေမှာ စုစုပေါင်းကျပ် ၁၃,၉၄၇,၇၆၄,၇၇၅ (၁၃ ဒသမ ၉၄၈ ဘီလီယံ)ရရှိခဲ့ပြီဖြစ်၍ အထူးပင် အံ့သြဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ရပါသည်။ မြန်မာနိုင်ငံနေရာအနှံ့အပြားမှ လူတစ်ဦးချင်း၊ တစ်ယောက်ချင်းမှ တတ်နိုင်သလောက် ထည့်ဝင်လှူဒါန်းကြရာ မိမိတို့ချွေးနဲစာမှ ကျပ်တစ်ထောင်ကျော်၊ ကျပ်ငါးထောင်၊ ကျပ်တစ်သောင်းစသည်ဖြင့် လှူဒါန်းခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ကျပ်ဘီလီယံနှင့်ချီ၍ ထည့်ဝင်သူများရှိကြသလို ထိုသို့နည်းများမဟုတတ်နိုင်သမျှ ထည့်ဝင်လှူဒါန်းမှုကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထု၏ ပါဝင်မှု၊ ထောက်ခံမှု၊ ပံ့ပိုးကူညီမှုအပေါ် တန်ဖိုးမဖြတ်နိုင်အောင်ပင် ဝမ်းမြောက်ဝမ်းသာကြည်နူးရပါသည်။

၃။ မြန်မာနိုင်ငံနေရာအနှံ့မှ ပြည်သူအများ၏ လှူဒါန်းမှုသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို မည်မျှလိုလားတောင့်တမျှော်လင့်နေကြသည်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။ လက်ရှိ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရန် ချမှတ်ထားသောသန္နိဋ္ဌာန်စိတ်များလည်း ပိုမို၍ ခိုင်မာလာစေခဲ့ပါသည်။ ပြည်ထောင်စုရှိ နိုင်ငံသူ နိုင်ငံသားအားလုံး၏ ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးအထူးပင်တင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်စေရန် ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

## ဟန်ဂေရီနိုင်ငံသမ္မတထံ သံအမတ်ကြီး ဦးမျိုးအေးခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၄**

ဟန်ဂေရီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် မတ် ၂၇ ရက်တွင် ဘူဒါပတ်စ်မြို့၌ ဟန်ဂေရီနိုင်ငံသမ္မတ မစ္စတာ ယာနော့စ် အာဒါထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန |
|---|---|
| (၁) ဦးနိုင်ကြည်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) ဒေါက်တာသန်းထွဋ် | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |

## တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီညီလာခံကျင်းပ

**နေပြည်တော် မေ ၃**

တမံကြီးများ၏ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့တည်ငြိမ်မှု၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေးပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှု၊ စွမ်းရည်မြင့်မားတိုးတက်မှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏ တမံများ တည်ဆောက်မှုအပေါ် စိုးရိမ်ပူပန်မှုများကို ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း မေ ၂ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးရုံး၌ ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ညီလာခံတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသည် ရေသယံဇာတပေါကြွယ်ဝသည့် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် အသိအမှတ်ပြုခံထားရပြီး နိုင်ငံ၏ ရေချိုရရှိမှုသည် မုတ်သုံရာသီဥတုအပေါ် မူတည်၍ တစ်နှစ်ပတ်လုံးမိုးရွာသွန်းမှု၏ ၉၀ ရာခိုင်နှုန်းခန့်ရရှိကြောင်း၊ မိုးတွင်းတွင်စီးဆင်းသည့် မြစ်၊ ချောင်းများ၏ သဘာဝစီးဆင်းရေရေသယံဇာတကို ထိန်းသိမ်းသိုလှောင်ပြီး ကျန်ကာလများအတွင်း စိုက်ပျိုးရေဖြန့်ဝေပေးခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သောက်သုံးရေနှင့် အခြားကဏ္ဍများအတွက် ပြည့်ဝစွာ ရေပေးဝေနိုင်ရန် ဆည်တာတမံတည်ဆောက်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ရေကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ဒုတိယအကြိမ် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီညီလာခံသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့ဝင်များတက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၃**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အကောင်းဆုံးသင်တန်းသူဆုရရှိသည့် ဗိုလ်ဇင်သန္တာ၊ အကောင်းဆုံး လက်ဖြောင့်သမားဆုရရှိသည့် ရဲတပ်ကြပ်ကြီး အိဖြိုးအောင်၊ အကောင်းဆုံး ကြံ့ခိုင်ရေးဆုရရှိသည့် တပ်ကြပ်ကြီး/စာရေး အေးအေးပြုံးနှင့် အကောင်းဆုံးချေမှုန်းရေးတပ်ဖွဲ့ဆုရရှိသည့် ချေမှုန်းရေးအဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဗိုလ်ဟေမာသီတာကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)သင်တန်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကြပြီး အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) သင်တန်းသားများက ကြိုးတန်းလမ်းလျှောက်ခြင်းနှင့် တစ်ချောင်းမောက်ကြိုးဖြတ်ကျော်ခြင်း၊ ကြိုးဆင်းစွမ်းရည်များ သရုပ်ပြသခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ရေးကွင်းအတွင်း စွမ်းရည်ပြသခြင်းများ သရုပ်ပြသကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) သင်တန်းအမှတ်စဉ်(၁) အား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှစ၍ သင်တန်းသူ ၇၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း သင်တန်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကြံ့ခိုင်မှုစစ်ဆေးခြင်းတို့ ဆောင်ရွက်ပြီး လေထီးခုန်သင်ခန်းစာနှင့် အကြမ်းဖက်နှိမ်နင်းရေး သင်ခန်းစာများအား အမျိုးသားများနည်းတူ ပင်ပန်းကြမ်းတမ်းစွာ ခက်ခက်ခဲခဲလေ့ကျင့်သင်ကြားပေးခဲ့ပြီး တပ်မတော်မှ အမျိုးသမီးအရာရှိ၊ စစ်သည် ၃၅ ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အမျိုးသမီးအရာရှိ၊ စစ်သည် ၁၀ ဦး အောင်မြင်စွာ ဆန်ခါတင်သင်တန်း တက်ရောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကောင်းဆုံး သင်တန်းသူဆုရရှိသည့် ဗိုလ်ဇင်သန္တာအား ဆုပေးအပ်ချီးမြှင့်စဉ်** (သတင်းစဉ်)



**အထူးတာဝန်တပ်ဖွဲ့အမျိုးသမီးများ ကြိုးဆင်းစွမ်းရည် သရုပ်ပြသစဉ်** (သတင်းစဉ်)

# မြန်မာ့မီးရထားပိုင်မြေပေါ်တွင် BOT စနစ်ကိုအခြေခံပြီး ကုန်းတွင်းဆိပ်အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ မြေငှားစာချုပ် လက်မှတ်ရေးထိုး




**နေပြည်တော် မေ ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားနှင့် Kerry Logistics Network Co.,Ltd & Resources Group Logistics Co., Ltd တို့ BOT စနစ်ကိုအခြေခံပြီး ကုန်းတွင်းဆိပ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ နှစ်ဦးသဘောတူ မြေငှားစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီးရှိ မြန်မာ့မီးရထားပိုင်မြေဧက ၈၀ နှင့် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်ရှိ ၇၅ ဒသမ ၁ ဧကတို့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ Dry Port လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့သည့်အတွက် ခွင့်ပြုချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ရန် စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးသည့် အခမ်းအနားဖြစ်ကြောင်း။

ကုန်းတွင်းဆိပ်များတည်ဆောက်၍ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုမှုများ၏ စိတ်ဝင်စားမှုဖော်ပြချက် (EOI) ဖိတ်ခေါ်ခဲ့ပြီး နိုင်ငံတကာ တင်ဒါလုပ်ထုံး လုပ်နည်းများနှင့်အညီ လုပ်ငန်းစဉ်အဆင့်များအလိုက် ပွင့်လင်းမြင်သာစွာ အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ပြီး စင်ကာပူအခြေစိုက် Kerry Logistics Network Co., Ltd နှင့် မြန်မာနိုင်ငံသားပိုင် Resources Group Logistics Co.,Ltd တို့အား တင်ဒါအောင်မြင်သူအဖြစ် ၁၀-၁-၂၀၁၆ ရက်တွင် ကြေညာခဲ့ကြောင်း၊ BOT, Lease Agreement ချုပ်ဆိုနိုင်ရေးအတွက် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ကုမ္ပဏီနှစ်ဖွဲ့မှတာဝန်ရှိသူများတွေ့ဆုံ၍ အကြိမ်ကြိမ် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ BOT စာချုပ်နှင့် မြေငှားစာချုပ်များကိုလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးများသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ပြီး ပြင်ဆင်ခဲ့ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် Kerry Logistics Network Co., Ltd မှ ဥက္ကဋ္ဌ Mr. George Yong- Boon Yeo ဖြင့် လည်းကောင်း၊ Resources Group Logistics ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးမောင်ကျေးတို့နှင့်လည်းကောင်း Dry Port စီမံကိန်းဆိုင်ရာ စာချုပ်များ လက်မှတ်ရေးထိုးခြင်းနှင့် စာချုပ်များ လဲလှယ်ခြင်းတို့အား ပြည်ထောင်စုဝန်ကြီးရှေ့မှောက်၌ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးရွာများမှ တိုက်ပွဲရှောင်မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မိုးညှင်း မေ ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့မဒေသစိတ် နတ်ကြီးကုန်းရပ်ကွက် ဇောတိရှမ်းဇရပ်သို့ရောက်ရှိနေကြသော ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ် နန့်ဟိုင်းကျေးရွာအုပ်စု မော့်နေကျေးရွာမှ တိုက်ပွဲရှောင်မိသားစုဝင်များအား ကချင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲက နတ်ကြီးကုန်း(ရှမ်းပိုင်း)မူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များဖြစ်သော ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာသက်လွင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိုးညှင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ တိုက်ပွဲရှောင်မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက အမှာစကားပြောကြားခဲ့ပြီး လူမှုရေးဝန်ကြီး ဒေါက်တာသက်လွင်က တိုက်ပွဲရှောင်မိသားစုဝင်များအတွက် ကယ်ဆယ်ရေးအစီအစဉ်များ၊ အရင်းမပျောက် ရန်ပုံငွေချထားပေးမည့် အစီအစဉ်များ၊ သက်မွေးပညာများဖြစ်သော လက်သမား သင်တန်း၊ ပန်းရန်သင်တန်း၊ စက်ချုပ်သင်တန်းနှင့် အိမ်တွင်းမှုသင်တန်းများ၊ စက်ပြင်သင်တန်းများ စသည်တို့ကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော အစားအသောက်နှင့် အဝတ်အထည်များ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သော လူသုံးကုန်ပစ္စည်းများ၊ အစားအသောက်နှင့် မီးဖိုချောင်သုံးပစ္စည်းများအား တိုက်ပွဲရှောင်အိမ်ထောင်စု ၁၄ စုမှ မိသားစုဝင် ၆၀ တို့အား ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော စေတနာရှင်များကလည်း အလှူငွေများပေးအပ်ကာ တိုက်ပွဲရှောင်မိသားစုဝင်များကိုယ်စား ဦးအိုက်ကွယ်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**နီတိုး**



# ပြည်သူတွေရဲ့ စိတ်ဝင်စားမှုက ကြားဖြတ်ရွေးကောက်ပွဲအပေါ်မှာ အားနည်းတဲ့ သဘာဝရှိပါတယ်

**တွေ့ဆုံမေးမြန်း-သူရဇော်၊ မွေးကြူဇင်(သတင်းစဉ်)**

**ဓာတ်ပုံ - ဟန်နီဝင်း(UEC)**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီ ၁ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲအား အေးချမ်းတည်ငြိမ်ပြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏စကားသံ များကို ဖော်ပြလိုက်ပါသည်။

**ဦးတင်ထွန်း**
**(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး)**

၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပွဲတွေကို ၁၅ ကြိမ် ပြုလုပ်ခဲ့ပါတယ်။

ဒီလိုပြန်လည်သုံးသပ် ဆွေးနွေးပွဲတွေမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို ဝိုင်းဝန်းကူညီကြတဲ့ အစိုးရဝန်ကြီးဌာနတွေ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ CSO တွေ၊ မီဒီယာတွေ၊ နိုင်ငံရေးပါတီတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို တွေ့ဆုံပြီး ရရှိလာတဲ့ သုံးသပ်ချက်တွေ၊ အဖြေတွေ၊ အကြံဉာဏ်တွေကို လက်တွေ့အသုံးချခဲ့ပါတယ်။

ဒါကြောင့် ၂၀၁၇ ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲကို အေးချမ်းတည်ငြိမ်ပြီး အောင်မြင်စွာနဲ့ ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ကော်မရှင်အနေနဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ ၂၀၁၅ ခုနှစ်က ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့တဲ့ ကျေးသီးနဲ့ မိုင်းရှူးမြို့နယ်တွေမှာပါ အေးချမ်းပြီးအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒီအတွက် ကော်မရှင်ရဲ့ကိုယ်စား ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းတွေနဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။



ဦးတင်ထွန်း
(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး)

သာမန်အားဖြင့် ကြားဖြတ်ရွေးကောက်ပွဲနဲ့ အထွေထွေရွေးကောက်ပွဲမှာ ပြည်သူတွေရဲ့ စိတ်ဝင်စားမှုက ကြားဖြတ်ရွေးကောက်ပွဲအပေါ်မှာ အားနည်းတဲ့ သဘာဝရှိပါတယ်။ အခု ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူ့လွှတ်တော်အတွက် ကိုးနေရာ၊ အမျိုးသားလွှတ်တော်အတွက် သုံးနေရာနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် ခုနစ်နေရာ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၁၉ နေရာအတွက် ကျင်းပခဲ့ပါတယ်။

ဆန္ဒမဲရလဒ်တွေကို ဧပြီ ၁ ရက် ညပိုင်းမှာ ကြေညာနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် မဲရုံတွေက အတော်ကိုဝေးပြီး သွားလာရေးခက်ခဲတဲ့ နေရာတွေမှာ ဖြစ်နေပါတယ်။ ဒါ့အပြင် တယ်လီဖုန်းအဆက်အသွယ် ခက်ခဲတဲ့နေရာတွေလည်း ရှိပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့ကလဲ ရွေးကောက်ပွဲရလဒ်ကို အတည်ပြုကြေညာပေးရာမှာ ဖုန်းသတင်းနဲ့ လုပ်လို့မရပါဘူး။ အထောက်အထား စာရွက်စာတမ်းတွေနဲ့ လုပ်ရပါတယ်။ ဒီနေ့သတင်းထုတ်ပြန်ရာမှာ ပုံစံ ၁၉ ကိုပါ တင်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ပုံစံ ၁၉ က အဓိက ဖြစ်ပါတယ်။

ပုံစံ ၁၉ မှာ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီရဲ့မဲအရေအတွက်ကို ရေးထားတဲ့အပြင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ ကိုယ်စားလှယ်တွေ၊ ပါတီရဲ့ကိုယ်စားလှယ်တွေပါ သက်သေနေရာမှာ လက်မှတ်ရေးထိုးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒါတွေပါမှ ကျွန်တော်တို့က ကြေညာပေးရတာ ဖြစ်ပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံသုံးစွဲခဲ့ပါတယ်။ အခုလို သုံးစွဲရခြင်းက မိုင်းရှူးနဲ့ ကျေးသီးမြို့နယ် မဲဆန္ဒနယ်တွေမှာ လုံခြုံရေးအခြေအနေတွေကြောင့် ကျေးရွာအချို့က မဲရုံတွေကို ရွှေ့ပြောင်းကျင်းပပေးရပါတယ်။ ရွှေ့ပြောင်းပေးရခြင်းက ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပဖို့နဲ့ အဲဒီဒေသတွေမှာရှိတဲ့ မဲဆန္ဒရှင်တွေကို နိုင်ငံသားတစ်ဦးရဲ့ မဲပေးပိုင်ခွင့် အခွင့်အရေးတွေ မဆုံးရှုံးစေချင်လို့ပါ။ ရွေးကောက်ပွဲနေ့မှာ ၁၁ မိုင်ဝေးတဲ့နေရာက မဲဆန္ဒရှင် ၅၀၀၀ ကို ရွာကသယ်ဖို့ ယာဉ်တွေကို ကော်မရှင်ရဲ့ဘတ်ဂျက်နဲ့ ငှားရမ်းအကုန်အကျခံပြီး ရွာကနေ မဲရုံအရောက် မဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

အခု ကြားဖြတ်ရွေးကောက်ပွဲကို ရှမ်းပြည်နယ် ကျေးသီးမြို့နယ်နဲ့ မိုင်းရှူးမြို့နယ်တို့မှာ အောင်မြင်စွာ ကျင်းပနိုင်ဖို့ အဘက်ဘက်က ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်တို့ ကော်မရှင်တစ်ခုတည်း ကြိုးစားတာ မဟုတ်ပါဘူး။ လုံခြုံရေးနဲ့ စီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်၊ စေ့စပ်ညှိနှိုင်းရေးကော်မရှင် အဆင့်ဆင့်၊ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ ဆန္ဒနဲ့ စေတနာအရ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် အခုလို အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။

**မစ္စတာ ဂရက် ခေအိုင်အီးလေးရာ**
**ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ**
**အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (IDEA)**

IDEA က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ စတင်ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့က စောင့်ကြည့်လေ့လာရေးအဖွဲ့ ဖြစ်တဲ့အတွက် ပြည်တွင်းနဲ့ ပြည်ပ နှစ်ခုလုံး ပံ့ပိုးမှုတွေပေးပါတယ်။ အဓိကက ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးတဲ့ လုပ်ငန်းတွေမှာ ကူညီပေးပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် လိုအပ်တဲ့သင်တန်းတွေကို ရပ်ကွက်ကျေးရွာ၊ မြို့နယ်၊ ခရိုင်နဲ့ ပြည်နယ်အဆင့်အလိုက် ဆောင်ရွက်ပေးပါတယ်။ သင်တန်းတွေအပြင် မွမ်းမံသင်တန်းတွေကိုလည်း ဖွင့်လှစ်ပေးပါတယ်။ စုစုပေါင်း လူ ၁၅၀၀ ကို ရွေးကောက်ပွဲဆိုင်ရာ သင်တန်းပေး နိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ပညာပေးကာတွန်းတွေကို မြန်မာဘာသာ အပါအဝင် ဘာသာစကားခြောက်ခုနဲ့ ရွေးကောက်ပွဲကျင်းပမယ့် နေရာတွေကို ဖြန့်ဝေပေးခဲ့ပါတယ်။ ဒါ့အပြင် တခြားသောအဖွဲ့အစည်းတွေ၊ မီဒီယာတွေနဲ့ ထိတွေ့ဆက်ဆံရာမှာ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ သင်တန်းတွေပေးခဲ့ပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲမှာ ဖြစ်စဉ်တွေ သိပ်ပြီးမများတဲ့အပြင် ချောချောမောမောနဲ့ ပြုလုပ်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ နောက်တစ်ခုက ကြားဖြတ်ရွေးကောက်ပွဲမှာ မဲလာထည့်သူတွေက ၂၀၁၅ ခုနှစ်ထက် ပိုပြီးအားနည်းတာကို တွေ့ရပါတယ်။ ဒါပေမယ့် ကြားဖြတ်ရွေးကောက်ပွဲလို့ ပြောလိုက်ရင် လူတွေက စိတ်ဝင်စားမှုပိုနည်းတာကို အခြားနိုင်ငံတွေမှာလည်း တွေ့မြင်ရပါတယ်။

၂၀၁၅ ကနေ ပြန်ကြည့်မယ်ဆိုရင် လူတွေက မဲဘယ်လိုထည့်ရမယ်ဆိုတာကို ပိုသိလာကြတယ်။ ကြားဖြတ်ရွေးကောက်ပွဲမှာ လူတွေ မဲပေးရာမှာ အမှားတွေနည်းလာကြတယ်။ ဒါက တိုးတက်မှုလက္ခဏာတစ်ခုပါ။ အခုလို အောင်မြင်စွာ ကျင်းပနိုင်တဲ့အပြင် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲမှာ ကျင်းပဖို့ကျန်ခဲ့တဲ့ ရှမ်းပြည်နယ်က မိုင်းရှူးနဲ့ ကျေးသီးမြို့တွေမှာပါ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒါကြောင့် နောင်လာမယ့် ရွေးကောက်ပွဲတွေမှာလည်း အခုလို ပါဝင်ကူညီသွားမှာဖြစ်ပါတယ်။

## နိုင်ငံတကာစာချုပ်များ ညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စင်ကာပူနိုင်ငံရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းကျင်းပသည့် နိုင်ငံတကာစာချုပ်များ ညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ အလုပ်ရုံဆွေး နွေးပွဲကို ယနေ့နံနက် ၉ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့သည် ဥပဒေရေးရာ အပြန်အလှန်ဖလှယ်ရေး အစီအစဉ်အတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါအစီအစဉ်အရ ဥပဒေရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးဆိုင်ရာဥပဒေသင်တန်း၊ ပြစ်မှုဆိုင်ရာ ဥပဒေသင်တန်း၊ ဥပဒေဘာသာပြန်ဆိုခြင်း သင်တန်း၊ အင်္ဂလိပ်ဘာသာသင်တန်းများအပါအဝင် အလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ငန်းခွင်တွဲဖက်သင်တန်းများကို စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုသင်တန်းသည် ဥပဒေအရာရှိများအတွက် နိုင်ငံတကာစာချုပ်များတွင် ပါဝင်ညှိနှိုင်းဆွေးနွေးရာ၌လည်းကောင်း၊ စိစစ်အကြံပြုရာ၌လည်းကောင်း များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းမှာ ဧပြီ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**



နွေရာသီရောက်ရှိလာလျှင် နှစ်စဉ်ကြုံတွေ့နေရသည့် ရေထွက်နည်းပါးကာ ရေရှားပါးသော ရပ်ကွက်များဖြစ်သည့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်နှင့် ရွှေတောင်ရပ်ကွက်များသို့ ဧပြီ ၃ ရက်က အမှတ်(၂၆) လုံခြုံရေးတပ်ဖွဲ့ခွဲ တောင်လေးလုံးမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဦးမျိုးသန့် ဦးစီးအဖွဲ့များက ရေများလှူဒါန်းစဉ်
မောင်မောင်သန်း(တောင်ကြီး)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသိပေးနှိုးဆော်စာ

**နေပြည်တော် ဧပြီ ၃**

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် လွှတ်တော်အသီးသီးအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀အတွင်း ၎င်းတို့အမည်စာရင်းတင်သွင်းခဲ့ကြသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည် ဖြစ်သည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို မတင်သွင်းပါက သက်ဆိုင်ရာရွေးကောက်ပွဲနည်းဥပဒေ ၈၄ အရ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ကြေညာခြင်း ခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်အား သတ်မှတ်ရက်အတွင်း အမြန်ဆုံးတင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပေါက်ခေါင်းမြို့၌ အခြေခံပန်းချီ သင်တန်းဆင်းပွဲကျင်းပ

**ပေါက်ခေါင်း ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ အခြေခံပန်းချီသင်တန်းဆင်းပွဲကို ဧပြီ ၁ ရက် နံနက်ကကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က ပေါက်ခေါင်းမြို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို မတ်လမှစတင်၍ တစ်လကြာဖွင့်လှစ်ခဲ့ပြီး မျိုးဆက်သစ်လူငယ်များ ကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် အသိပညာ၊ အတတ်ပညာ ဗဟုသုတများတိုးပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတိပေးနှိုးဆော်ချက်

မြန်မာရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ရေပက်ခံထွက်ကြသည့် ပစ်ကပ်ယာဉ်များသည် သတ်မှတ်ဝန်အလေးချိန်ထက် လူဦးရေတင်ဆောင်မောင်းနှင်ကြသဖြင့် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပစ်ကပ်ယာဉ်များ (လိုက်ထရပ်၊ မီနီပစ်ကပ်) အနေဖြင့် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ) ထက် ပိုမိုတင်ဆောင်၍ မောင်းနှင်ခြင်းမပြုကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ မဲဆန္ဒနယ်မြေများမှ ပြည်သူတို့၏ မျှော်လင့်ချက်

**မင်းသစ်၊ ဇော်ကြီး၊ နန္ဒာဝင်း၊ ဓာတ်ပုံ-နေဇော်**

**မေ ၁ ရက်နေ့က ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ်များမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများအပေါ် မျှော်လင့်ချက်၊ ယုံကြည်ချက်များဖြင့် ဆန္ဒမဲများပေးခဲ့မှုများနှင့် စပ်လျဉ်းပြီး ဒေသခံပြည်သူများနှင့် မြန်မာ့သတင်းစဉ်က ဆက်သွယ်မေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။**


ဦးထိန်လင်း


ဒေါ်စုစုနိုင်


ဦးကုလား


ဒေါ်မြင့်မြင့်စန်း

**ခူးဗျားရယ် (ခေါသမောကျေးရွာ၊ မြို့မကျေးရွာအုပ်စု၊ ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်)**

အနိုင်ရ ကိုယ်စားလှယ်အနေနဲ့ ပြည်နယ်မှာ မြေယာနဲ့ပတ်သက်ပြီး ပြဿနာတွေကို ဖြေရှင်းပေးနိုင်မယ်လို့ မျှော်လင့်တယ်။ ဌာနေတိုင်းရင်းသား ကိစ္စတွေကိုရောပေါ့။ ဥပမာ ၂၀၁၂ ခုနှစ် မြေယာဥပဒေက ကျွန်တော်တို့ ဌာနေတိုင်းရင်းသား ဓလေ့ထုံးတမ်းနဲ့ မကိုက်ညီမှုတွေရှိတယ်။ ဖြေရှင်းပေးနိုင်မယ်လို့ ယုံကြည်တယ်။ ဒေသရဲ့အဓိကအခက်အခဲတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ ရေရှားပါးမှုအခက်အခဲတွေကိုလည်း ဖြေရှင်းပေးမယ်လို့ ယုံကြည်တယ်။ ဒေသခံတွေရဲ့ အခွင့်အရေး မြေယာနဲ့ပတ်သက်တာတွေ မဲဆွယ်ကာလမှာ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမယ်လို့ ပြောသွားတာရှိတယ်။ အနိုင်ရတဲ့ ကိုယ်စားလှယ်ကိုလည်း သူဆောင်ရွက်မယ့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ တတ်နိုင်တဲ့ဘက်က ပြည်သူတစ်ယောက်အနေနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမယ်။

**ဦးတင်ထွန်း (ရပ်ကွက်-၃၊ ရွာလွတ်ရွာ၊ ချောင်းဆုံမြို့နယ်)**

ကျွန်တော့်မှာ ပါတီစွဲမရှိဘူး။ အခု အနိုင်ရသွားတဲ့ ကိုယ်စားလှယ်လောင်းရဲ့ စိတ်ဓာတ်ကိုကြိုက်လို့ မဲပေးခဲ့တာ။ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို သူက အရင်ကတည်းက လုပ်ခဲ့တာ။ သူ့အနေနဲ့ လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ယောက်ဖြစ်သွားတော့ လူထုရဲ့ လိုအပ်ချက်ကို ၁၀၀ ရာခိုင်နှုန်း မဖြည့်ဆည်းပေးနိုင်ရင်တောင် ၇၅ ရာခိုင်နှုန်းလောက်တော့ ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်တယ်။ ဒေသဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်ပေးသွားမယ်လို့ ယုံကြည်တယ်။


ဦးမြင့်ဆွေ


ဦးအောင်စိုးလှိုင်


ဦးမောင်မောင်ထွေး

**ကိုတင်မင်းဦး(အမ်းမြို့)**

အမ်းမြို့မှာ ဝင်ပြိုင်တဲ့ ကိုယ်စားလှယ်တွေအားလုံး အကုန်ကောင်းပါတယ်။ ဒေါက်တာအေးမောင်ကတော့ ရခိုင်မှာ အားကိုးစရာလည်းဖြစ်တယ်။ တိုင်းရင်းသားအရေးမှာလည်း ကိုယ်စားပြု ဆောင်ရွက်ခဲ့တယ်။ ဒေါက်တာအေးမောင် နိုင်သွားတဲ့အတွက် ရခိုင်ပြည်နယ်ကိစ္စတွေကို ဆောင်ရွက်ပေးနိုင်မယ်လို့ မျှော်လင့်တယ်။ အရင် အမ်းမြို့က ဝင်ပြိုင်ပြီး နိုင်ခဲ့တဲ့ ကိုယ်စားလှယ်တွေအနေနဲ့ အမ်းမြို့ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးခဲ့တယ်။ ဒေါက်တာအေးမောင်အနေနဲ့လည်း အမ်းမြို့ကို ပြန်လည်ကြည့်ပေးစေချင်တယ်။

**ကိုမောင်ကြီး (၈ ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်)**

အရင်ကိုယ်စားလှယ်တုန်းကတော့ မဲထည့်လိုက်ရပေမယ့် တစ်ခါမှ မြို့နယ်ကို ပြန်မကြည့်ဘူး။ အခုအနိုင်ရတဲ့ ကိုယ်စားလှယ်အပေါ်မှာတော့ မြို့နယ်အကျိုးကို ဆောင်ရွက်ပေးမယ်လို့ မျှော်လင့်တယ်။ ကျွန်တော်တို့မြို့နယ်မှာက ကျန်းမာရေးနဲ့ ပတ်သက်ပြီး စောင့်ရှောက်မှု အားနည်းတယ်။ ဥပမာရေမြောင်းတွေက စီးဆင်းမှုမရှိတော့ ခြင်တွေပေါတယ်။ ကလေးတွေ တုပ်ကွေး ခဏခဏဖြစ်တယ်။ ဒီလိုကိစ္စတွေမှာလည်း အနိုင်ရကိုယ်စားလှယ်အနေနဲ့ ထိထိရောက်ရောက် ဆောင်ရွက်ပေးစေချင်တယ်။

**ဒေါ်မို့မို့နိုင် (ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်)**

ကျွန်မတို့ လှိုင်သာယာမြို့နယ်က တရားဥပဒေစိုးမိုးရေး လျော့ရဲတယ်လို့ ထင်ပါတယ်။ အဲဒါကြောင့် တရားဥပဒေစိုးမိုးရေးပိုင်းကို အဓိကထားဆောင်ရွက်ပေးစေချင်ပါတယ်။ သောက်သုံးရေနဲ့ ပတ်သက်လို့လည်း သန့်ရှင်းတဲ့ သောက်ရေ ဂျိုးဖြူရေကိုရဖို့ လုပ်ဆောင်ပေးစေချင်ပါတယ်။ နောက်ပြီး ကျွန်မတို့မြို့နယ်က ကျူးကျော်တွေ တော်တော်များပါတယ်။ အဲဒီလို စည်းကမ်းမဲ့ကျူးကျော်ဆောက်လုပ်ပြီး နေထိုင်ကြတာတွေကြောင့် မီးလောင်မှုတွေလည်း ဖြစ်ပွားစေနိုင်ပါတယ်။ အဲဒါကြောင့် အမှန်တကယ် ဆင်းရဲချို့တဲ့သူတွေအတွက် တန်ဖိုးနည်းအိမ်ရာတွေကို ဖော်ဆောင်ပြီး စည်းကမ်းတကျဖြစ်ဖို့ကို လုပ်ဆောင်ပေးစေချင်ပါတယ်။ စာသင်ကျောင်းတွေမှာလည်း ခေတ်မီသင်ကြားမှု စနစ်တွေဖြစ်ဖို့ သင်ထောက်ကူပစ္စည်းတွေ ပြည့်စုံဖို့ကို တင်ပြပေးစေချင်ပါတယ်။

**ဦးမြသိန်း (ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်)**

ကျွန်တော်တို့မြို့နယ်မှာ ရပ်ကွက်တိုင်းရဲ့ ရေနုတ်မြောင်းတွေကို ရေစီးရေလာကောင်းအောင် လုပ်ဆောင်ပေးစေချင်ပါတယ်။ စည်းကမ်းမဲ့ အမှိုက်တွေကြောင့် ကျန်းမာရေးအတွက် ဆိုးကျိုးတွေဖြစ်ပေါ်စေနိုင်သလို မီးလောင်လွယ်တာကြောင့် အမှိုက်စွန့်ပစ်တဲ့စနစ်တွေကို ကြပ်မတ်ဆောင်ရွက်ဖို့ တင်ပြပေးစေချင်ပါတယ်။ ကျန်းမာရေးအတွက် သောက်သုံးရေကလည်း သန့်ဖို့ အရေးကြီးပါတယ်။ အဲဒါကြောင့် ရေသန့်သောက်သုံးနိုင်ကြဖို့ ဂျိုးဖြူရေ စနစ်တကျဖြန့်ဖြူးပေးနိုင်ဖို့လည်း လုပ်ဆောင်ပေးစေချင်ပါတယ်။ အခြေခံလူတန်းစားတွေ အများဆုံးနေထိုင်တာကြောင့် သူတို့ရဲ့ သွားရေး၊ လာရေးအတွက် မြို့နယ်အတွင်းမှာတော့ ဆိုင်ကယ်စီးနင်းခွင့်ကို ဖြစ်နိုင်ရင် ခွင့်ပြုပေးဖို့ ဆောင်ရွက်ပေးစေချင်ပါတယ်။

**မနှင်းနန္ဒာကျော် (ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်)**

ကျွန်မတို့မြို့နယ်က ဆင်းရဲနွမ်းပါးတဲ့ မြို့နယ်တစ်ခုဖြစ်တာကြောင့် လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ အခုရွေးကောက်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်က အသက်လည်း ငယ်တယ်။ အရည်အချင်းလည်း ရှိတာကြောင့် ကျွန်မတို့မြို့နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူက အကျိုးပြုလိမ့်မယ်လို့ မျှော်လင့်လို့ ရွေးချယ်လိုက်တာ ဖြစ်ပါတယ်။

**ကိုဖိုးဖြူ (ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်)**

ကျွန်တော်တို့ ကော့မှူးမြို့နယ်က စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်စားသောက်တဲ့ မြို့နယ်ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍတွေမှာခေတ်မီတိုးတက်ဖို့၊ တောင်သူတွေ အသိပညာရဖို့တွေကို အဓိကထားပြီး လုပ်ပေးစေချင်တယ်။ နောက်ပြီး ကျွန်တော်တို့မြို့နယ်က တရားဥပဒေစိုးမိုးရေးမှာလည်း အလွန်အားနည်းတယ်။ ဆင်းရဲတဲ့မြို့နယ်လည်း ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ မြို့နယ်မှာ စက်ရုံ၊ အလုပ်ရုံဆိုတာလည်း တစ်ရုံမှ မရှိတဲ့ အခြေအနေပါ။ အလုပ်အကိုင်ရှားပါးတော့ နယ်တွေထွက်ပြီး အလုပ်လုပ်ရတာတွေရှိသလို ၊ နိုင်ငံရပ်ခြားတွေလည်း သွားလုပ်ကြရတယ်။ ပုံမှန်ဝင်ငွေရစေမယ့် အလုပ်လေးတွေကို မိသားစုနဲ့ မခွဲမခွာရဘဲ ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ဖော်ဆောင်ပေးနိုင်မယ်ဆိုရင် ပိုပြီး အဆင်ပြေပါတယ်။ အခုရွေးတဲ့ ကိုယ်စားလှယ်ကတော့ ဒီလိုကဏ္ဍလေးတွေမှာ သူ လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။

**ကိုမိုးမင်းဇော် (ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်)**

ကျွန်တော်တို့ မြို့နယ်မှာ ကားပါကင်တွေကို စနစ်တကျဖြစ်အောင် တင်ပြပေးစေချင်တယ်။ အထပ်ငါးထပ်လောက်ရှိတဲ့ အဆောက်အအုံဆို ကားက ၁၀ စီးလောက်ရှိတယ်။ ရပ်စရာနေရာမရှိဘူး။ အမြဲတမ်း ပြဿနာတက်နေကြရတယ်။ အဲဒါကြောင့် နေရာသတ်မှတ်ပြီး ကားထားနိုင်ဖို့ ဆောင်ရွက်ပေးစေချင်တယ်။ နောက်ပြီး အလုပ်အကိုင်ရှားပါးတဲ့ အချိန်မှာ ဝမ်းရေးကို ဖြေရှင်းဖို့ လမ်းဘေးဈေးသည်ဆိုတာကတော့ ရှိမှာပါပဲ။ ဒါက နားလည်ပါတယ်။ ဒါပေမယ့် အခုက အချို့လမ်းတွေမှာ စည်းကမ်းမဲ့တွေ ရောင်းနေတာတွေလည်း ရှိတယ်။ လမ်းလျှောက်စရာနေရာတောင် မရှိအောင် ပလက်ဖောင်းတွေအပြည့် ခင်းကျင်းရောင်းချနေတာတွေကြောင့် အများပြည်သူ သွားလာရေး အခက်အခဲတွေလည်း ရှိနေပါတယ်။ စနစ်တကျရောင်းချနိုင်အောင် နေရာသတ်မှတ်ဆောင်ရွက်ပေးဖို့ တင်ပြတာတွေကို ဆောင်ရွက်ပေးစေချင်ပါတယ်။

**ဦးအေးသိန်း (ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်)**

ကျွန်တော်တို့မြို့နယ်မှာ လမ်းတွေကတော့ လမ်းသွယ်လေးတွေကအစ ကောင်းနေပါပြီ။ အဓိကကတော့ ရေနုတ်မြောင်းတွေပါ။ မိုးတွင်းတွေမှာ ရေမဝပ်ရအောင် ဆောင်ရွက်ပေးစေချင်တယ်။ နောက်ပြီး စည်းကမ်းမဲ့အမှိုက်ပစ်တာတွေကြောင့် ရေမြောင်းတွေက ရေစီးရေလာမကောင်းတော့ အရင်နှစ်တွေက ထက် ခြင်တွေ အလွန်များပါတယ်။ အဲဒါတွေက ကျန်းမာရေးအတွက် အဓိကကျပါတယ်။ အဲလိုအရာတွေကို အရေးတကြီး ဆောင်ရွက်ပေးစေချင်ပါတယ်။

**ဦးထိန်လင်း (ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)၊ အမှတ်(၉၄)ရပ်ကွက် ၊ ယုဇနအိမ်ရာ)**

ကျွန်တော်တို့ ယုံကြည်အားကိုးတဲ့သူကို ရွေးချယ်ပြီး မဲထည့်ခဲ့တယ်။ မျှော်လင့်ထားတာကတော့ အားလုံးကောင်းသွားဖို့ပါပဲ၊ လမ်းတွေခင်းပေးမယ်။ မြောင်းတွေဖော်ပေးမယ် အစရှိသဖြင့် ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ကျွန်တော်တို့ ရွေးချယ်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်က တင်ပြဆောင်ရွက်ပေးဖို့လိုပါတယ်။ အားလုံး အေးအေးချမ်းချမ်းအဆင်ပြေရင် ပြည်သူတွေအတွက် လုံလောက်ပါပြီ။

**ဒေါ်စုစုနိုင်(မှီခို)၊ (ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အောင်လှရိပ်သာလမ်း)**

အဓိကအနေနဲ့ ကုန်ဈေးနှုန်းတွေကို ထိန်းညှိပေးစေချင်တယ်။ ပြည်သူတွေရဲ့ ဘဝ လိုအပ်ချက် အသံတွေကို များများနားထောင်ပြီး ပြည်သူ့အကျိုးကို ထောက်ရှု ဆောင်ရွက်ပေးဖို့ပဲ လိုပါတယ်။ ဒါမှလည်း ကျွန်မတို့ရဲ့ ယုံကြည်မှုနဲ့ ထပ်တူကျတဲ့သူတွေဖြစ်မှာပါ။ လတ်တလော အခြေအနေအရဆိုရင် အဓိကကတော့ ကုန်ဈေးနှုန်းကျစေချင်တာပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေရဲ့ဆောင်ရွက်ချက်ဟာ ကျွန်မတို့တင်မကပါဘူး နောင်လာမယ့် မျိုးဆက်သစ်တွေရဲ့ဘဝတွေနဲ့လည်း ဆိုင်တဲ့အတွက် ဒီ့ထက် တိုးတက်ပြောင်းလဲဖို့ အများကြီးမျှော်လင့်ထားပါတယ်။

**ဦးကုလား (ရပ်မိရပ်ဖ)၊ (ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)၊ အမှတ်(၉၄)ရပ်ကွက်၊ စီ(၁၄)လမ်း)**

လွှတ်တော်ကိုယ်စားလှယ်တွေ ဆိုတာကတော့ တိုင်းပြည်အတွက် အလုပ်လုပ်နေကြတဲ့အတွက် အားလုံးကောင်းပါတယ်။ ဒါပေမယ့် အခြေခံလူတန်းစားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်း တွေများများဖန်တီးပေးနိုင်ရင် ပိုကောင်းတယ်။ နောက်တစ်ဆင့်အနေနဲ့ လမ်းပန်းဆက်သွယ်ရေးကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း ပြည်သူ့တာဝန်ကျေအောင် ဆန္ဒမဲနဲ့ ရွေးချယ်ခဲ့ပြီးပြီ။ ကိုယ်စားလှယ်တော်ကြီးတွေ အနေနဲ့ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ပေးဖို့ပဲ လိုပါတော့တယ်။

**ဒေါ်မြင့်မြင့်စန်း (ဈေးသည်)၊ (အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း)**

လွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ ကိုယ်အနိုင်ရရှိခဲ့တဲ့ နယ်မြေရဲ့ လိုအပ်ချက်တွေကို စောင့်ကြည့်ပြီး ဖြည့်ဆည်းပေးစေချင်တယ်။ ကျွန်မတို့ထက် သူတို့ကတော့ ပိုပြီးနားလည်မှာပါ။ အခုဆိုရင်လည်း ရပ်ကွက်ထဲမှာ ရေမြောင်းတွေချဲ့နေတာတွေ ရှိတယ်။ နောက်ထပ်လည်း လိုအပ်တဲ့အပိုင်းတွေကို သူတို့အနေနဲ့ ဆက်လက်ဆောင်ရွက်ပေးစေချင်တယ်။ အခုဆိုရင် ကုန်ဈေးနှုန်းတွေတက်နေတယ်။ ကျွန်မတို့က ဈေးရောင်းတော့ ပိုသိတယ်။ ဒီလိုသာ ဆက်တက်နေရင် ဈေးရောင်းရတာ အဆင်သိပ်မပြေတော့ဘူး။ ဒ့ါကြောင့် ကုန်ဈေးနှုန်းကို အလိုက်အထိုက်ဖြစ်အောင် လုပ်ပေးပြီး စားဝတ်နေရေး ပြေလည်တဲ့ဘဝကို ဖန်တီးပေးစေချင်ပါတယ်။

**ဦးမြင့်ဆွေ(ရေပိုက်လုပ်ငန်း)၊ (အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်)**

ပြည်သူတွေရဲ့လိုအပ်ချက်ဆန္ဒတွေကို နားထောင်ဖြည့်ဆည်းပေးမယ့် ကိုယ်စားလှယ်တွေ ဖြစ်စေချင်တယ်။ နောင်တက်မယ့်ကလေးတွေ ကောင်းစားဖို့လိုတယ်။ ရှင်းရှင်းပြောရရင် ကလေးတွေ ပညာရေးအတွက် အဓိကထားပြီး ဆောင်ရွက်ပေးစေချင်တယ်။ အနာဂတ်လူငယ်တွေကို လမ်းမှားမရောက်အောင်၊ ပညာတတ်ဖြစ်အောင် လုပ်ပေးပြီး လမ်းညွှန်ပေးဖို့လိုပါတယ်။ အိမ်ထောင်ဦးစီးကောင်းစားရင် အကုန်ကောင်းသလိုပါပဲ။ ကျွန်တော်တို့ ရွေးချယ်လိုက်တဲ့ လွှတ်တော် ကိုယ်စားလှယ်တွေက ကျွန်တော်တို့အတွက် အိမ်ထောင်ဦးစီးကောင်းတစ်ယောက် ဖြစ်ဖို့ပဲလိုပါတယ်။ အဲဒီလိုပဲ ခေါင်းဆောင်ကောင်းသလို ပြည်သူတွေအနေနဲ့လည်း နောက်လိုက်ကောင်းတွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါမှလည်း တိုင်းပြည်မြန်မြန်တိုးတက်မှာပါ။

**ဦးအောင်စိုးလှိုင် (အနေ့းယာဉ်လုပ်သား) (ကြည့်မြင်တိုင်မြို့နယ်၊ ဆိတ်ကြီးဦးမြငါးစင်ရပ်ကွက်)**

ကျွန်တော်တို့ ကြည့်မြင်တိုင် တစ်ဖက်ကမ်းမှာ နွေရာသီဆိုရင် သောက်သုံးရေ အတော်ရှားတယ်။ အဲဒီကိစ္စကို ပြေလည်အောင်လုပ်ပေးစေလိုပါတယ်။ အခုလိုရာသီမှာ သောက်ရေက အဓိကပါပဲ၊ သောက်ရေမရရင် ဝယ်သုံးရတော့ ဝင်ငွေနဲ့ ထွက်ငွေ မမျှပါဘူး။ ဒ့ါကြောင့် ရေကိစ္စကို အလေးထားပြီး ဆောင်ရွက်ပေးဖို့ ပြောချင်ပါတယ်။ နောက်တစ်ပိုင်းကတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့ပါပဲ။ များများ မတောင်းဆိုချင်ပါဘူး။ နိုင်ငံတော်ရဲ့ စီးပွားရေး ကောင်းမွန်ဖို့ပဲ မျှော်လင့်ပါတယ်။

**ဦးမောင်မောင်ထွေး (ကုန်သည်)၊ (လသာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၁၉ လမ်း)**

ကိုယ့်မြို့နယ်က ကိုယ်စားလှယ်ဟာ ကိုယ့်မြို့နယ်ကို ကောင်းအောင် လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ပညာရေးစနစ်ကိုလည်း ဒီ့ထက်ပိုပြီး တိုးတက်ပြောင်းလဲအောင် လုပ်ဖို့လိုတယ်။ *စာမျက်နှာ ၇ သို့*

❀ *ကျောဖုံးမှ*

ကျွမ်းကျင်မှုသင်တန်းပေးပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးလျက်ရှိသည်။

ဒေသတွင်းပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ စတင်အကောင်အထည်ဖော်နိုင်ရန် ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ကျောက်ဖြူ၊ ရမ်းဗြဲ၊ စစ်တွေ၊ ပေါက်တောမြို့နယ်များသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးပြီး လိုအပ်သော လမ်းပြုပြင်ခြင်း၊ လျှပ်စစ်မီးတပ်ဆင်ခြင်း၊ နေအိမ်များပြုပြင်ခြင်းနှင့် ဖြည့်ဆည်းဆောင်ရွက်ရန် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဦးဟန်တင်ဦး



ဒေါ်ထိုက်ထိုက်

*စာမျက်နှာ ၆ မှ*

ကျွန်တော်တို့လို မြို့ထဲမှာနေတဲ့သူတွေအတွက်ကတော့ ပတ်ဝန်းကျင်သန့်ရှင်းမှုအတွက် အရင်ဆုံး လုပ်ဆောင်ပေးစေချင်တယ်၊ ဟိုတစ်လောတုန်းကလည်း ပတ်ဝန်းကျင်လမ်းကြား သန့်ရှင်းရေးဆိုပြီး လုပ်ဆောင်သွားတာရှိတယ်၊ ပြီးတော့လည်း မူလအတိုင်း ပြန်ဖြစ်သွားတယ်၊ ဒါတွေကို အမြဲတမ်းစည်းစနစ်တကျ ဖြစ်စေချင်ပါတယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်ရှိတဲ့အချိန်မှာ လွှတ်တော်တက်ပြီးတော့ လွှတ်တော်မရှိတဲ့အချိန်မှာ ကိုယ်ရွေးချယ်ခံရတဲ့ မြို့နယ်တွေကို လေ့လာမှုတွေလုပ်ပြီး လိုအပ်ချက်တွေကို အကောင်းဆုံး ဆောင်ရွက်ပေးစေလိုပါတယ်။

**ဦးဟန်တင်ဦး (လမ်းမတော်မြို့နယ်၊ အမှတ် (၆) ရပ်ကွက် ၊ ၁၄ လမ်း)**

ကျွန်တော်တို့ မြို့နယ်က ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အကောင်းဆုံး လုပ်ဆောင်သွားမယ်လို့ ယုံကြည်ထားတယ်၊ ယုံကြည်ထားတဲ့အတိုင်းလည်း မဲပေးခဲ့တယ်၊ အများနဲ့လုပ်ကိုင်နေရတဲ့ အတိုင်းအတာတစ်ခု ဖြစ်တာကြောင့် အများကြီးတော့ မျှော်လင့်မထားပါဘူး၊ အဲဒီလိုပဲ ကိုယ်စားလှယ်တွေအနေနဲ့ ကျွန်တော်တို့အပေါ်မှာ တတ်နိုင်သလောက် ကြိုးစားလုပ်ဆောင်ပေးရင် ကျေနပ်ပါတယ်၊ ပြောင်းလဲမှုတွေ လိုချင်ရင်တော့ ကျွန်တော်တို့ ကိုယ်တိုင်လည်း စိတ်ဓာတ်တွေ ပြောင်းလဲဖို့လိုတယ်၊ အခြားသော လူမှုရေး၊ စီးပွားရေးနဲ့ တိုင်းပြည် ပြုပြင်ပြောင်းလဲမှုကိုတော့ ကိုယ်စားလှယ်တွေကနေ တစ်ဆင့် ပြောင်းလဲမှုတွေ လုပ်ဆောင်ပေးသွားလိမ့်မယ်လို့ ယုံပါတယ်။

**ဒေါ်ထိုက်ထိုက်(မှီခို)၊ (ဆိပ်ကမ်းမြို့နယ်၊ မော်တင်ရပ်ကွက်)**

ကျွန်မတို့က လူမှုဝန်းကျင်မှာနေတာဆိုတော့ စီးပွားရေး၊ လူမှုရေးတွေ ကောင်းမွန်အောင် လုပ်ပေးဖို့လိုတယ်၊ လွှတ်တော် ကိုယ်စားလှယ်တွေက တစ်ဆင့် ကျွန်မတို့ရဲ့ပတ်ဝန်းကျင်တွေကို တိုးတက်ပြောင်းလဲအောင် လုပ်ဆောင်ပေးသွားဖို့လိုတယ်၊ အဓိကအနေနဲ့ တစ်ယောက်ရှာတဲ့ဝင်ငွေနဲ့ တစ်ယောက်တော့ ကောင်းကောင်းလောက်တဲ့ ဘဝမျိုးတွေ ဖြစ်စေချင်ပါတယ်။

## ပြင်ဆင်သိမှတ်ပါရန်



ဧပြီလ ၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ တွင် ပါရှိသော ဦးဘွဲခိန်း ပုံအစား ယခုပုံအား ဦးဘွဲခိန်းဟု ပြင်ဆင်သိမှတ်ပါရန်နှင့် မှားယွင်းဖော်ပြမိသည့်အတွက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်းနှင့် စာဖတ်သူများအား တောင်းပန်အပ်ပါသည်။

**(စာရေးသူ)**

# အင်းတော်မြို့၌ တားမြစ်စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

**အင်းတော် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့၌ မေ ၃ ရက်က အင်းတော်မြို့နယ်စီ/ခန့်ဥက္ကဋ္ဌ ဦးမြတ်ကိုထွေး ဦးဆောင်၍ ပူးပေါင်းဌာနများ၊ သတင်းမီဒီယာအဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက အင်းတော်မြို့နယ်အတွင်း တားမြစ်စားသောက်ကုန်များရောင်းချမှုမရှိစေရေး၊ အန္တရာယ်ရှိသော စားသောက်ကုန်များ ရောင်းချမှုမရှိစေရေးတို့အတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်းနှင့် နမူနာသိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ သိမ်းဆည်းပစ္စည်းများကို ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်၊ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းဌာနအဖွဲ့နှင့် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အထက(တာမိုးညဲ)ကျောင်း၌ ကျောင်းဆောင်တစ်ခု ပျက်စီး

**တာမိုးညဲ မေ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် တာမိုးညဲမြို့၌ မေ ၂ ရက် ည ၁၁ နာရီခွဲခန့်က မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့သည်။

အဆိုပါ မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် တာမိုးညဲမြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ အထက (တာမိုးညဲ)၌ (၁၅၀ × ၃၀ ×၂၄)ပေ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင် (ဥက္ကာဆောင်)၏ သွပ်မိုးများ၊ ဒိုင်းများ၊ ထုပ်တန်းများ ပြုတ်ထွက်ပျက်စီးခဲ့ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ်သိန်း ၂၀ ခန့်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# အမေရိကန်၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် မြန်မာအမျိုးသမီးဂေါက်သီးရိုက်ကစားသမားများ အောင်မြင်မှုရရှိ




ချန်ပီယံဆုရရှိခဲ့သည့် သင်းဝေခိုင်

**ဖလော်ရီဒါ မေ ၃**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် မြန်မာအမျိုးသမီးဂေါက်သီးရိုက်ကစားသမားများ အောင်မြင်မှုရရှိခဲ့သည်။ မြန်မာအမျိုးသမီးဂေါက်သီးရိုက်ကစားသမားများဖြစ်သော သင်းဝေခိုင်က ချန်ပီယံဆုနှင့် ဝင့်ဖူးနဒီအောင်က ဒုတိယဆုတို့ရရှိခဲ့ခြင်းဖြစ်သည်။

ဧပြီ ၁ ရက်နှင့် ၂ ရက်တွင် Orange Country National Golf Center And Lodge -Crooked Cat ၌ ကျင်းပသည့် FCWT Junior Golf ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်ကစားသမား သင်းဝေခိုင်က အမျိုးသမီး အသက် ၁၃-၁၉ နှစ်တန်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ရက်ပေါင်းရိုက်ချက် ၇၃+၇၀=၁၄၃(-၁) ချက်ဖြင့် ချန်ပီယံဆုရရှိခဲ့သည်။ အသက် ၁၅ နှစ်သာရှိသေးသည့် သင်းဝေခိုင်သည် ဖလော်ရီဒါရှိ Gary Gilchrist Golf Academy တွင် ၂၀၁၆ ဩဂုတ်လမှစ၍ ပညာသင်ကြားနေရင်းမှ လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရာ တတိယမြောက် ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အမျိုးသား ၁၅-၁၉ နှစ်အတန်းတွင် ယှဉ်ပြိုင်ခဲ့သည့် ပြည့်ဖြိုးသူသည် အဆင့် ၂၃ နေရာတွင် ရပ်တည်ခဲ့သည်။

အလားတူ ဧပြီ ၁ ရက်နှင့် ၂ ရက်တွင် The Country Club of Winter Haven ၌ ကျင်းပသော Florida Junior Tour ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သော မြန်မာအမျိုးသမီးဂေါက်သီးရိုက်ကစားသမား ဝင့်ဖူးနဒီအောင်သည် နှစ်ရက်ပေါင်းရိုက်ချက် ၇၂+၇၇=၁၄၉(+၅) ချက်ဖြင့် အမျိုးသမီး ၁၆-၁၈ နှစ်အတန်းတွင် အဆင့် (၂) နေရာ ရရှိခဲ့သည်။

**စိုးညွန့်**

# မြန်မာယူ-၁၉ ဘော်လီဘောအသင်း ကွာတားဖိုင်နယ်တွင် ရှုံးနိမ့်

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၇ အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး အဆင့် ၅/၈ နေရာ လုပ်ပွဲသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကွာတားဖိုင်နယ် ပွဲစဉ်များတွင် တောင်ကိုရီးယားအသင်းက အိမ်ရှင်မြန်မာကို သုံးပွဲပြတ်၊ ဂျပန်အသင်းက တရုတ်(တိုင်ပေ)အသင်းကို သုံးပွဲပြတ်၊ အီရန်အသင်းက ထိုင်းအသင်းကို သုံးပွဲပြတ်၊ တရုတ်အသင်းက သြစတြေးလျအသင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နာမည်ကြီး တောင်ကိုရီးယားအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ၂၅-၁၁ မှတ်၊ ၂၅-၁၄ မှတ်၊ ၂၅-၁၂ မှတ်တို့ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဆီမီးဖိုင်နယ်နှင့် အဆင့် ၅/၈ နေရာလုပ်ပွဲများကို မေ ၄ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲများအဖြစ် ဂျပန်နှင့် တရုတ်၊ တောင်ကိုရီးယားနှင့် အီရန်၊ အဆင့် ၅/၈ နေရာလုပ်ပွဲအဖြစ် မြန်မာနှင့် ထိုင်း၊ သြစတြေးလျနှင့် တရုတ်(တိုင်ပေ) အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် ဒုတိယအဆင့် အုပ်စုတွင် တွေ့ဆုံခဲ့ပြီး မြန်မာအသင်းသည် သုံးပွဲပြတ် ရှုံးနိမ့်ထားသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**




မြန်မာနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်နေစဉ်

# ဒေသအကျိုးဆောင်ရွက်ပေးနိုင်မည်ဟူသော ယုံကြည်ချက်ဖြင့်ရွေးချယ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပြည်သူများ၏မျှော်လင့်စကားသံ

**၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို မေ ၂ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ရွေးချယ်ခံရသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ပတ်သက်၍ မဲပေးရွေးချယ်ခဲ့ကြသော မဲဆန္ဒရှင်ပြည်သူအချို့၏ ဒေသအကျိုးဆောင်ရွက်ပေးနိုင်မည်ဟူသော ယုံကြည်မျှော်လင့်သူများနှင့် တွေ့ဆုံမေးမြန်းမှုအချို့ကို ဖော်ပြလိုက်ရပါသည်-**

**ဦးကိုကိုလွင်(ကျောင်းဆရာ)၊ ကျောက်ကာရွာ၊ မုံရွာမြို့နယ်**



ကျောက်ကာဒေသမှာ အဓိကလိုနေတာက ကျန်းမာရေးအတွက် တိုက်နယ်ဆေးရုံ လိုအပ်နေပါတယ်။ မုံရွာမြို့နဲ့ နီးနေပေမယ့် ကျောက်ကာဝန်းကျင်အတွင်းပိုင်းကျတဲ့ ကျေးရွာဒေသခံတွေအတွက် တိုက်နယ်ဆေးရုံက လိုပါတယ်။ ကျောက်ကာဆည်ကြီး ရှိနေပေမယ့် ရေမရှိလို့ သုံးမရပါဘူး။ ရွာမှာ ကိုယ့်အားကိုယ်ကိုး ရေတူးထားတာရှိပေမယ့် ဆည်တည်ဆောက်ထားတဲ့ ချောင်းရေကသာ သောက်သုံးလို့ကောင်းတာဆိုတော့ ရှိနေတဲ့ဆည်ရေရှိနေရင် ဒေသအတွက် သောက်သုံးရေဖူလုံစေပါတယ်။ ဆည်ထဲရေရှိအောင် လုပ်ပေးဖို့ လိုပါတယ်။

**မျိုးဝင်းထွန်း(မုံရွာ)**

**ဦးမြစိန်အောင် (လုပ်ငန်းရှင်)၊ ဈေးရပ်ကွက်၊ အမ်းမြို့နယ်**

ကြားဖြတ်ရွေးကောက်ပွဲအမြင်ကတော့ ပွင့်လင်းမြင်သာမှုရှိတဲ့ ကြားဖြတ်ရွေးကောက်ပွဲတစ်ခုလို့ ထင်မြင်မိပါတယ်။ မဲဆွယ်စည်းရုံးစဉ်ကာလက ပြောသွားတဲ့ကတိအတိုင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲမဲဆွယ်မှုအပေါ် ပြည်သူကစိတ်ဝင်စားပြီး အခုလိုပဲ အောင်မြင်မှုမဲကို ပေးလိုက်ကြတယ်လို့ထင်ပါတယ်။ အခုထွက်လာတဲ့ရလဒ်အပေါ် ဒေသခံတွေက ယုံကြည်သဘောကျပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာ ရှေ့ကအခြေအနေကိုသုံးသပ်ပြီး မဲပေးမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲရဲ့ရွေးကောက်ပွဲကျင်းပမှုပုံစံက ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နေတာကို မြင်ရပါတယ်။ **(မြို့နယ်ပြန်/ဆက်)**

**ဒေါ်စုစုအေး(တောင်သူ)၊ ညောင်ဇင်ရပ်ကွက်၊ ဖရူဆိုမြို့နယ်**



အခု ကြားဖြတ်ရွေးကောက်ပွဲက တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ စနစ်တကျရှိမှုတွေရှိတယ်လို့ မြင်ပါတယ်။ ဒေသကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တွေက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ ထင်ပါတယ်။ ဒေသခံတွေကလည်း အခုကြားဖြတ်ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုအားနည်းတယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ညောင်ဇင်ရပ်ကွက်မှာ မဲပေးပိုင်ခွင့်ရှိသူ ၆၅၉ ဦးရှိပြီး မဲပေးသူ ပေါင်း ၃၃၇ ဦးပဲ ရှိတာ တွေ့ရတယ်။ ပျက်ကွက်မှုများတာကို ကြည့်ခြင်းအားဖြင့် စိတ်ဝင်စားမှုအားနည်းတာကို တွေ့ရပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲရလဒ်တွေက ဒေသတွင်း ထူးခြားသတင်းမဖြစ်ပါဘူး။ မဲဆွယ်မှုအပေါ် ဘယ်လိုမှ မခံစားရပါဘူး။ ဘယ်ပါတီမှလည်း ကျွန်မဆီ ရောက်မလာပါဘူး။ ဒီဒေသမှာ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) က အားကောင်းတယ်လို့ထင်ပါတယ်။ ပါတီကိုကြည့်ပြီး ရွေးခဲ့တာပါ။ အခုထွက်လာတဲ့ရလဒ်အပေါ် ဒေသခံတွေက ယုံကြည်သဘောကျတယ်လို့ ထင်ပါတယ်။ ၂၀၂၀ မှာ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လုပ်ဆောင်နိုင်မယ့်ပါတီကို ရွေးချယ်မဲပေးသွားမှာပါ။ ၂၀၁၅ ရွေးကောက်ပွဲမှာ အင်တိုက်အားတိုက် စည်းရုံးလှုံ့ဆော်မှုကြောင့် အားရစရာဖြစ်ခဲ့ပြီး အခုကြားဖြတ်မှာ စည်းရုံးလှုံ့ဆော်မှု အားနည်းတယ်လို့ ထင်ပါတယ်။ **(မြို့နယ် ပြန်/ဆက်)**

**ဦးတင်သိန်း (ချောင်းဆုံမြို့နယ်)**

ကျွန်တော်တို့ရွေးချယ်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်လောင်းဟာ ပြည်သူတွေရဲ့ကိုယ်စား ပြည်သူတွေလိုအပ်ချက်ရှိနေတာတွေကိုလွှတ်တော်မှာတင်ပြဖို့ ပြည်သူတွေက ရွေးချယ်လိုက်ကြတာပါ။ ဒါကြောင့် ပြည်သူတွေ အားကိုးထိုက်တဲ့ ကိုယ်စားလှယ်လောင်းဖြစ်ဖို့တော့ လိုအပ်ပါတယ်။ ကျွန်တော်နောက်ဆုံးပြောချင်တာကတော့ ကျွန်တော်တို့ ချောင်းဆုံမြို့နယ်မှာ ပြည်သူတွေလိုအပ်နေတဲ့ ကျန်းမာရေး၊ ပညာရေး၊ လမ်းတံတား၊ အဆောက်အအုံတွေနဲ့ လိုအပ်နေတာတွေကို ချောင်းဆုံမြို့နယ်နေပြည်သူတွေနဲ့ထိတွေ့ပြီး အမှန်တကယ် လိုအပ်နေတာတွေကို အဓိကနဲ့သာမညခွဲပြီး လွှတ်တော်မှာ တင်ပြပေးနိုင်တဲ့ ကိုယ်စားလှယ်လောင်းဖြစ်ပါစေလို့ ကျွန်တော်တို့ ပြည်သူတွေမျှော်လင့်နေကြမှာပါ။ **တင်ထွင်(မော်လမြိုင်)**

**မောင်အာကာထက် (ကျိုင်းတုံမြို့ ဒေသခံလူငယ်)**



ပြည်သူတွေအနေနဲ့ အားတက်သရောပါဝင်တာကို မတွေ့ရပါဘူး။ မဲစာရင်းကတည်းက အခက်အခဲတွေကြုံခဲ့တယ်လို့ ကြားသိရတယ်။

အနိုင်ရကိုယ်စားလှယ်က အရင်က တိုင်းရင်းသားရေးရာဝန်ကြီးဟောင်းလို့ သိရပါတယ်။ အရင်က လုပ်ဆောင်ဖို့ ကျန်ခဲ့တာတွေ လုပ်ဆောင်နိုင်ဖို့ ပြန်လည်ဝင်ရောက်အရွေးခံတယ်လို့လည်း ကြားရပါတယ်။အခု အနိုင်ရရှိသွားတော့ ဒေသအတွက် ဘာတွေများလုပ်ဆောင်ပေးမလဲဆိုတာကို ကျွန်တော်တို့ ဒေသခံလူငယ်တွေအနေနဲ့ စိတ်ဝင်တစား စောင့်ကြည့်နေပါတယ်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

# တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်းများ၌ လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပို့ချဆွေးနွေး

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးဆိုင်ရာ သဘောတရားများကို ပြည်သူလူထုနှင့် အစိုးရအဖွဲ့အစည်းများအတွင်း နားလည်လက်ခံကျင့်သုံးနိုင်စေရေးအတွက် လူ့အခွင့်အရေးမြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းများ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းများမှ တပ်မတော်အရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများ ပို့ချဆွေးနွေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

မတ်လအတွင်း တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ ခြေလျင်တပ်ရင်းမှူးသင်တန်းနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းများတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လည်းကောင်း၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ ခြေလျင်တပ်ရင်းမှူးသင်တန်းနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းများတွင် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက လည်းကောင်း လူ့အခွင့်အရေးဆိုင်ရာ အခြေခံသဘောတရားများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အကြောင်းတို့ကို ရှင်းလင်းပို့ချခဲ့ပြီး သင်တန်းအရာရှိများ၏မေးမြန်းမှုများကို ရှင်းလင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မကွေးမြို့၌ မီးလောင်မှုကြောင့် သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုအား ထောက်ပံ့ငွေပေးအပ်

**မကွေး မေ ၃**

မကွေးမြို့ မြင်သာရပ်ကွက်၌ မေ ၂ ရက် ညပိုင်းက ရွှေမြတ်မင်းသမီး ကေတီဗွီ စားသောက်ဆိုင်မီးလောင်ခဲ့မှုတွင် သေဆုံးခဲ့သူများ၏ ကျန်ရစ်သူမိသားစုအား လူသားချင်းစာနာထောက်ထားမှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေပေးအပ်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မေ ၃ ရက် ညနေ ၅ နာရီခွဲက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးမြင့်စိုးက ထောက်ပံ့ငွေပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး မီးလောင်မှုကြောင့် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသိန်းနှုန်းဖြင့် သေဆုံးသူ ၁၁ ဦး၏ မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ မီးလောင်မှုကြောင့် သေဆုံးသူ လက်ရှိ ၁၅ ဦးရှိပြီး ကျန်လေးဦးအား အမည်၊ လိပ်စာ အမှန်အကန်သိရှိလာပါက ထောက်ပံ့ငွေ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

# အိုးဘိုအနောက်ရပ်ကွက် တွံတေးတူးမြောင်း မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား

**တွံတေး မေ ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဘိုအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်း တွံတေးတူးမြောင်းနံဘေး၌ မေ ၃ ရက် နံနက် ၅ နာရီခွဲခန့်က တွံတေးတူးမြောင်း ဒီရေအတက်အကျနှင့် ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါး အလျားပေ ၁၀၀၊ အနံပေ ၃၀ ခန့် မြစ်ကမ်းပါး ပြိုကျမှုဖြစ်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းပါးပြိုကျမှုနှင့်နီးကပ်သည့် လူနေအိမ်သုံးလုံး လူဦးရေ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ခုနစ်ဦးတို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး လူနေအိမ်သုံးလုံးကို နံနက် ၈ နာရီမှ ၁၂ နာရီအထိ နေအိမ်များ ဖျက်သိမ်း၍ ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ကြသည်။ ယင်းကမ်းပါးပြိုကျမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။ ယခင်ကမ်းပါးပြိုကျမှုကို ရေအရင်းအမြစ် နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ်းထိန်းနံရံများ စတင်ပြုလုပ်ပြီးဖြစ်ကြောင်းလည်း သိရသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ရောက်ရှိ၍ စောင့်ကြည့်လျက်ရှိသည်။ **မျိုးလှိုင်(တွံတေး)**



## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် မေ ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။ **(မိုး/ဇလ)**

# အားနည်းသောဥပဒေ၊ ဆင်းရဲမွဲတေမှုတို့ကြောင့် ကလေးလုပ်သားများနှိပ်စက်ခံနေရ

## နိုင်ငံအနှံ့ အန္တရာယ်ရှိလုပ်ငန်းခွင်များတွင် ကလေးလုပ်သားတို့ လုပ်ကိုင်နေကြပြီး နှိပ်စက်ညှဥ်းပန်းခံရသည့် ကလေးများလည်းရှိနေသည်

**အိချယ်ရီအောင် / Myanmar Now**

ရန်ကုန်တွင် အလုပ်လုပ်နေသည့် ၁၂ နှစ်သမီး မထက်ထက်ဇော်ကို အလုပ်ရှင်က ညှဥ်းပန်းနှိပ်စက်သဖြင့် ရဲတပ်ဖွဲ့က ကယ်တင်ထားရသည်ဆိုသည့် သတင်းကြောင့် မိခင်ဖြစ်သူ ဒေါ်အေးခိုင် တုန်လှုပ်သွားသည်။

“အခင်းဖြစ်တဲ့ မနက် ၄ နာရီထိုးလောက်က ရန်ကုန်က လူတွေ လှမ်းဖုန်းဆက်တာ။ ဖုန်းရတော့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေတာ။ ချက်ချင်းလာချင်ပေမယ့် အဲဒီအချိန်ကကားမရှိတော့ ညနေအထိစောင့်ပြီးမှ လာရတာ”ဟု မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်နေ ဒေါ်အေးခိုင်က ပြန်ပြောင်းပြောပြသည်။

တတိယတန်းကျောင်းသူ မထက်ထက်ဇော်ကို ကျောင်းဆက်လက်ထားရန် အခက်အခဲရှိခြင်းကြောင့် ရန်ကုန်၊ အောင်မင်္ဂလာအဝေးပြေးကားဝင်း၊ မုံရွာလမ်းရှိ “ဆွေညီနောင် ” စတိုးဆိုင်၌ လစာသုံးသောင်းခွဲဖြင့်လုပ်ကိုင်ရန် လွှန်ခဲ့သည့် ခုနစ်လက စေလွှတ်ထားခဲ့သည်။

“အလုပ်လုပ်ရတာ အဆင်ပြေတယ်။ ပျော်တယ်။ ဒီအိမ်မှာပဲနေမယ်လို့(သမီးကဖုန်းထဲမှာ) အမြဲပြောတယ်။ အဲ့ဒီစကားကိုယုံကြည်မိတာ ကျွန်မသိပ်မှားသွားတယ်” ဟု ၃၉ နှစ် အရွယ် ဒေါ်အေးခိုင်ကပြောပြသည်။

စတိုးဆိုင်တွင်မူ မထက်ထက်ဇော်သည် သူ့ထက်ငယ်ရွယ်သည့် အခြားကလေးတစ်ယောက်နှင့်အတူ နံနက် ၇ နာရီမှ ည ၁၁ ခွဲအထိ အလုပ်လုပ်ခဲ့ရသည်။ ဈေးဆိုင်ခင်းခြင်း၊ သန့်ရှင်းရေး၊ အလုပ်ရှင်၏ နှစ်နှစ်အရွယ် ကလေးအဝတ်များလျှော်ဖွတ်ခြင်း၊ အိုးခွက်ပန်းကန်ဆေးကြောခြင်းတို့သည် ၎င်းတို့၏နေ့စဉ်လုပ်ငန်းများတွင် ပါဝင်သည်။

“ဖုန်သုတ်ရင်းနဲ့ မုန့်တွေကြေကုန်ရင်လည်း အရိုက်ခံရတယ်။ အလုပ်ရှင်က သူတစ်နေကုန်ပင်ပန်းနေရင်လည်း သမီးကိုမဲပြီး ရိုက်တယ်။ သူအများဆုံးရိုက်တဲ့နေရာတွေက ကျောကုန်းတွေ၊ မျက်နှာတွေ၊ ခေါင်းတွေပါ။ ရိုက်လို့ငိုရင် အသံထွက်လို့ဆိုပြီး ပိုပြီးတော့ရိုက်တယ်။ နောက်ပိုင်းကျတော့ အရိုက်ခံရရင်တောင် အသံထွက်ပြီး မငိုရဲတော့ဘူး၊ သူပိုရိုက်မှာ ကြောက်လို့ပါ။ ‘နင်တို့ကို သတ်ပစ်လိုက်လို့ရတယ် ၊ နင်တို့အမေတွေက ပိုက်ဆံပဲ လိုတာ၊ နင်တို့အမေက ပိုက်ဆံပုံပေးလိုက်ရင်ရတယ်’ ဆိုတဲ့ စကားကို အမြဲတမ်းပြောတယ်” ဟု မထက်ထက်ဇော်က ပြောသည်။

“တကယ်တော့ မေမေဖုန်းဆက်တိုင်း သမီး ဒီမှာနေရတာ အဆင်မပြေဘူးလို့ ပြောချင်တယ်။ ဒါပေမယ့် အလုပ်ရှင်က ဖုန်းပြောတိုင်း ဘေးမှာထိုင်နားထောင်နေတော့ သူ့ကို ကြောက်လို့ အမှန်အတိုင်းမပြောရဲတာ” ဟု ၎င်းက ဖွင့်ဟဝန်ခံသည်။

သူ၏လုပ်ဖော်ကိုင်ဖက် ၁၀ နှစ်အရွယ် မမေသဇင်မှာ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှဖြစ်ပြီး စတိုးဆိုင်သို့ ရောက်လာသည်မှာ တစ်လကြာပြီ ဖြစ်သည်။

ယခုအခါ အသက် ၄၀ အရွယ် စတိုးဆိုင်ပိုင်ရှင် ဒေါ်ဖြူဖြူထွန်းခေါ် ဒေါ်ငယ်ကို ရာဇသတ်ကြီးပုဒ်မ ၃၂၅/၃၂၆ (အပြင်းအထန်နာကျင်စေမှု) တို့ဖြင့် အမှုဖွင့်ဖမ်းဆီးကာ တရားစွဲဆိုရန် ပြင်ဆင်နေသည်ဟု မင်္ဂလာဒုံမြို့မရဲစခန်းမှ ရဲအုပ်ရန်အောင်က ပြောသည်။ ထိုပုဒ်မများသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက တစ်သက်တစ်ကျွန်းအထိ ထောင်ဒဏ်ချမှတ်ခံရနိုင်ကြောင်း ရာဇသတ်ကြီးတွင် ဖော်ပြထားသည်။

မထက်ထက်ဇော်တို့ဖြစ်ရပ်သည် မြန်မာနိုင်ငံ၌ ညှဥ်းပန်းနှိပ်စက်ခံရသည့် ပထမဆုံးသော ကလေးအလုပ်သမား အမှုမဟုတ်ပါ။ ယမန်နှစ်ကလည်း ရန်ကုန်မြို့ အင်းဝအပ်ချုပ်ဆိုင်၌ အလုပ်လုပ်ကိုင်သောကလေးငယ်နှစ်ဦးကို ဆိုင်ပိုင်ရှင်များက ညှဥ်းပန်းနှိပ်စက်ခြင်း၊ ကျွန်ပြုခြင်းသတင်းများ ပေါ်ထွက်လာပြီး အာဏာပိုင်တို့က ထိုအမှုကို အရေးယူဆောင်ရွက်လျက်ရှိသည်။

### တိုင်ကြားခြင်း

လုပ်ငန်းခွင်တွင် နေထိုင်လုပ်ကိုင်ရသည့် ကလေးလုပ်သားများအနေဖြင့် တစ်နေ့လျှင် ၁၆ နာရီထက် ကျော်လွန်လုပ်ကိုင်နေရကြောင်း၊ အချို့ကလေးငယ်များဆိုလျှင် အိပ်ချိန် တစ်နေ့ ၃ နာရီခန့်သာရှိသည့်အခြေအနေများပင်ရှိကြောင်း လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ပြောကြားသည်။

နိုင်ငံအတွင်း ၂၀၁၅ ခုနှစ်က ကောက်ယူခဲ့သည့် အလုပ်သမားအင်အားစစ်တမ်းအရ ကလေးအလုပ်သမား ၁ ဒသမ ၁ သန်းကျော်ရှိပြီး ၎င်းတို့အနက် ၆၀၀၀၀၀ မှာ အန္တရာယ်ရှိလုပ်ငန်းခွင်၌ လုပ်ကိုင်နေရကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့တို့နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) တို့ ပူးပေါင်းပြုစုထုတ်ဝေသည့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ၂၀၁၅ -အဓိကကျသောအချက်အလက်များနှင့် စာရင်းအင်းများစာအုပ်တွင် ဖော်ပြထားသည်။

ကလေးငယ်များကိုမည်သည့်နေရာတွင်မှ စေခိုင်းခြင်း ခွင့်မပြုသင့်ကြောင်း လူ့အခွင့်အရေးပညာပေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ညီမျှခြင်းမြန်မာအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးမင်းက ပြောကြားသည်။

“အခုက…ထမင်းစားကျွန်ခံဆိုတဲ့ သဘောမျိုးနဲ့ လုပ်ထားတာဖြစ်တယ်။ ကလေးတွေကိုခိုင်းစေရတဲ့သဘောက ကလေးကို တတ်နိုင်သလောက် ထိန်းချုပ်နိုင်တယ်။ ရိုက်နိုင်တယ်။ ဖိနှိပ်နိုင်တယ်ဆိုတဲ့ အစွဲတွေကြောင့်လည်း ဖြစ်ပါတယ်။ …ဆိုးရွားတဲ့ ကိစ္စကတော့ မကျေနပ်ရင် ရိုက်တာတွေ၊ နှိပ်စက်တာတွေက ကလေးငယ်မို့လို့ ပိုပြီးတော့ခံရတဲ့အရာတွေဖြစ်တယ်။ အိမ်ထဲမှာ ငရဲကျနေသလိုသဘောမျိုးဖြစ်တဲ့ဟာကို ဘယ်လိုမှ အလုပ်အဖြစ် မသတ်မှတ်နိုင်ပါဘူး” ဟု ၎င်းက ဆိုသည်။

အလုပ်သမားအဖြစ် စေခိုင်းမယ်ဆိုရင် သူ့ရဲ့လုပ်ရမယ့် အလုပ်က ဘာလဲ၊ ခံစားခွင့်က ဘာလဲ ဆိုတာကို အစောကြီးကတည်းက ပွဲစားကတစ်ဆင့်၊ ကုမ္ပဏီကတစ်ဆင့် လုပ်ဆောင်တဲ့ အရာမျိုးရှိဖို့လိုအပ်တယ်” ဟု ဦးအောင်မျိုးမင်းက ရှင်းပြသည်။

အလုပ်အကိုင်ပွဲစားများအနေဖြင့်လည်း မိမိတို့ပိုက်ဆံရရေးကိုသာ အဓိကမထားဘဲ ကလေးအလုပ်သမားများအတွက် ကောင်းမွန်လုံခြုံသော ပတ်ဝန်းကျင်လုပ်ငန်းခွင်ဖြစ်ရေး လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ အလုပ်ရှင်များအနေဖြင့်လည်း ညှာတာထောက်ထားတတ်သည့် စိတ်ဓာတ်များရှိမှသာ လျှင် လူအချင်းချင်းနှိပ်စက်ခြင်းကင်းဝေးမည်ဖြစ်ကြောင်း ဦးအောင်မျိုးမင်းက ပြောကြားသည်။

ILO အဖွဲ့၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး စီမံချက်၏စီမံကိန်းအရာရှိ ကိုစောဆာကပေါ်ကလည်း ကလေးများကို ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ညှဥ်းပန်းနှိပ်စက်မှုများလည်းရှိကြောင်း ပြောသည်။

ကလေးလုပ်သားအသုံးပြုခြင်းကြောင့် လုပ်ငန်းရှင်များ၏ စီးပွားရေးပုံရိပ်ကိုထိခိုက်စေနိုင်ကြောင်း၊ ဆင်းရဲခြင်းသံသရာကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် အလုပ်သမားခေါ်ယူရာတွင် အသက်အရွယ်နှင့်ပတ်သက်ပြီး သေချာစိစစ်ရန်၊ အလုပ်သမားဥပဒေအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က ပြစ်မှုကျူးလွန်သူကို ထိထိရောက်ရောက်၊ ပြင်းပြင်းထန်ထန်အရေးယူသင့်ကြောင်း ပြောသည်။

“ကလေးသူငယ်တွေကိုနှိပ်စက်ရင် ဒီလိုပြင်းပြင်းထန်ထန် အရေးယူမယ်ဆိုတာကို ကြေညာပေးဖို့လိုအပ်ပါတယ်။ သတင်းစာ၊ ဂျာနယ်တွင်မကဘဲ တခြားနည်းလမ်းနဲ့ တီဗွီအစီအစဉ်တို့ ဘာတို့ကနေလည်း ကြေညာဖို့လိုပါတယ်။ ရုပ်သံဇာတ်လမ်းတွဲတွေကြားမှာကြော်ငြာထည့်သလို ဒီလိုလုပ်တဲ့အတွက် ဒီလောက်ထိပြင်းပြင်းထန်ထန် အရေးယူခံရတယ်ဆိုတာကို သိအောင် ထုတ်ပြန်ကြေညာသင့်ပါတယ်။ နှိပ်စက်တတ်သူတွေက တီဗွီကြည့်နိုင်တဲ့ လူတန်းစားတွေပါပဲ” ဟု ဦးယုလွင်အောင်က ဆိုသည်။

“တကယ့်အရင်းအမြစ်က ဆင်းရဲမွဲတေမှုပါ။ အသိဉာဏ်နည်းပါးမှုပါ။ …ကိုယ့်သားသမီးကို ကျွန်ဖြစ်အောင်တော့ ဘယ်မိဘကမှ မပို့ချင်ဘူး။ မပို့လို့ကလည်း ကိုယ်ဝမ်းနာကိုယ်သာသိသလို ဆင်းရဲလွန်းအားကြီးလို့ ဘယ်လိုမှစားစရာမရှိလို့ ပို့ရှာတာပါ” ဟု သူက ဆိုသည်။

မိဘများဆင်းရဲမွဲတေခြင်းကြောင့် သားသမီးကို ကျောင်းမထားနိုင်ပါက နိုင်ငံတော်ကတာဝန်ယူ၍ ကျောင်းထားပေးသင့်ကြောင်း၊ ဆင်းရဲမွဲတေမှု မည်သို့လျှော့ချမည်ကို အစိုးရအနေဖြင့် အသေအချာစဉ်းစားကြိုးပမ်းသင့်ကြောင်း ဦးယုလွင်အောင်က ထောက်ပြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်စာပေါင်းများစွာ ရောက်ရှိသော်လည်း ကလေးသူငယ်အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်သည့် စာမှာ အင်မတန်ရှားပါးကြောင်းသူက ဆက်ပြောသည်။

> **“ကလေးသူငယ်တွေကိုနှိပ်စက်ရင် ဒီလို ပြင်းပြင်းထန်ထန် အရေးယူမယ်ဆိုတာကို ကြေညာပေးဖို့ လိုအပ်ပါတယ်။ သတင်းစာ၊ ဂျာနယ်တွင်မကဘဲ တခြားနည်းလမ်းနဲ့ တီဗွီအစီအစဉ်တို့ ဘာတို့ကနေလည်း ကြေညာဖို့ လိုပါတယ်။ ရုပ်သံဇာတ်လမ်းတွဲတွေကြားမှာ ကြော်ငြာထည့်သလို ဒီလိုလုပ်တဲ့အတွက် ဒီလောက်ထိ ပြင်းပြင်းထန်ထန် အရေးယူခံရတယ်ဆိုတာကိုသိအောင် ထုတ်ပြန်ကြေညာသင့်ပါတယ်။ နှိပ်စက်တတ်သူတွေက တီဗွီကြည့်နိုင်တဲ့ လူတန်းစားတွေပါပဲ”**

“အင်းဝအပ်ချုပ်ဆိုင်မှာ နှိပ်စက်ခံရတဲ့ ကလေးမလေးနှစ်ဦးဖြစ်စဉ်ဆိုရင်လည်း ကာယကံရှင်က တိုင်တာမဟုတ်ဘူး။ တခြားအမှုတွေကျတော့လည်း သူတို့လာတိုင်တာမဟုတ်ဘဲ ကျွန်တော်တို့အနေနဲ့ လူမှုကွန်ရက်ကတစ်ဆင့်တွေ့ပြီး လိုက်ပါဆောင်ရွက်ပေးတာပါ။ ကလေးကလည်း သူ့ဘာသာသာမတိုင်တတ်ဘူး။ ကလေးအတွက် တိုင်ပေးဖို့လည်း လူတွေက သိပ်စိတ်မဝင်စားဘူး၊ ကလေးတွေက နစ်နာနေတာပေါ့” ဟု ဦးယုလွင်အောင်က ဆိုသည်။

### ဥပဒေပြဋ္ဌာန်းရေး၊ ပညာပေးရေး

၁၉၉၃ ခုနှစ် ကလေးသူငယ်အခွင့်အရေးဥပဒေမှာ ခေတ်နှင့် လျော်ညီမှု မရှိတော့ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကလေးသူငယ်ဥပဒေကို ပြန်လည်ရေးဆွဲထားကြောင်း၊ ဥပဒေမူကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်းမပြုရသေးကြောင်း ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါက်တာမြသောင်းက ပြောသည်။

ဥပဒေတွင် ကလေးလုပ်သားများနှင့် ပတ်သက်၍ တိကျသည့် အသက်အပိုင်းအခြား၊ လုပ်ကိုင်ရမည့်လုပ်ငန်းအမျိုးအစား၊ အလုပ်ချိန်၊ အိပ်ချိန်၊ အနားပေးရမည့်ရက်များအပြင် အချိန်ပိုင်းပညာသင်ကြားခွင့် စသည့်အချက်များကိုလည်း တိတိကျကျသတ်မှတ်ပြဋ္ဌာန်းပေးရန် လိုအပ်ကြောင်း ထောက်ပြပြောဆိုသည်။

“အလုပ်ချိန်ကို အချိန်အကန့်အသတ်လုပ်ပေးရမယ်။ ဘေးအန္တရာယ်ရှိတဲ့လုပ်ငန်းတွေ သားသတ်ရုံတို့ ဘာတို့ဆိုရင်လည်း ကလေးငယ်တွေကို တိရစ္ဆာန်ကတစ်ဆင့် ကူးစက်တဲ့ ရောဂါမျိုးတွေမဖြစ်အောင်၊ အန္တရာယ်ရှိတဲ့လုပ်ငန်းခွင်မှာ မခိုင်းဖို့လိုပါတယ်” ဟု လွှတ်တော်၏ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီမှ ဥက္ကဋ္ဌလည်းဖြစ်သည့် ဒေါက်တာမြသောင်းက ဆိုသည်။

ဥပဒေပြဋ္ဌာန်းပြီးပါကလည်း ကလေးလုပ်သားများကို ခေါ်ယူခိုင်းစေသည့် အလုပ်ရှင်များက မည်သို့ပြုမူဆက်ဆံသည်၊ မည်သို့ထားရှိသည်များကိုသိရှိနိုင်ရန်အတွက် တာဝန်ရှိသူများက အပတ်စဉ်၊ လစဉ်စစ်ဆေးမှုများ ပုံမှန်ပြုလုပ်သင့်ကြောင်း ဦးယုလွင်အောင်က ပြောသည်။

“အခုက မိဘကလည်း တိတ်တိတ်ကလေးလာပို့၊ အလုပ်ရှင်ကလည်း တိတ်တိတ်ကလေးလက်ခံတော့ လူမသိ သူမသိ နှိပ်စက်ခံနေရတာပေါ့။ တစ်လတစ်ကြိမ် ဒီကလေးကို ခေါ်တွေ့မယ်ဆို ဘာမှလုပ်လို့မရဘူး၊အလွန်ဆုံးနှိပ်စက်ခံရရင် တစ်လပေါ့။ နောက်တစ်လဆိုတန်းပေါ်မှာပဲ။ ကလေးသူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေတွေလုပ်ရမယ်။ အိမ်ဖော်ဥပဒေတွေ ရေးရမယ်။ အဲ့ဒါဆိုရင်တော့ ဒီပြဿနာတွေ တော်တော်လေးကို လျော့နည်းသွားမယ်လို့ထင်ပါတယ်” ဟု သူက ဆိုသည်။

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အနေဖြင့် ကလေးသူငယ်အခွင့်အရေးကို အလုပ်ရှင်များသိရှိစေရန် ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ လက်ကမ်းစာရွက်များဝေခြင်းတို့ကို ပြုလုပ်သင့်ကြောင်း ၎င်းက အကြံပြုသည်။

ဦးအောင်မျိုးမင်းကလည်း ကလေးသူငယ်များအနိုင်ကျင့်ခံရပါက တိုင်ကြားနိုင်မည့် နည်းလမ်းများကို ရပ်ကွက်များအတွင်း အသိပညာပေးခြင်းမျိုးပြုလုပ်သင့်ကြောင်း၊ တိုင်ကြားနိုင်သည့် ယန္တရားများလည်းရှိရန်လိုအပ်ကြောင်း ပြောကြားသည်။

“ကျွန်တော်တို့ဆီမှာက တိုင်ကြားနိုင်ဖို့ ယန္တရားတွေက အလွန်အားနည်းနေတုန်းပါပဲ။ ရှိနေတဲ့ လူ့အခွင့်အရေးကော်မရှင်တောင်မှ သိပ်ပြီးတော့ လူတွေက အားမကိုးကြဘူးဆိုတာ တွေ့နေရတယ်” ဟု ၎င်းက ဆိုသည်။

ရန်ကုန်အဝေးပြေးကားဂိတ်စတိုးဆိုင်တွင် မထက်ထက်ဇော်နှင့် အတူတကွ ညှဥ်းပန်းနှိပ်စက်ခံခဲ့ရသူ မမေသဇင်ကိုလည်း ၎င်း၏ဖခင် ဦးဇော်မင်းနိုင်က တစ်ပါးသူထံတွင် အလုပ်လုပ်ခိုင်းရန် တွန့်ဆုတ်နေသည်။ အခြားတစ်ဖက်တွင်လည်း ကလေးငယ်ရရှိမည့် လုပ်ခလစာကမိသားစုအတွက် အထောက်အကူဖြစ်နေသည်။

“အကြောင်းမသိတဲ့ အိမ်ကိုတော့ မလွှတ်ရဲတော့ပါဘူး။ ကလေးတွေ အလုပ်လုပ်တာနဲ့ပတ်သက်ပြီး ခိုင်းဖို့ယုံကြည်ချက်မရှိတော့ပါဘူး။ ကိုယ်ယုံကြည်စိတ်ချရမယ့်နေရာဆိုရင်တော့ တစ်မျိုးပေါ့” ဟု ဦးဇော်မင်းနိုင်က ပြောလိုက်သည်။ ။

---

## ဂန့်ဂေါမြို့နယ်၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့

**ဂန့်ဂေါ မေ ၃**

ဂန့်ဂေါမြို့နယ် လယ်ကြီး၊ ဟံသာဝတီ၊ ကုက္ကားနှင့် နမ်းခါးကျေးရွာများတွင် မတ် ၂၅ ရက်က လေပြင်းတိုက်ခတ်ခဲ့ရာ လယ်ကြီးကျေးရွာ၌ လူနေအိမ် ခုနစ်လုံး၊ ဟံသာဝတီကျေးရွာ၌ နေအိမ် ၁၈ လုံး၊ ကုက္ကားကျေးရွာ၌ နေအိမ်ခြောက်လုံး၊ နမ်းခါးကျေးရွာတွင် နေအိမ်လေးလုံးတို့ အမိုးများ ပျက်စီးသွားခဲ့သည်။

အဆိုပါလေဘေးသင့်မိသားစုများထံ မေ ၃ ရက် နံနက်က ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် တာဝန်ရှိဌာနဆိုင်ရာများက လေဘေးသင့်မိသားစုများထံ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

## ထိုင်းနိုင်ငံတောင်ပိုင်းလုံခြုံရေးဂိတ်တစ်ခုကို သေနတ်သမားများပစ်ခတ်

**ဗန်ကောက် မေ ၃**

သေနတ်သမားများက ထိုင်းနိုင်ငံတောင်ပိုင်းလမ်းလုံခြုံရေးဂိတ်တစ်ခုကို ပစ်ခတ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဗန်ကောက်မြို့တောင်ဘက် ၁၁၀၀ ကီလိုမီတာခန့်အကွာ ယာလာပြည်နယ် ခရွမ်ပီနန်ခရိုင် လုံခြုံရေးဂိတ်တစ်ခုမှ ရဲတပ်ဖွဲ့ဝင်များကို အမည်မသိသေနတ်သမားများက ညသန်းခေါင်အချိန်တွင် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များအနက် နှစ်ဦးမှာ သေနတ်ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး နီးစပ်ရာဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ပစ်ခတ်မှုပြုလုပ်သွားသည့်သေနတ်သမားများကို ယခုအချိန်အထိ ဖမ်းဆီးနိုင်ခြင်းမရှိသေးဘဲ လွတ်မြောက်နေကြောင်း သိရသည်။

နာရာသီဝပ်ပြည်နယ်ရှိ ရဲစခန်း တိုက်ခိုက်ခံရပြီးနောက်ပိုင်းတွင် ယခုကဲ့သို့ အစိုးရတပ်ဖွဲ့ဝင်များကို သေနတ်သမားများက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

## အိုင်ယာလန်ဆိပ်ကမ်း၌ ကုန်သေတ္တာတင်ယာဉ်ဖြင့် ခိုးဝင်လာသူ ၁၄ ဦးကိုတွေ့ရှိ

**ဒဗ္ဗလင် မေ ၃**

အိုင်ယာလန်နိုင်ငံ ရော့လာရီဆိပ်ကမ်း၌ ယမန်နေ့က ကုန်သေတ္တာအတွင်း ပုန်းခိုလိုက်ပါလာသော နိုင်ငံခြားသား ၁၄ ဦးကိုတွေ့ရှိခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးအရာရှိများက ပြောကြားခဲ့သည်။

အော့စကာဝိုင်ဖရီသင်္ဘော၌ တင်ဆောင်လာသော ကုန်သေတ္တာယာဉ်အတွင်း အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များက ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပုန်းခိုလိုက်ပါလာသူများသည် အာဖဂန်နစ္စတန်နှင့် အီရန်နိုင်ငံတို့မှဖြစ်မည်ဟု ခန့်မှန်းရသည်။

လူဝင်မှုကြီးကြပ်ရေးအရာရှိများက ပုန်းခိုလိုက်ပါလာသူများကို ရွှေ့ပြောင်းဒုက္ခသည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဆင်ဟွာ)

## ဂျပန်သံအမတ်အား တောင်ကိုရီးယားသို့ ပြန်လည်စေလွှတ်ရန်ပြင်ဆင်

**တိုကျို မေ ၃**


ဂျပန်နိုင်ငံသည် နိုင်ငံအတွင်းရှိ ဂျပန်သံအမတ်အား တောင်ကိုရီးယားသို့ပြန်လည်စေလွှတ်ရန် ပြင်ဆင်လျက်ရှိကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကီရှီဒါက ပြောကြားခဲ့သည်။

စစ်ပွဲကာလအတွင်းက အမျိုးသမီးများအား နှစ်သိမ့်အားပေးမှုကို ရည်ညွှန်းသည့် အထိမ်းအမှတ်ရုပ်တုကိစ္စရပ်နှင့် ပတ်သက်၍သံတမန်ရေးရာ အဆက်အသွယ်ပြတ်တောက်မှု သုံးလကြာဖြစ်ပွားခဲ့ပြီးနောက်တွင် နိုင်ငံခြားရေးဝန်ကြီးက သံတမန်ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ဂျပန်သံအမတ် ဘူဆန်ယာဆူဟီရို မိုရီမိုတိုရှိ ယာဆူမာဆာနာဂါမိနီနှင့် ကောင်စစ်ဝန်ချုပ်တို့ကို မေ ၄ ရက်တွင် တောင်ကိုရီးယားသို့ စေလွှတ်မည်ဖြစ်ကြောင်း ကီရှီဒါက မေ ၃ ရက်က ပြောကြားခဲ့သည်။

ကီရှီဒါက ဆက်လက်ပြောကြားသည်မှာ အစိုးရအဖွဲ့သည် ဖြုတ်ချခံ တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွမ်ဟေးကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီးနောက်တွင် တောင်ကိုရီးယားနိုင်ငံ၏ အာဏာလွှဲပြောင်းရေး ကိစ္စရပ်များအတွက် သံအမတ်များကို ပြန်လည်စေလွှတ်ရခြင်းဖြစ်သည်ဟု ဆိုသည်။ လာမည့် မေ ၉ ရက်တွင် ကျင်းပမည့် တောင်ကိုရီးယားသမ္မတ ရွေးကောက်ပွဲ၏ လွှမ်းမိုးမှုကြောင့် သံတမန်များကို ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်ကြောင်း ကီရှီဒါက ပြောကြားခဲ့သည်။

လာမည့် တောင်ကိုရီးယား အစိုးရအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံသည် သတင်းအချက်အလက် ရယူစုဆောင်းမှုကို အားပေးထောက်ခံသွားရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် တောင်ကိုရီးယားနှင့် ဂျပန်နှစ်ဖက်စလုံးသည် မြောက်ကိုရီးယားအရေးကို ကိုင်တွယ်ဖြေရှင်းရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်ဟု ၎င်းကထုတ်ဖော်ပြောကြားခဲ့သည်။



ဂျပန်သံအမတ် ယာဆူ မာဆာနာဂါမိနီ

သံအမတ် နာဂါမိနီသည် တောင်ကိုရီးယားသမ္မတအဖြစ် ခေတ္တတာဝန်ယူဆောင်ရွက်နေသည့် ဝန်ကြီးချုပ် ခွမ်ကျိုအန်းအား အမျိုးသမီးများကို နှစ်သိမ့်ရေးနှင့်ပတ်သက်သည့်နှစ်နိုင်ငံသဘောတူညီမှုကို ရေရှည်ဆက်လက်ထိန်းသိမ်းလိုက်နာရန်နှင့် ယင်းသဘောတူညီချက်ကို နောက်အစိုးရအထိ ဆက်လက်လက်ဆင့်ကမ်းသယ်ဆောင်သွားရန် တိုက်ရိုက်တိုက်တွန်းပြောဆိုရလိမ့်မည်ဖြစ်ကြောင်း ကီရှီဒါက ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## ပါကစ္စတန်တောင်ပိုင်း၌ စက်လှေမှောက်၊ လေးဦးသေဆုံးပြီး အချို့ပျောက်ဆုံးနေ

**အစ္စလမ္မာဘတ် မေ ၃**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း နော်ရှာရိုဖာရိုဆီခရိုင်၌ ယနေ့နံနက်ပိုင်းက စက်လှေတစ်စင်းတိမ်းမှောက်ခဲ့ရာ အနည်းဆုံး လေးဦးသေဆုံးခဲ့ပြီး ၁၆ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်းဌာနတစ်ခုတွင် ဖော်ပြခဲ့သည်။

အလုပ်သမားများလိုက်ပါလာသည့် စက်လှေသည် အိန္ဒုမြစ်အတွင်းခုတ်မောင်းနေစဉ် နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ် ကေတီဗာဂီယန်ဒေသ၌ တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း သိရသည်။ ကယ်ဆယ်ရေးသမားများက အလောင်းလေးလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးနေသူ ၁၆ ဦးကို ရှာဖွေလျက်ရှိသည်။


စက်လှေတိမ်းမှောက်သည့်အကြောင်းကို မသိရသေးသော်လည်း ယခုဖြစ်စဉ်သည် ၂၀၁၇ ခုနှစ်အတွင်း အိန္ဒုမြစ်၌ ဒုတိယအကြိမ် စက်လှေတိမ်းမှောက်မှုဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောလကလည်း ဘုရားဖူးစက်လှေတစ်စင်းတိမ်းမှောက်ခဲ့ရာ လူ ခုနစ်ဦးသေဆုံးခဲ့သေးကြောင်း သိရသည်။ အိန္ဒုမြစ်ကြောင်းတစ်လျှောက်၌ နေထိုင်သူများသည် ရေလမ်းကိုသာ အားထားသွားလာနေရသောကြောင့် လည်းကောင်း၊ ဝန်ဆောင်မှုညံ့ဖျင်းမှုကြောင့်လည်းကောင်း ယခုကဲ့သို့ ရေယာဉ်များ မကြာခဏတိမ်းမှောက်ရခြင်းဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)



## စိန့်ပီတာစဘတ်မြေအောက်ရထားဘူတာ၌ ပေါက်ကွဲမှုဖြစ်ပွား၊ ၁၀ဦးသေဆုံး



**စိန့်ပီတာစဘတ် မေ ၃**

စိန့်ပီတာစဘတ်မြေအောက်ရထားဘူတာရုံရှိ ရထားတွဲနှစ်ခု၌ တနင်္လာနေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရုရှားအာဏာပိုင်များက ပြောကြားခဲ့သည်။

ဘီလာရုခေါင်းဆောင် အလက်ဇန္ဒားလူကာရှန်ကိုနှင့် တွေ့ဆုံရန် စိန့်ပီတာစဘတ်သို့ရောက်ရှိနေသည့် ရုရှားသမ္မတ ဗလာဒီမာပူတင်က ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို ရှင်းရှင်းလင်းလင်းသိရခြင်းမရှိသေးကြောင်းနှင့် အမှုမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းအနေဖြင့် ပေါက်ကွဲမှုနှင့်ပတ်သက်၍ အကြမ်းဖက်မှုအပါအဝင် ဖြစ်နိုင်ခြေရှိသည့်အရာအားလုံးကို ထည့်သွင်းစဉ်းစားလျက် အဖြေရှာဖွေနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဆန်နာရာပလိုချက်စ်မြေအောက်ရထားဘူတာရုံအနီးသို့ လူနာတင်ယာဉ်ရှစ်စီးရောက်ရှိလာခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးရထားဘူတာရုံသုံးခုကို ပိတ်ထားခဲ့ကြောင်း ဒေသမီဒီယာတစ်ခုဖြစ်သည့် ဖွန်တန်ကာက ဖော်ပြခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများသည် မြေအောက်ရထားစင်္ကြံပေါ်၌ လဲကျနေသည်ကို ရုပ်သံဖိုင်တွင် တွေ့မြင်ရသည်။ အချို့ကို အရေးပေါ်ကုသမှုခံယူရန် ဆေးရုံများသို့ အလျင်အမြန် ပို့ဆောင်ခဲ့ရသည်။


ပေါက်ကွဲမှုအပြီးတွင် အချို့မှာ မီးခိုးလုံးကြီးများကြား၌ စင်္ကြံပေါ်မှ ထွက်ပြေးနေသည်ကို တွေ့မြင်ရသည်။ ရုရှားသည် ပြီးခဲ့သည့်နှစ်များအတွင်းက ချီချန်စစ်သွေးကြွများ၏ ပစ်မှတ်ထားတိုက်ခိုက်မှုကို ခံခဲ့ရသည်။ ချီချန်သူပုန်ခေါင်းဆောင်များသည် အခြားသောတိုက်ခိုက်မှုများကိုလည်း တရစပ်လုပ်ဆောင်ကာ ရုရှားကိုခြိမ်းခြောက်လျက်ရှိသည်။

၂၀၁၀ ပြည့်နှစ်ကလည်း အမျိုးသမီးအသေခံဗုံးခွဲသမားနှစ်ဦးက မော်စကိုရှိ မီးရထားဘူတာရုံကို တိုက်ခိုက်ခဲ့ရာ လူ ၃၈ ဦး သေဆုံးခဲ့ရသည်။

**(ရိုက်တာ)**

# နွေရာသီတွင် ကြိုတင်သတိပြုရမည့် မိုးလေဝသဖြစ်စဉ်များ

**လှထွန်း (မိုးလေဝသ)**




ယနေ့အချိန်အခါသည် မြန်မာနိုင်ငံတွင် နွေဦးကာလသို့ ကူးပြောင်းခဲ့ပြီး ဖြစ်သည်။ နေ့အပူချိန်များ မြင့်တက်မှု အများဆုံးဖြစ်သည့် နွေလယ်ကာလသို့ ရောက်ရှိလာပြီဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပူပြင်းခြောက်သွေ့မှု ဒဏ်ကို ခံစားရတော့မည်ဖြစ်သည်။ မိုးမရွာ၊ လေမတိုက်၊ ကောင်းကင်တွင်လည်း တိမ်ကင်းစင်ပါက အပူရှိန်မြင့်မားခြင်း အပြင် နေရောင်ခြည်တွင်ပါလာသော ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းသည်လည်း မြင့်မားလာတော့မည်ဖြစ်ပေသည်။ စီးပွားရေးအတွက် ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရင်းဖြင့် ကျန်းမာရေးနှင့် မီးဘေးအန္တရာယ်တို့ကို အထူးသတိပြု၍ နေထိုင်ရမည့်ကာလ ဖြစ်ပါသည်။

ထို့အပြင် အပူရှိန်ကြောင့် ရေခန်းခြောက်မှုများ ရှိလာပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေမလုံလောက်မှုနှင့် သောက်သုံးရေရှားပါးမှု ပြဿနာများကိုလည်း ကြုံတွေ့လာနိုင်သည်။ အဆိုပါပြဿနာများအပြင် နွေကာလတွင် နှစ်တိုင်းလိုလို ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များသည် ပြောင်းလဲလာနေသော ရာသီဥတုကြောင့် ယခင်ကထက် ပိုမိုပြင်းထန်နိုင်သည့် အခြေအနေများ ဖြစ်ပေါ်တတ်၍ နွေရာသီကာလသည် လူမှုစီးပွားရေးလုပ်ငန်းများသာမက မိုးလေဝသ ခန့်မှန်းရေးပညာရှင်များအတွက်လည်း စိန်ခေါ်မှုများရှိနေသည့် ကာလဖြစ်သည်။

**ဆောင်းမှ နွေသို့ မိုးလေဝသပြောင်းလဲမှုဖြစ်စဉ်များ**

မိုးလေဝသရှုထောင့်မှ သုံးသပ်ပါက နှစ်တစ်နှစ်အတွက် မတ်လသည် ထူးခြားသည့် လဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နွေမုတ်သုံဟုခေါ်သည့် မိုးရာသီနှင့် ဆောင်းမုတ်သုံဟုခေါ်သည့် ဆောင်းရာသီကာလ၏ အလယ်တွင်ရှိသဖြင့် ဆောင်းရာသီမှ မကြာမီမှာနွေရာသီသို့ ပြောင်းလဲလာတော့မည့်လဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နွေရာသီသို့ စတင်ကူးပြောင်းသည့်လဖြစ်၍ နေ့ဘက်တွင် အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာတော့မှာ ဖြစ်သလို တစ်ခါတစ်ရံ ဆောင်းကာလ လက်ကျန်လေများကြောင့် ညအချိန်တွေမှာ အပူချိန်တွေ ပြန်လည်လျော့ကျလာပြီး နံနက်ပိုင်းမှာအေးမြမြ ဖြစ်နေတတ်သေးသည်။ ရာသီကာလအရ အသွင်ကူးပြောင်းကာလဖြစ်၍ လေထုမငြိမ်မသက် မှုများလည်း ဖြစ်ပေါ်တတ်စမြဲဖြစ်သည်။ အရပ်စကားအရ ဆိုပါမူ **နွေဦးမှာလေရူးတိုက်တယ်**ဟု ဆိုရမည်ဖြစ်ပါသည်။

ထိုအခြေအနေမျိုးကို မိုးလေဝသ သဘောအရ ဆိုရပါက မြေပြင်တွင် တိုက်ခတ်သောလေများသည် အရပ်မျက်နှာတစ်ခုက သတ်သတ်မှတ်မှတ် တိုက်ခတ်လာတာမျိုးမဟုတ်ဘဲ အရပ်ရှစ်မျက်နှာမှ ဝင်ရောက်တိုက်ခတ်သည့်အတွက် ပရမ်းပတာတိုက်နေတာမျိုးကို ဆိုလိုခြင်းဖြစ်သည်။ ယင်းကို လေထုမငြိမ်မသက်ဖြစ်မှုဟု ရည်ညွှန်းပါသည်။ ထို့အပြင် ဆောင်းရာသီကာလက တိုက်ခတ်သော မြောက်-အရှေ့မြောက်လေများအား ပူနွေးသည့်ပင်လယ်ဘက်မှ အနောက်တောင်လေများက တွန်းလှန်နေသည့် အချိန်ဖြစ်၍ အဆိုပါ လေထုနှစ်ခုတွေ့ဆုံသည့် အချိန်အခါမျိုးတွင် ထူးခြားသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်တတ်သည်။

**နွေရာသီကာလ၏ မိုးလေဝသဖြစ်စဉ်များ**

နွေရာသီကာလများဖြစ်သော မတ်လနှင့် ဧပြီလများတွင် ဧပြီလသည် နှစ်ရှည်မှတ်တမ်းများအရ မြန်မာနိုင်ငံအတွက် အပူပြင်းဆုံးသော ကာလတစ်ခုဖြစ်သည်။ နွေရာသီ ကာလများတွင် နှစ်စဉ်လိုလို ကြုံတွေ့နေရသည့် မိုးလေဝသဖြစ်စဉ်များမှာ နေ့အပူချိန်မြင့်တက်လာခြင်းနှင့် ဆက်စပ်နေသည့် မိုးလေဝသဖြစ်စဉ်များအနေဖြင့် နေ့အပူချိန်တိုးလာမှုကြောင့် ကုန်းမြေပေါ်တွင် လေဖိအားနည်းဒေသများ ဖြစ်ပေါ်လာပြီး လေဖိအားများသည့်ဒေသများမှလေများ တိုးဝင်လာသည်။ တိုးဝင်လာသည့်လေသည် ယင်းဖြတ်သန်းလာသည့် လမ်းကြောင်းပေါ်မူတည်၍ အေးသောလေများ ဖြစ်နိုင်သလို တစ်ချိန်တည်းတွင် လေနွေးများလည်း တိုးဝင်လာမည်ဖြစ်၍ လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာရသည်။ အဆိုပါ အခြေအနေသည် အားကောင်းသည့် မိုးတိမ်တောင်များ ဖြစ်စေသည်။ အဆိုပါ ဖြစ်စဉ်အပြင် နေ့အပူချိန်မြင့်မားလာသည်နှင့် မြေပြင်ကို ပူနွေးလာစေပြီး ထိုမှတစ်ဆင့် အပူပြန်တက်တိမ်များ ဖြစ်ပေါ်လာသည်။ အဆိုပါတိမ်များသည်လည်း မိုးတိမ်တောင်များပင်ဖြစ်ရာ **တိမ်၏အားကောင်းမှုကိုလိုက်၍ လေပြင်းတိုက်ခတ်ခြင်း၊ နေရာကွက်၍ မိုးထစ်ချုန်းရွာခြင်း (တစ်ခါတစ်ရံ မိုးသည်းထန်စွာရွာသွန်းခြင်း)၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်း စသည့်မိုးလေဝသဖြစ်စဉ်များကို မြန်မာနိုင်ငံ အရပ်ရပ်တွင် ကြုံတွေ့နိုင်ပါသည်။ အထူးသဖြင့် အထက်လေထုလွှာတွင် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသများသို့ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမဝန္တာတောင်တန်းများဘက်မှ လေအေးများ တိုက်ခတ်နေသည့်အတွက် နေ့အပူချိန်တိုးလာသည်နှင့်အမျှ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းပြီး မိုးတိမ်တောင်များမှ ဖြစ်ပေါ်လာသော မိုးလေဝသဖြစ်စဉ်များကို ပိုမိုကြုံတွေ့လာနိုင်သဖြင့် အဆိုပါဒေသများသည် လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်းကိုပို၍ သတိထားရမည်ဖြစ်သည်။ မွန်းလွဲနှင့်ညနေပိုင်းအချိန်များတွင် ပိုမိုကြုံတွေ့နိုင်သည်။ မိုးတိမ်တောင်များကြောင့် စိုက်ဆင်းလေပြင်းများ တိုက်ခတ်သဖြင့် ရေကြောင်းသွားလာနေသည့် ရေယာဉ်များသည် မိုးတိမ်တောင်များကို ဂရုပြုသင့်သည်။ မိမိအရပ်ဒေသသို့ မိုးတိမ်တောင်တစ်ခု ချဉ်းကပ်လာပါကလည်းကောင်း၊ မိမိအရပ်ဒေသအနီးတွင် အားကောင်းသည့်မိုးတိမ်တောင် တစ်ခုကို တွေ့ရှိပါကလည်းကောင်း အထူးသတိပြုရမည် ဖြစ်ပါသည်။**

နောက်ထပ် သတိပြုရမည့် မိုးလေဝသဖြစ်စဉ်မှာ ကမ်းရိုးတန်းဒေသများရှိ ကမ်းလွန်ပင်လယ်ပြင်တို့တွင် အရှေ့လေပြင်းများ တိုက်ခတ်ခြင်းပင်ဖြစ်သည်။ ထိုင်းပင်လယ်ကွေ့မှတစ်ဆင့် မြန်မာနိုင်ငံတောင်ပိုင်း၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းဒေသများသို့ ဆောင်းကာလမှစ၍ မုတ်သုံရာသီမကျရောက်မီအထိ ပုံမှန်တိုက်ခတ်သည့် အရှေ့လေများသည် တစ်ခါတစ်ရံ လေတိုက်နှုန်းပြင်းထန်ပြီး လှိုင်းကြီးသဖြင့် ကမ်းရိုးတန်းဒေသသွား ရေယာဉ်များအတွက် အန္တရာယ်ပေးတတ်သောအခြေအနေဖြစ်သည်။

နွေရာသီကာလအတွင်း အနောက်ဘက်မှလာသော အထက်လေစီးကြောင်းများသည် အိန္ဒိယနိုင်ငံမြောက်ပိုင်းကိုဖြတ်ကျော်ပြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသများသို့ ပုံမှန်တိုက်ခတ်သည့်အတွက် အဆိုပါ အနောက်လေစီးကြောင်းများကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာသွန်းပြီး တစ်ခါတစ်ရံ တောင်ဘက်သို့ပိုမို နိမ့်ဆင်းလာသည့်အခါတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအထိ မိုးထစ်ချုန်းရွာသွန်းစေသည်။ ထိုသို့သော မြန်မာနိုင်ငံအထက်ပိုင်းဒေသများကို ဖြတ်ကျော်တိုက်ခတ်သည့် အနောက်လေစီးကြောင်းများရှိသလို မြန်မာနိုင်ငံတောင်ပိုင်းဒေသများကို ဖြတ်ကျော်တိုက်ခတ်သည့် အရှေ့ဘက်မှ လေစီးကြောင်းများလည်းရှိပြီး အဆိုပါ လေစီးကြောင်းများကြောင့်လည်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် အရှေ့ပိုင်းဒေသများကို မိုးထစ်ချုန်းရွာစေသည်။ နွေရာသီကာလအတွင်း မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးရွာသွန်းမှုကို အချိန်အခါမဟုတ်မိုးရွာသွန်းမှု ခေါ်ဆိုပါသည်။ ယခင်ကရော ယခုအထိပါ နှစ်စဉ်ဖြစ်မြဲဖြစ်သော်လည်း အချို့သောနှစ်များတွင် မိုးရွာသွန်းမှုသည် ရွာသွန်းမြဲကို ပြည့်မီခြင်းမရှိကြောင်း တွေ့ရသည်။ သို့သော်လည်း မိုးရွာသွန်းမှုကြောင့် ခြောက်သွေ့ရာသီတွင် လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများအတွက် သတိပြုစရာဖြစ်ပါသည်။

နွေရာသီကာလတွင် နောက်ထပ်သတိထားရမည့် မိုးလေဝသဖြစ်စဉ်မှာ မြူထူဆိုင်းမှုဖြစ်သည်။ များသောအားဖြင့် မတ်လအတွင်းပိုမိုဖြစ်ပေါ်တတ်၍ မြူထူကျဆင်းသည့်အခါ အဝေးမြင်တာလျော့နည်းသွားသဖြင့် လေယာဉ်၊ ရေယာဉ်နှင့် မော်တော်ယာဉ်များအတွက် အနှောင့်အယှက် ဖြစ်စေသည့် အတွက်ကြောင့် ဖြစ်သည်။

**နွေရာသီနှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်**

နေရောင်ခြည်တွင်ပါဝင်သည့် ခရမ်းလွန်ရောင်ခြည် (Ultra Violet Ray) ၏အညွှန်းကိန်းသည် နေရောင်ခြည် ကမ္ဘာမြေပေါ်သို့ ကျရောက်သည့် ရိုက်ထောင့် (angle)၊ ကောင်းကင်တွင် တိမ်ဖုံးအုပ်မှုအခြေအနေ (cloud cover) နှင့် မြေမျက်နှာပြင်အနိမ့်အမြင့် (elevation) တို့အပေါ် မူတည်နေသည့်အတွက် နေရောင်ခြည်ကောင်းစွာရရှိသည့် နွေရာသီတွင် အညွှန်းကိန်းတန်ဖိုးမြင့်မားစွာရှိပြီး ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေသည့် အတွက် ဂရုပြုရမည်ဖြစ်သည်။ အထူးသဖြင့် နေ့လယ်ပိုင်းနှင့် မွန်းလွဲပိုင်းအချိန်တို့သည် အညွှန်းကိန်းအမြင့်ဆုံးအချိန်ဖြစ်၍ ထိုအချိန်တွင် နေရောင်အောက်တွင် အလုပ်လုပ်ခြင်းတို့ကို ရှောင်ရှားသင့်ပြီး အရိပ်ရသောနေရာများတွင် နေထိုင်သင့်သည်။ နေရောင်အောက်သို့ မဖြစ်မနေ ထွက်ရပါကလည်း ခန္ဓာကိုယ်ပေါ်သို့ နေရောင်ခြည် တိုက်ရိုက်မကျရောက်စေရန် အင်္ကျီလက်ရှည် ဝတ်ဆင်ခြင်း၊ ထီး (သို့မဟုတ်) အနားကျယ်ပြန့်သော ဦးထုပ်ဆောင်းခြင်း၊ ခရမ်းလွန်ရောင်ခြည် ကာကွယ်သည့် ဆေးရည်သုတ်လိမ်းခြင်း၊ မျက်လုံးကို နေရောင်ခြည်မထိစေရန် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်သည့် နေကာမျက်မှန်တပ်ထားခြင်းစသည့်တို့ကို လုပ်ဆောင်သင့်သည်။

**ရာသီဥတုပြောင်းလဲမှုနှင့် မြန်မာ့နွေရာသီ**

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးမှုများအတွက် စက်မှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်လာမှုကြောင့်လည်းကောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ခေတ်မီအသုံးအဆောင်များ ပိုမိုအသုံးပြုလာမှုတို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများလာသော်လည်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူသည့် သဘာဝသစ်တောများ ပြုန်းတီးလာမှုသည် ကမ္ဘာ့လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပိုမိုများပြားလာစေပြီး ကမ္ဘာ့ကြီး၏ ပျမ်းမျှအပူချိန်သည် တစ်နှစ်ထက်တစ်နှစ် တိုးလာနေပါသည်။ ထိုအထဲတွင် မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နွေ၊ မိုး၊ ဆောင်းသုံးရာသီလုံးတွင် ပုံမှန်ထက် ပိုမိုပူနေသည့်ရက်က များနေကြောင်းတွေ့ရသည်။ မိုးရာသီတွင်လည်း ပူနေသလို အေးရမည့် ဆောင်းရာသီ သည်လည်း တစ်နှစ်ထက်တစ်နှစ် အအေးပေါ့လာနေသည်ကို မှတ်တမ်းများအရ သိရှိရသလိုခံစားမှုအရလည်း သိရှိရပါသည်။

အပူချိန် တိုးလာမှုနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ၊ NASA အဖွဲ့၏ ထုတ်ပြန်ချက်တွင် အပူချိန်မှတ်တမ်းများအရ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ၏ ကမ္ဘာ့ပျမ်းမျှ အပူချိန်သည် တတိယ အပူနွေးဆုံးလဖြစ်ခဲ့ကြောင်း ဖော်ပြထားသဖြင့် လာမည့် နွေရာသီတွင်လည်း ယခင်ကရှိခဲ့သည့် ပျမ်းမျှအပူချိန်ထက် ပိုပူလာစရာ ရှိပါသည်။ သို့သော်လည်း အယ်နီညို ဖြစ်စဉ်နှင့် တိုက်ဆိုင်နေသည့် ၁၉၉၈ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၆ ခုနှစ် နွေရာသီတွင် မြို့အတော်များများတွင် နေ့အပူချိန် စံချိန်တင်မြင့်တက်ခဲ့သည့် အခြေအနေမျိုး ဖြစ်ပေါ်နိုင်မည် မဟုတ်ဟု ခန့်မှန်းထားပါသည်။ ၂၀၁၇ ခုနှစ် နွေရာသီကာလသည် ပူပြင်းခြောက်သွေ့မှုကို ဖြစ်စေသည့် အယ်နီညိုဖြစ်စဉ်လည်းမဟုတ်၊ ပုံမှန်ထက် အပူချိန်လျော့နည်းစေသည့် လာနီညာဖြစ်စဉ်လည်းမဟုတ်ဘဲ ပုံမှန်နှစ်သာဖြစ်ဖို့ ရာခိုင်နှုန်းများကြောင်းကို International Research Institute for Climate and Society မှ မတ်လဆန်းပိုင်း၌ ပုံတွင်ဖော်ပြထားသည့်အတိုင်း ခန့်မှန်းထားသဖြင့် နွေရာသီအတွင်း ဖြစ်ပေါ်လာနိုင်သည့် အပူချိန်သည် အယ်နီညိုနှစ်များကကဲ့သို့ စံချိန်တင်ပူနွေးမှု မဖြစ်ပေါ်နိုင်ဟု သုံးသပ်ရပါသည်။

ယနေ့ကမ္ဘာကြီးသည် ရာသီဥတု ပြောင်းလဲမှုကြောင့် အစွန်းရောက် မိုးလေဝသ ဖြစ်စဉ်များဖြစ်သော **ပိုမိုခြောက်သွေ့လာမှု** ( Drier)၊ **ပိုမိုစွတ်စိုလာမှု** (Wetter) တို့ကို အနာဂတ်တွင် ပိုမိုကြုံတွေ့လာရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဖြစ်လာမှဆောင်ရွက်ခြင်းထက် ကြိုတင်ကာကွယ်မှုသည် အကောင်းဆုံးဖြစ်သည်ဟူသော ဆောင်ပုဒ်အတိုင်း ၂၀၁၇ ခုနှစ် နွေရာသီတွင်အပူချိန်မြင့်တက်လာမှုနှင့်အတူ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်မည့် မိုးလေဝသဖြစ်စဉ်များကြောင့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများအပေါ် ထိခိုက်မှုများရှိနိုင်သဖြင့်အပူဒဏ် ကာကွယ်ရေး အပါအဝင် အခြားသော သဘာဝဘေးများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ကြစေရန် တင်ပြလိုက်ရပါသည်။

## အလုံးစုံမော်တော်ယာဉ်အာမခံ လျော်ကြေးငွေပေးအပ်

**မန္တလေး မေ ၃**

GGI အာမခံတွင် အာမခံထားရှိသည့် မန်းရွှေမြို့တော်ယာဉ်လိုင်းမှ မော်တော်ယာဉ် တစ်စီးအတွက် GGI အာမခံမှ အလုံးစုံမော်တော်ယာဉ်အာမခံ လျော်ကြေးငွေ ပေးအပ်ပွဲကိုမတ်လနောက်ဆုံးပတ်က မန္တလေးမြို့လမ်း ၃၀ နှင့် ၈၁ လမ်း ထောင့်ရှိ ဂရင်းဝါးဒီးယန်းအာမခံအများပိုင်ကုမ္ပဏီလီမိတက် မန္တလေးရုံးခွဲ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် GGI အာမခံမှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းကြိုင် က အမှာစကားပြောကြားပြီး မော်တော်ယာဉ်အာမခံ လျော်ကြေးငွေကျပ်သိန်း ၈၀၀ ကိုပေးအပ်ရာ မန်းရွှေမြို့တော်ယာဉ်လိုင်းမှ ယာဉ်အမှတ် 9E/---- ယာဉ်ပိုင်ဆိုင်သူ ဦးမျိုးဟိန်းအောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

အဆိုပါ မန်းရွှေမြို့တော် ယာဉ်လိုင်းမှယာဉ်သည် မတ် ၂၀ ရက်က ရန်ကုန်-မန္တလေးအမြန်လမ်း ၆၇ မိုင်၊သုံးဖာလုံအနီးတွင် ယာဉ်အင်ဂျင်နောက်ခန်းမှ ဝိုင်ယာရှော့ခ်ဖြစ်၍ ကားတစ်စီးလုံး မီးလောင်ခဲ့သည်။ ထိုကားသည် GGI အာမခံတွင် ၂၀၁၈ ဇန်နဝါရီလ အထိ တစ်နှစ်စာအလုံးစုံ မော်တော်ယာဉ် အာမခံကို ယာဉ်တစ်စီးလုံး တန်ဖိုးငွေကျပ်သိန်း ၈၀၀ ဖြင့် အာမခံထားရှိခဲ့၍ ယာဉ်ပိုင်ဆိုင်သူထံသို့ ယာဉ်တစ်စီးလုံး တန်ဖိုးငွေကျပ်သိန်း ၈၀၀ ကို ပေးလျော်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**အမှတ်(၃၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး ခွန်မြတ်လင်း ဦးစီးသော တပ်ဖွဲ့ဝင်များမှ ဧပြီ ၂ ရက်က မိတ္ထီလာမြို့နယ် အိုမတွေ့ကျေးရွာ၊ ဆည်အောင်ကုန်းကျေးရွာနှင့် သပြေကန်ကျေးရွာတို့တွင် သောက်ရေသန့် (၁၂၀၀ ဘူး၊ ဂါလန် ၆၀၀၀၊ သုံးရေဂါလန် ၁၆၀၀ ဆံ့ ရေဘောက်ဆာကားတစ်စီးနှင့် သောက်သုံးရေဂါလန် ၇၆၀၀ တို့အား လှူဒါန်းစဉ်**
(မြန်မာ့အလင်း)





# ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တရားရုံးတို့တွင် စစ်ဆေးလျက်ရှိသောအမှုများ မှန်မှန်နှင့်မြန်မြန် စီရင်နိုင်ရန် ဆွေးနွေး

**ဘူးသီးတောင် မေ ၃**

ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်နှင့် ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းတို့သည် ရခိုင်ပြည်နယ် တရားရေးဦးစီးမှူး ဦးစိုးစိုး၊ ပြည်နယ်ဥပဒေအရာရှိ ဦးစောမြတို့နှင့်အတူ မောင်တောခရိုင်တရားရုံး(ဘူးသီးတောင်ရုံးထိုင်)နှင့် ဘူးသီးတောင်မြို့နယ် တရားရုံးတို့တွင် စစ်ဆေးလျက်ရှိသော အမှုများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်နိုင်ရန်အတွက် ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ ခရိုင်ဥပဒေအရာရှိ၊ ဒုတိယခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ၊ အမှုလိုက်ပါဆောင်ရွက်နေသော ရှေ့နေများနှင့် ယနေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တရားခွင်အသီးသီးရှိ တရားခံများနှင့်တွေ့ဆုံပြီး ၎င်းတို့၏တင်ပြချက်များအပေါ် သက်ဆိုင်ရာ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး**

## မောင်တောမြို့နယ်စပ် ဝင်/ထွက်စခန်း၌ လူဝင်/ထွက်သွားလာမှုမရှိသော်လည်း ကုန်စည်ကူးသန်းမှုရှိ

**မောင်တော မေ ၃**

မောင်တောမြို့ရှိ နယ်စပ်အဝင်အထွက်စခန်း၌ နှစ်နိုင်ငံ ဝင်/ထွက် ကူးသန်းသွားလာမှု ပိတ်ပင်ထားခြင်းမရှိသော်လည်း လူဝင်/ထွက်သွားလာမှုမရှိဘဲ ကုန်စည်ကူးသန်းမှုသာ ရှိနေကြောင်း လူဝင်မှုကြီးကြပ်ရေးဌာနမှ သိရသည်။

"လူဝင်/ထွက်ပြုလုပ်မှုကို အရင်ကတည်းက အခုချိန်ထိ ပိတ်ပင်ထားတာမျိုးမရှိပါဘူး။ ဒေသတွင်း အခြေအနေအရ ကူးသန်းသွားလာမှုမရှိတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ခြမ်းက လုံးဝပိတ်မထားပါဘူး။ တစ်ဖက် ဘင်္ဂလားဒေ့ရှ် နိုင်ငံက ဝင်/ထွက်ခွင့်ပိတ်ပင်ထားလို့ ဒီဘက်ကလည်း မသွားကြသလို ဟိုဘက်ကလည်း လာရောက်မှုမရှိတာပါ"ဟု နယ်စပ်ဝင်/ထွက်စခန်း(မောင်တော)မှ လဝကမှူး ဦးရှာမွေလခွန်းက ပြောသည်။

အဆိုပါ နယ်စပ်ဂိတ်တွင် နှစ်နိုင်ငံ ကူးသန်းသွားလာမှုအတွက် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး နှစ်ညအိပ် သုံးရက်ခရီး(Border Pass-BP)နှင့် နေ့ချင်းပြန် (Border Pass-BP)နှစ်မျိုးဖြင့် နှစ်နိုင်ငံကြား ကူးသန်းသွားလာနိုင်ရန် ဆောင်ရွက်ပေးနေကြောင်း လူဝင်မှုကြီးကြပ်ရေးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်မဖြစ်ပွားမီကာလက နှစ်နိုင်ငံ ကူးသန်းသွားလာမှုမှာ တစ်ရက်လျှင် လူဝင်/ထွက်မှု ၂၀ နှင့် ၃၀ ခန့်မှ ၁၀၀ ခန့်အထိပင်ရှိကြောင်း၊ ယင်းဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်းတွင် လူဝင်/ ထွက် သွားလာမှုမရှိဘဲ ကုန်စည်များသာ ကူးသန်းမှုရှိကြောင်း လဝကမှူး ဦးရှာမွေလခွန်းက ဆက်လက်ပြောကြားသည်။



**သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး**

# မြင်းလွတ်မြို့ အရှေ့ပိုင်းရပ်ကွက်နေသူတစ်ဦး အသတ်ခံရ

**နေပြည်တော် မေ ၃**

မောင်တောမြို့နယ် မြင်းလွတ်မြို့ အရှေ့ပိုင်းရပ်ကွက်နေသူ အမျိုးသားတစ်ဦး ယမန်နေ့က အသတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက် ည နေ့ရီက မောင်တောမြို့နယ် မြင်းလွတ်မြို့ အရှေ့ပိုင်းရပ်ကွက်နေ မာမတ်အီနစ်၏သား အာနိုဝါရ်အာရှတ်သည် မြင်းလွတ်မြို့ အနောက်ပိုင်းရပ်ကွက်နေ မောင်တောစ်နှင့် ဘာယုတို့နှစ်ဦးနှင့်အတူ ရပ်ကွက်(၅)ရှိ ဈေးဆိုင်သို့ သွားရောက်မည်ဟုပြော၍ထွက်သွားခဲ့ကြောင်း၊ ယင်းနောက် အာနိုဝါရ်အာရှတ် မြင်းလွတ်မြို့ အလယ်ရွာအနီးတွင် အသတ်ခံရကြောင်း ၎င်း၏ယောက်ဖဖြစ်သူက ဖုန်းဆက်ပြောကြားသဖြင့် လိုက်လံရှာဖွေရာ မြင်းလွတ်မြို့ ရပ်ကွက်(၅) အရှေ့ဘက် မြေပဲစိုက်ထားသည့် လယ်ကွင်းအတွင်း အာနိုဝါရ်အာရှတ်အား လက်ဝဲဘက်ချိုင်းအောက် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ပြတ်ရှဒဏ်ရာ နှစ်ချက်၊ နောက်ကျောတွင် ထိုးသွင်းဒဏ်ရာ လေးချက်၊ လက်ဝဲဘက်လက်မောင်းပြတ်ရှဒဏ်ရာ ငါးချက်၊ လက်ယာဘက် မျက်လုံးဖောက်ထွက်ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကိုတွေ့ရှိရကြောင်း၊ အာနိုဝါရ်အာရှတ်အား ဓားဖြင့်ခုတ်သတ်သွားသူ မောင်တောစ်နှင့် ဘာယုတို့ နှစ်ဦးအား အရေးယူပေးရန် မာမတ်အီနစ်က မေ ၃ ရက် နံနက်ပိုင်းတွင် အလယ်သံကျော်ရဲစခန်းသို့ တရားလိုပြုလုပ်တိုင်ကြားလာသဖြင့် တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သော ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှ မေ ၃ ရက်အထိ အပြစ်မဲ့ အရပ်သားပြည်သူ ၂၃ ဦး သေဆုံးခဲ့ပြီဖြစ်ပြီး ၁၀ ဦး ပျောက်ဆုံးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## မောင်တောဒေသအတွင်း သေဆုံး/ပျောက်ဆုံးစာရင်း (၃-၄-၂၀၁၇ ရက်နေ့အထိ)

| စဉ် | ရက်စွဲ | အမည် | သေဆုံး | ဖမ်းဆီး/ပျောက်ဆုံး/ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၅-၁၀-၂၀၁၆ | မောင်မောင်စိုး (ခ) ရှုနာရျားနှင့် မာမတ်တာလီ | ၂ | - | |
| ၂။ | ၁၄-၁၀-၂၀၁၆ | စိစစ်ဆဲ | ၁ | - | |
| ၃။ | ၇-၁၁-၂၀၁၆ | မာမွတ်ဇာရို (ခ) ဖိုက်ဆဲ ပါ ၂ ဦး | - | ၂ | ပြန်လည်တွေ့ရှိ |
| ၄။ | ၁၇-၁၁-၂၀၁၆ | ဂျာမ (ခ) ဇော်မာဟုဆွန် | ၁ | - | |
| ၅။ | ၁၃-၁၂-၂၀၁၆ | ဟာသိမ်ရော်မာန် | - | ၁ | |
| ၆။ | ၂၁-၁၂-၂၀၁၆ | ခုစ်မာမတ် (ခ) ရှုနာမျာ | ၁ | - | |
| ၇။ | ၂၅-၁၂-၂၀၁၆ | ရော်ဇီ | ၁ | - | |
| ၈။ | ၂၆-၁၂-၂၀၁၆ | ဆီရာဇူဟွတ် | ၁ | - | |
| ၉။ | ၂၈-၁၂-၂၀၁၆ | ဆွေဒူအာမီ | ၁ | - | |
| ၁၀။ | ၂၉-၁၂-၂၀၁၆ | အန်နာဒုလာ | - | ၁ | မိုးခုတ်အက်ရာဖြင့် ပြန်လည်ရောက်ရှိ |
| ၁၁။ | ၂-၁-၂၀၁၇ | လာလူး | - | ၁ | |
| ၁၂။ | ၁၃-၁-၂၀၁၇ | စိစစ်ဆဲ | ၁ | - | |
| ၁၃။ | ၁၄-၁-၂၀၁၇ | ဖွေယာ(ခ)ဖွေယာဇူဟောက် | - | ၁ | ပြန်လည်တွေ့ရှိ |
| ၁၄။ | ၂၀-၁-၂၀၁၇ | စွန်တာအာမတ်၊ မာမတ်ရော့ဖီးနှင့် မာမတ်စုပိုင် | ၃ | - | |
| ၁၅။ | ၂၂-၁-၂၀၁၇ | အီမြာဟိန်း | - | ၁ | |
| ၁၆။ | ၂၇-၁-၂၀၁၇ | ရော့ဖီရာမောက်နှင့် ဆွေဒုပ်အာမိန် | - | ၂ | |
| ၁၇။ | ၂၈-၁-၂၀၁၇ | ဇော်တီး အာမောက် | ၁ | - | |
| ၁၈။ | ၄-၂-၂၀၁၇ | အီဒရစ် | ၁ | - | |
| ၁၉။ | ၂၄-၂-၂၀၁၇ | မာမတ်တာစိမ်း | ၁ | - | |
| ၂၀။ | ၂၆-၂-၂၀၁၇ | ထွန်းသာမောင် | ၁ | - | |
| ၂၁။ | ၂-၃-၂၀၁၇ | နူရ်ကာရင် | ၁ | - | |
| ၂၂။ | ၅-၃-၂၀၁၇ | ဇာမာဟူဆိန်း | ၁ | - | |
| ၂၃။ | ၁၀-၃-၂၀၁၇ | မာမောက်ဆော်လီ | ၁ | - | |
| ၂၄။ | ၁၂-၃-၂၀၁၇ | မာမတ်ရော့ဖီး | - | ၁ | |
| ၂၅။ | ၁၆-၃-၂၀၁၇ | ဆိုလီမုလ္လာ | ၁ | - | |
| ၂၆။ | ၃၀-၃-၂၀၁၇ | ယာယာ | - | ၁ | |
| ၂၇။ | ၃၁-၃-၂၀၁၇ | ရှိုပလီနှင့် နူမာမောက် | ၁ | ၁ | |
| ၂၈။ | ၁-၄-၂၀၁၇ | နူမာမတ်၊ အဒုလာဟာ ဒုလာမီ၊ အီဘရာဟိန်းနှင့် ဟာမစ်ဒုလာ | ၁ | ၃ | အဒုလာဟာ ဒုလာမီအား ကြိုးတုပ်လျက် ပြန်လည်တွေ့ရှိ |
| ၂၉။ | ၂-၄-၂၀၁၇ | အာနိုဝါရ်အာရှတ် | ၁ | - | |
| | | စုစုပေါင်း | ၂၃ | ၁၅ | |

မှတ်ချက်။ ဖမ်းဆီးခေါ်ဆောင်သွားသူ ၁၅ ဦး ရှိသည့်အနက် ၅ ဦး ပြန်လည်တွေ့ရှိခဲ့သည်။

## ဘော်တလီ(၁)ကျေးရွာသားတစ်ဦးအား မျက်နှာတွင် အဝတ်နက်စည်းထားသူ ခုနစ်ဦးက ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် မေ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဘော်တလီ(၁)ကျေးရွာသားတစ်ဦးအား မတ် ၃၁ ရက် ညသန်းခေါင်အချိန်ခန့်တွင် မျက်နှာတွင် အဝတ်နက်စည်းထားသည့် လူ ခုနစ်ဦးခန့်က ဓားဖြင့်ထောက်၍ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ဘော်တလီ(၁) ကျေးရွာနေ နူမာမောက်သည် မိသားစုနှင့်အတူအိပ်နေစဉ် မတ် ၃၁ ရက် ညသန်းခေါင်တွင် မျက်နှာအဝတ်နက်စည်းထားသည့် လူ ခုနစ်ဦးခန့်က အိမ်ကိုဖျက်၍ ဝင်ရောက်လာပြီး နူမာမောက်အား ဓားဖြင့်ထောက်၍ ပါးစပ်ပိတ်ကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် ကြိမ်ချောင်းရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၈ စီး၊ သွင်းကုန် ၆၂၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆ ဒသမ ၂၆၄၂ သန်းခန့်ရှိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Mitsubishi Fuso ၁၂ ဘီးယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော Monosodium Glutamate 5000 Kg၊ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Instant Noodle 400 Kg၊ Ensure 52 Pkgs, "BRANDS" Bird's Nest 71 Pkgs, "Best Foods" Mayonaise 100 Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀ ဒသမ ၀၇၀၄ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တာမွေမြို့နယ်၌ ကုမ္ပဏီဝန်ထမ်းတစ်ဦး နေအိမ်အတွင်းသေဆုံးလျက်တွေ့ရှိ

**ရန်ကုန် မေ ၃**

ရန်ကုန်မြို့တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ မျိုးသူရလမ်းနှင့် ရာဇသင်္ကြန်လမ်းထောင့် အမှတ် ၉၀၂ ပထမထပ်(ဘီ)၌ မေ ၂ ရက် ည ၇နာရီခွဲခန့်က အပုပ်နံ့ရနေသည့်သတင်းအရ မြို့မရဲစခန်းမှ ဒုရဲမှူးခင်စိုးနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ကြသည်။ ဖြစ်စဉ်မှာRed Dot ကုမ္ပဏီဝန်ထမ်း နေလင်းထက် (၃၁နှစ်)သည် ဖော်ပြပါလိပ်စာ အခန်းအတွင်း အင်္ကျီမဲ့ ပုဆိုးဝတ်ဆင်ထားပြီး ပက်လက်အနေအထားဖြင့် ပြင်ပဒဏ်ရာရရှိမှုမရှိဘဲ ပုပ်ပွကာ သေဆုံးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ အဆိုပါရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **လှလှ**

## မကွေးမြို့ ရွှေမြတ်မင်းသမီး ကာရာအိုကေဆိုင် မီးလောင်မှု ၁၅ ဦးသေဆုံး

**မကွေး မေ ၃**

မကွေးမြို့မြင်သာရပ် သစ္စာလမ်းနှင့် ၂၉ လမ်းထောင့်ရှိ ဦးရဲညွန့် (၅၀ နှစ်) ငှားရမ်းလုပ်ကိုင်သော ရွှေမြတ်မင်းသမီး ကာရာအိုကေ အဆင့်မြင့် အအေးခန်းစားသောက် ဆိုင်၌ မေ ၂ ရက် ည ၁၀ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ကနဦးသတင်း ဖော်ပြပြီး)**



ရွှေမြတ်မင်းသမီး ကာရာအိုကေဆိုင်နှစ်ထပ်အဆောက်အအုံ မီးလောင်ရာသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဦး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ် ခုနစ်စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ မင်းဘူးမြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ ကမ္ဘောဇဖောင်ဒေးရှင်းမှ ရေသယ်ယာဉ်တစ်စီး၊ ရပ်ကွက်အသီးသီးရှိ ပြည်သူများက ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ပျဉ်ခင်းနှစ်ထပ်အဆောက်အအုံအပေါ်ထပ် မီးလောင်ကျွမ်းခဲ့ကာ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၅ ဦး သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးမှာ မီးလောင်ဒဏ်ရာ(စိုးရိမ်ရ)ရရှိသဖြင့် တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာ သုံးစွဲခဲ့သူ မကွေးမြို့အောင်စေတနာ(A)အုပ်စု (၁၁)လမ်းနေသူ ဦးရဲညွန့်အား ဥပဒေအရ အရေးယူပေးရန် မကွေးမြို့မရဲစခန်းမှူး စိန်အောင်က တရားလိုပြု တိုင်တန်းထားကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

## လှိုင်သာယာ ရွှေသံလွင်စက်မှုဇုန်၌ ကျူးကျော်တဲ ၂၆ လုံး မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၃**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေသံလွင်စက်မှုဇုန် မင်းရောလမ်း၌ မေ ၃ ရက် ညနေ ၃ နာရီ ၅ မိနစ်က ကျူးကျော်တဲ ၂၆ လုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကို မီးသတ်ယာဉ် ၁၀ စီး၊ မိတ်ဖက်ယာဉ်နှစ်စီးနှင့် အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ကျူးကျော်တဲ ၂၆ လုံး မီးလောင်ပျက်စီးခဲ့ပြီး ယင်းကျူးကျော်တဲများနေရာ၌ ငါးရှဉ့်မီးကင်ကြပ်တိုက်ခြင်း၊ ငါးခြောက်၊ ငါးမွေထိုးကြပ်တိုက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကာ မီးဘေး သင့်အိမ်ထောင်စု ၂၆ စုအား မြို့နယ်မှ တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မီးစတင်လောင်ကျွမ်းရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်

**သန်းထိုက်(လှိုင်သာယာ)**

## ကွန်တိန်နာယာဉ် တိုက်ခန်းဝင်တိုက်မှုကြောင့် တစ်ဦးသေဆုံး

**ရန်ကုန် မေ ၃**

ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမ မီးပွိုင့်အနီးကားလမ်းမ လက်ယာဘက်ရှိ အမှတ်(၄) ရပ်ကွက် ဟံသာရိပ်မွန်အိမ်ရာ တိုက်အမှတ် (၂) မြေညီထပ်တိုက်ခန်းအား ကွန်တိန်နာယာဉ်က ဝင်ရောက်တိုက်မှု မေ ၂ ရက် ည ၁၂ နာရီ မိနစ် ၂၀ က ဖြစ်ပွားခဲ့သည်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နေ သန်းဦး (၂၃ နှစ်)မောင်းနှင်လာသောယာဉ်အမှတ် 8B/---- က ဝင်တိုက်မှုကြောင့် တိုက်ခန်းပိုင်ရှင် ဒေါ်သင်းသင်းမော် (၃၉ နှစ်)နှင့် ကိုပုလေး (ခ) ကျော်လင်းဦး (၃၆ နှစ်) တို့ ဒဏ်ရာများ ရရှိခဲ့ရာ ကိုပုလေး (ခ)ကျော်လင်းဦး အမှတ် (၆၀၂) အခန်း (၄၀၂) အောင်မင်္ဂလာလမ်း အမှတ်(၅)ရပ်ကွက်၌ နေထိုင်သူမှာ ကားတိုက်ခံရသော ဒဏ်ရာဖြင့် သေဆုံးပြီး တိုက်ခန်းရှေ့၌ ရပ်ထားသော ယာဉ်အမှတ် 8I/---- လိုက်ထရပ်ယာဉ်မှာလည်း ပျက်စီးခဲ့သည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း သန်းဦးကို ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်မောင်သော် (ကမာရွတ်)**

# မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၁၆-၂၀၁၇ ခုနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံရန်လျာထားချက်အား အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်ဖြင့် နိုင်ငံ့တာဝန်အခွန်ပေးဆောင်ခြင်းကို ကျေပွန်စွာဆောင်ရွက်ခဲ့ခြင်းကြောင့် ၃၀-၃-၂၀၁၇ ရက်တွင် လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ အခွန်အရပ်ရပ်ကို ပေးဆောင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလလုပ်ငန်းရှင်များ၏ နိုင်ငံတော်နှင့်ပြည်သူ့အပေါ် အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုအပေါ် အထူးလေးစားဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**ဥပဒေ၏ပူးတွဲပါဇယားများ**

(ယမန်နေ့မှအဆက်)

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးငွေများ | | | | | | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် သုံးငွေများ (လုပ်ငန်းသုံးရင်းနှီးငွေ) | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | သုံးငွေပေါင်း | သာမန်သုံးငွေများ | ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နိုင်ငံတော်သို့ ထည့်ဝင်ငွေ | ငွေလုံးငွေရင်းသုံးငွေ | သုံးငွေပေါင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၄+၅+၆+၇+၈) | ၁၀ | ၁၁ | ၁၂ | ၁၃(၁၀+၁၁+၁၂) | ၁၄(၉+၁၃) |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | ၁၇,၂၆၀,၉၇၆ | ၃၉၅,၁၁၁ | ၁,၉၅၈,၆၀၀ | ၂၀,၀၀၆,၁၄၂ | ၂၀,၀၀၆,၁၄၂ |
| ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၅၅,၂၉၇,၁၀၀ | ၆၅၅,၉၇၈ | ၂၆,၅၅၇,၂၀၀ | | | ၈၂,၅၁၀,၂၇၈ | | | | | ၈၂,၅၁၀,၂၇၈ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၀၄,၆၈၆,၂၇၇ | ၂၆၆,၉၅၉,၄၈၇ | | ၂၂,၉၂၅,၄၂၄ | | ၃၉၄,၅၇၁,၁၈၈ | ၉၂,၅၁၉,၉၂၉ | ၅၉,၇၇၇,၇၅၇ | ၆၇,၁၇၀,၉၀၂ | ၂၁၉,၄၆၈,၅၈၄ | ၆၁၄,၀၃၈,၇၇၂ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | | | | | ၁၀၉,၇၉၆,၂၅၃ | ၁၇၉,၀၀၃,၈၄၃ | ၃၀၄,၉၅၅ | ၂၈၈,၇၂၅,၀၅၁ | ၂၈၈,၇၂၅,၀၅၁ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၇၁၀,၆၈၈,၂၆၄ | ၂၆၈,၆၈၈,၈၀၀ | | ၁၇၈,၈၇၇,၈၇၉ | | ၁,၁၅၈,၂၅၄,၉၄၃ | ၂,၁၃၁,၆၀၇,၂၆၅ | ၇၆၀,၉၄၀,၅၃၁ | ၁၅,၉၇၇,၇၅၄ | ၂,၉၀၈,၅၂၆,၅၅၀ | ၄,၀၆၆,၇၄၀,၄၅၇ |
| ၆ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၉၇,၈၀၈,၆၁၀ | ၉၇,၅၀၄,၁၉၅ | | ၈၅,၀၉၁,၄၅၀ | | ၂၈၀,၄၀၄,၂၅၅ | ၉၀,၄၇၂,၄၇၂ | ၄,၀၆၄,၂၀၅ | | ၉၄,၅၃၆,၆၇၇ | ၃၇၄,၉၄၀,၉၃၂ |
| ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄၇၆,၇၇၂,၇၄၉ | ၁၉,၀၇၀,၄၇၈ | | | ၁၅,၃၅၀,၉၇၁ | ၅၁၁,၁၉၄,၁၉၈ | | | | | ၅၁၁,၁၉၄,၁၉၈ |
| | ပေါင်း | | ၁,၄၄၅,၂၅၃,၀၀၀ | ၆၅၂,၈၇၇,၈၉၄ | ၂၆,၅၅၇,၂၀၀ | ၂၈၆,၈၅၃,၇၀၇ | ၁၅,၃၅၀,၉၇၁ | ၂,၄၂၆,၈၉၂,၇၈၂ | ၂,၄၄၂,၆၅၇,၈၉၅ | ၁,၀၀၄,၁၉၂,၈၈၇ | ၈၅,၄၂၂,၂၂၂ | ၃,၅၃၂,၂၇၃,၀၀၄ | ၅,၉၅၉,၁၆၅,၇၈၆ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၉)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အစွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၄၆,၅၂၃,၂၃၀ | | | | ၁၄,၀၀၄,၀၀၀ | | ၁၀၇,၆၅၈,၆၇၂ | | | ၃၆၈,၁၈၅,၉၀၂ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၅၀၃,၄၁၁,၂၁၈ | | | | | | ၁၇,၆၀၈,၄၇၃ | | | ၅၂၁,၀၁၉,၆၉၁ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၂၃၉,၀၅၂,၀၉၈ | | | | | | ၁၈,၇၆၆,၈၅၀ | | | ၂၅၇,၈၁၈,၉၄၈ |
| | ပေါင်း | | | | ၉၈၈,၉၈၆,၅၄၆ | | | | ၁၄,၀၀၄,၀၀၀ | | ၁၄၄,၀၃၃,၉၉၅ | | | ၁,၁၄၇,၀၂၄,၅၄၁ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၀၆,၂၀၇,၄၂၃ | | | ၁၃၄,၁၉၈,၂၈၆ | ၈,၅၄၃,၈၅၀ | ၁၅,၉၂၂,၀၅၀ | | | ၃၆၄,၈၇၁,၆၀၉ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၄၈၅,၀၆၂,၈၂၈ | | | ၄၃,၉၇၆,၀၁၆ | | | | | ၅၂၉,၀၃၈,၈၄၄ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၂၁၅,၂၉၃,၄၈၄ | | | ၂၇,၈၆၉,၅၅၉ | | | | | ၂၄၃,၁၆၃,၀၄၃ |
| | ပေါင်း | | ၉၀၆,၅၆၃,၇၃၅ | | | ၂၀၆,၀၄၃,၈၆၁ | ၈,၅၄၃,၈၅၀ | ၁၅,၉၂၂,၀၅၀ | | | ၁,၁၃၇,၀၇၃,၄၉၆ |

(ဆက်လက်ဖော်ပြပါမည်)

# ရေမရှား၊ မြေမရှား ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ဖို့နွေစပါးစိုက်ကြစို့

**ဖြူး-မြင့်ဦး**

မြန်မာနိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်ကြပြီး အများစုမှာ လယ်ယာစိုက်ပျိုးရေးကိုသာ အားထားလုပ်ကိုင်နေကြရသဖြင့် မြို့ပြများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ရှစ်မြို့နယ်အတွင်းရှိ မြို့နယ်များတွင် ဖြူးမြို့နယ်သည် မိုးစပါးနှင့် ဆောင်းရာသီ သီးထပ်ပဲမျိုးစုံ စိုက်ကေအများဆုံး စိုက်ပျိုးလျက်ရှိရာ မိုးစပါး စိုက်ကေ တစ်သိန်းခွဲကျော်နှင့် ဆောင်းသီးနှံပဲမျိုးစုံကေ တစ်သိန်းကျော် စိုက်ပျိုးလျက်ရှိကြသည်။

သို့သော်လည်း မြို့နယ်အတွင်းရှိ ဖြူးချောင်းတမံ၏ အရှေ့ဘက် မျက်နှာစာတွင်ရှိသော ကျေးရွာအုပ်စုများမှာ မြေနိမ့်ပိုင်း ရေကြီးကွင်းများတွင် စိုက်ပျိုးကြရသော တောင်သူ လယ်သမားများသည် မိုးစပါးတစ်သီးတည်းကိုသာ စိုက်ပျိုး ခဲ့ကြရပြီး စပါးပေါ်ချိန်နောက်ကျသဖြင့် အခြားဆောင်း သီးနှံများကို နှစ်စဉ်လုံးဝစိုက်ပျိုးခြင်း မပြုနိုင်ကြသည်ကို တွေ့ရှိရသည်။

ဇဟားကျေးရွာအုပ်စု၊ လှသင်းမောင်ကျေးရွာအုပ်စု၊ ဘန်းလောင်အုပ်စု၊ ကညင်ဒိုင်းကျေးရွာအုပ်စု၊ မြစ်ချင်းကျေးရွာအုပ်စု၊ ဘုရားလဟာကျေးရွာအုပ်စုနှင့် သပြေလဟာကျေးရွာအုပ်စုများရှိ လယ်ဧက ၂၅၀၀၀ ခန့်မှာ နှစ်စဉ်မိုးစပါးတစ်သီးကိုသာ မှီခိုအားထား စိုက်ပျိုးကြရသဖြင့် အခြားမိုးစပါးနှင့် ဆောင်းသီးထပ်ပဲမျိုးစုံစိုက်ပျိုးလျက်ရှိကြသော လယ်သမားများနှင့် ယှဉ်လျှင်ပို၍ကျပ်တည်းကြသည်။

ယခု ၂၀၁၇ ခုနှစ် နွေရာသီ၌ ၎င်းတို့မှာ ယခင်နှစ်များက မိုးစပါးတစ်ခုတည်းကိုသာ မှီခိုအားထား စိုက်ပျိုးခဲ့ကြရာ ဖြူးချောင်းဘက်စုံစီမံကိန်းမှ လျှပ်စစ်ထုတ်လုပ်ပြီး ထွက်လာသောရေများကို လက်ယာမြောင်းခွဲမှတစ်ဆင့် ဇဟားချောင်းတွင်းသို့ လိုသလောက်ပို့လွှတ်ပေးနေသဖြင့် ယခု ၂၀၁၇ ခုနှစ် နွေရာသီ၌ တစ်သီးစားဘဝမှ နှစ်သီးစား နွေစပါးကို အားရစွာ စိုက်ပျိုးခွင့်ရခဲ့ကြသောကြောင့် တောင်သူလယ်သမားများက ဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းမှ တာဝန်ရှိသူများအား အထူးကျေးဇူးတင်လျက် ရှိနေကြသည်။

ယင်းသို့ စိုက်ပျိုးခဲ့ကြသော နွေစပါးစိုက်ခင်းများမှာ ယခုအချိန်တွင် အထူးအောင်မြင် ဖြစ်ထွန်းလျက်ရှိသဖြင့် မတ် ၂၇ ရက် နံနက် ၉ နာရီက ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ဦးစီးအရာရှိ ဦးဗိုလ်ဗိုလ်ဇော်ဦးဆောင်သော အဖွဲ့နှင့်အတူ စိုက်ပျိုးရေးကိုဝါသနာထုံသော စာရေးသူ အပါအဝင် သတင်းသမားများ လိုက်ပါကြည့်ရှုလေ့လာခွင့် ရရှိခဲ့သည်။

ထိုနေ့နံနက် ၉ နာရီက ဖြူးမြို့မှ ၁၂ မိုင်ကျော်ခန့်ဝေးသော နွေစပါးစိုက်ခင်းများရှိရာသို့ ဘန်းလောင်ကားလမ်း အတိုင်း ရွာစဉ်ဖြတ်သန်း၍ ထွက်ခွာလာခဲ့ကြရာ တပေါင်းနေမင်းက မာန်တင်းစံပြုပြီး အပူချိန်များနှင့် ကြိုလင့်နေသည်။

နံနက် ၁၀ နာရီခွဲတွင် နွေစပါးစိုက်ပျိုးရာ လှသင်းမောင်ကျေးရွာအုပ်စု လယ်ကွင်းထဲရှိ လယ်တဲတစ်ခုသို့ ရောက်ရှိခဲ့ကြပါသည်။ ထိုတဲတွင် အသင့်စောင့်ကြိုရောက်ရှိနေကြသော နွေစပါးစိုက် တောင်သူများက ပီတိဖုံးသော အပြုံးမျက်နှာများဖြင့် တရင်းတနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယခုနှစ်မှ စတင်စိုက်ပျိုးခဲ့ကြသဖြင့် အစပထမတွင် ယုံကြည်မှုအားနည်းစွာနှင့် စိုက်ခဲ့ကြရာ ယခုကဲ့သို့ ၎င်းတို့ စိုက်ပျိုးခဲ့ကြသော နွေစပါးခင်းများမှာ စိမ်းစိမ်းစိုစိုဖြင့် လေတစ်ချက်ဝှေ့လိုက်တိုင်း လေယူရာယိမ်းနွဲ့နေသည်ကို တွေ့မြင်ရသဖြင့် ယခင်က ယုံကြည်မှုအားနည်းမှာ ယခုအချိန်တွင် ပီတိဖုံးလျက် အပြုံးမျက်နှာများကို တွေ့မြင်ရ ကြရသည်။

"ကျွန်မကတော့ ဒီနှစ်မှ စတင်စိုက်ဖူးတော့ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ဧက ၃၀ စမ်းသပ်စိုက်ပျိုးခဲ့ရာက ခုလို အောင်မြင်ဖြစ်ထွန်းတာကို တွေ့ရှိနေရတော့ လာမယ့်နှစ်မှာ တိုးချဲ့ပြီး ဧက ၁၀၀ အထိစိုက်မှာပါ"ဟု ကင်မွန်းခြံရွာမှ ဒေါ်ဥမ္မာမြင့်က ဝမ်းသာအားရပြောသည်။

"ကျွန်တော်က ထန်းပင်ကုန်းရွာက ဦးမြင့်ရွှေပါ၊ ကျွန်တော်အသက်က ၅၀ ပေမယ့် လုပ်နိုင်ပါသေးတယ်။ ဒီနှစ်တော့ ပထမဆုံး စမ်းစိုက်တာဆိုတော့ ငါးဧကပဲစိုက် ခဲ့ပါတယ်။ အခုလိုအောင်မြင်ဖြစ်ထွန်းတာ မြင်တွေ့ရတော့ ငါစိုက်တာနည်းသွားတယ်လို့တောင် နောင်တရမိပါတယ်" ဟု ပြောပြသည်။

"ကျွန်တော်က ထန်းပင်ကုန်းရွာက ကိုကျော်သူ အသက် ၃၀ နှစ်ပါ။ ယခုနှစ်နွေစပါး ၁၅ ဧက စိုက်ပါတယ်။ လာမယ့်နှစ် ဒီထက်ပို စိုက်သွားမှာပါ။ နွေစပါးက မြေအနေအထားအလိုက် မြေဩဇာကြိုက်ပါတယ်။ တစ်ဧကကို မြေဩဇာ ငါးအိတ်လောက်သုံးနိုင်မယ်ဆိုရင်တော့ တစ်ဧကစပါးတင်း ၁၀၀ ကျော် ပြေးမလွတ်ပါဘူး။ ဒါပေမယ့် ငွေကြေးအခက်အခဲကြောင့် အများစုက နှစ်အိတ်ကနေ သုံးအိတ်အထိပဲ ထည့်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နွေစပါးစိုက်တောင်သူအတွက် တကယ်စိုက်တဲ့ တောင်သူတွေကို သက်ဆိုင်ရာက မြေပြင်ကွင်းဆင်းစိစစ်ပြီး စိုက်/ဘဏ်ချေးငွေ ထုတ်ချေးပေးမယ်ဆိုရင် ဒီကွင်းတစ်ကွင်းလုံး နွေစပါးဧကသောင်းကျော် စိုက်ပျိုးကြမှာ သေချာပါတယ်"ဟု လာရောက်လေ့လာသူများအား ပြောသည်။

ဖြူးချောင်းရေလှောင်တမံဘက်စုံ စီမံကိန်းတွင် ရေအားလျှပ်စစ်ထုတ်ခြင်း၊ စိုက်ပျိုးရေပေးဝေခြင်း၊ ရေကြီးနစ်မြုပ်မှုကာကွယ်ခြင်းလုပ်ငန်းရပ်များ ဆောင်ရွက်လျက်ရှိသည်။ ရေအားဖြင့် လျှပ်စစ်ထုတ်ကာ မူလချောင်းအတွင်း ပြန်လည်ရောက်ရှိသွား သောရေများကို ရေလွှဲဆည်ဖြင့် ထိန်းပြီး လက်ဝဲမြောင်း၊ လက်ယာမြောင်းများဖြင့် လယ်ဧက ၉၀၀၀၀ ကို ရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ရေပေးတူးမြောင်းများ ရာနှုန်းပြည့်မပြီးစီးမီ တောင်သူလယ်သမားများအတွက် လက်ယာမြောင်းခွဲမှ ဆည်ရေကို ဇဟားချောင်းအတွင်းသို့ ထုတ်လွှတ်ပေးပြီး လှသင်းမောင်ကျေးရွာအုပ်စုတွင် နွေစပါး ၁၂၁၀ ဧက ယခုနှစ်မှစ၍ စိုက်ပျိုးလာနိုင်ပြီဖြစ်သည်။ ဖြူးရေသောက်စနစ်မှ ညောင်ပင်သာ စိုက်ကွင်းရှိ လယ် ဧက ၁၈၀၀ ကို ရေပေးဝေရန် အဆင်သင့်ရှိနေပြီဖြစ်သည်။ တောင်သူများတောင်းဆိုလာပါက ပေးဝေမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် လှသင်းမောင် ကျေးရွာအုပ်စုမှ နွေစပါး ၁၂၁၀ ဧက စိုက်ပျိုးထားပြီး လာမည့်နှစ်တွင် ဇဟားချောင်းအား အဆင့်ဆင့်ပိတ်၍ တိုးချဲ့စိုက်ပျိုးနိုင်အောင် စီစဉ်ထားမည်ဆိုပါက တောင်သူလယ်သမား သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း ဦးဗိုလ်ဗိုလ်က ပြောသည်။

လှသင်းမောင်ကျေးရွာအုပ်စုအပါအဝင် ဖြူး-ကညွတ်ကွင်းဒေသ၏ အရှေ့ဘက်မှ ကျေးရွာအုပ်စုများတွင် စပါးတစ်သီးတည်းသာ စိုက်ပျိုးနိုင်သောလယ်မြေများမှာ ဧက ၂၅၀၀၀ ခန့်ရှိရာ အဆိုပါကွင်းများကို ဆည်ရေသောက်စနစ်ရောက်ရှိအောင် ရန်ပုံငွေရရှိမှုအခြေအနေပေါ် မူတည်ပြီး ဦးစားပေးဆောင်ရွက်ပေးရန် လျာထားကြောင်း သိရသည်။ သဘာဝချောင်းအတွင်းသို့ ရေလွှတ်ပေးပြီး ချောင်းပိတ်စနစ်ဖြင့် စိုက်ပျိုးကြသည်မှာ ယာယီအစီအစဉ်သာ ဖြစ်သည်။ နှစ်စဉ်ချောင်းပိတ်နေရသဖြင့်မြေယူရန် အခက်အခဲ၊ ချောင်း၏ ရေစီးရေလာ ပျက်စီးခြင်းအခက်အခဲတို့ ဖြစ်ပေါ်စေခြင်းကြောင့် စနစ်တကျ ဆည်ရေသောက်စနစ်သည်သာ အကောင်းဆုံးဖြစ်သည်။

ဆည်ရေသောက်စနစ် ရောက်ရှိလာလျှင် ဖြူးမြို့နယ်အတွင်း တစ်သီးစားသာ ရရှိသောလယ်မြေများမှာ အနည်းဆုံး နှစ်သီးစားဖြစ်လာမည်ဖြစ်ပြီး နှစ်သီးစားရပြီးဖြစ်သော လယ်မြေများမှာ သုံးသီးစားဖြစ်လာတော့မည် ဖြစ်သည်။

ယခုနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ တောင်သူ ၁၈ ဦးတို့က နွေစပါးစိုက်ဧက ၁၂၁၀ ဧကကို ဆည်ရေဖြင့် စိုက်ပျိုးခဲ့ကြရာ အောင်မြင်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

ထိုနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် စာရေးသူတို့ အဖွဲ့သည် အဆိုပါနေရာမှ ကျေးလက်ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာခဲ့ကြပြီး မွန်းလွဲ ၂ နာရီတွင် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်း လက်ယာတူးမြောင်းမှ ဇဟားချောင်းအတွင်းသို့ ရေများပို့လွှတ်နေသည်ကို လေ့လာခဲ့ကြရပြီး စီမံကိန်းဧရိယာအတွင်း ရေများသိုလှောင်ထားရှိမှုနှင့် ရေသွင်းရေထုတ်တူးမြောင်းများ ရှင်းလင်းပြသသည်ကို လေ့လာတွေ့ရှိခဲ့ကြရသည်။ ။



**ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ရေအားလျှပ်စစ်ထုတ်ခြင်း၊ စိုက်ပျိုးရေပေးဝေခြင်း၊ ရေကြီးနစ်မြုပ်မှုကာကွယ်ခြင်း လုပ်ငန်းရပ်များ ပါဝင်ကြောင်း၊ ရေအားဖြင့် လျှပ်စစ်ထုတ်ကာ မူလချောင်းအတွင်း ပြန်လည်ရောက်ရှိသွားသော ရေများကို ရေလွှဲဆည်ဖြင့် ထိန်းပြီး လက်ဝဲမြောင်း၊ လက်ယာမြောင်းများဖြင့် လယ်ဧက ၉၀၀၀၀ ကို ရေပေးဝေရန် လျာထား ဆောင်ရွက်နေ**



**ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်စေရေးအတွက် မတ်လနောက်ဆုံးပတ်က မြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ထွန်း၊ မြို့နယ်မီးသတ် ဦးစီးအရာရှိ ဦးမိုးကျော်နှင့် အဖွဲ့ဝင်များ အမှတ်(၁) ရပ်ကွက်ဂုံးလမ်းနှင့် အမှတ် (၂) ရပ်ကွက် ကံကြီးလမ်းပေါ်ရှိ ဈေးဆိုင်များ၊ စတိုးဆိုင်များနှင့် လူနေအိမ်များသို့ မီးဘေးလုံခြုံရေး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ပေးစဉ်**

ကိုသက်(ဇီးကုန်း)

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ပေါင်းတည် မေ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကန်ငယ်အုပ်စု သာကတိုးကွေ့ ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးခင်ဇော်အောင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများ မတ်လနောက်ဆုံးပတ်က အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တက်ရောက်လာသူများက လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ခန္တီး မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၃၁ ရက်က ခန္တီးမြို့ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က ခန္တီးမြို့နယ်အနေဖြင့် ၂၀၁၆ခုနှစ်မှာ တီဘီဝေဒနာရှင်စုစုပေါင်း ၁၉၆ဦးကို ဆေးကုသမှုပေးခဲ့ပြီး ယခုအခါဆေးယဉ်ပါးလျက်ရှိသော တီဘီလူနာတစ်ဦးကိုလည်း ဆေးကုသမှုပေးလျက်ရှိကြောင်း ပြောကြားသည်။ ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ မိန့်ခွန်းအား ခရိုင်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာညွန့်စိန်က ဖတ်ကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ**
**လွန်စွာပူအေး ဥတုဘေး။**

# ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း ( UNCLOS)နှင့် မြန်မာ့ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေ

**လှမျိုးနွယ်**

မြန်မာနိုင်ငံ၏ ကုန်းနယ်နိမိတ်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် နယ်နိမိတ်လုပ်ငန်းစဉ်များ၊ လိုက်နာရမည့် စည်းမျဉ်းများ၊ မူများ၊ အပြည်ပြည်ဆိုင်ရာဥပဒေအရသတ်မှတ်ထားသည့် စံချိန်စံနှုန်းများ၊ နယ်နိမိတ်ကြောင်းသွယ်တန်းခြင်း (Boundary Description) နှင့် အသေးစိတ်ညှိနှိုင်းဆောင်ရွက်ရာတွင် လက်တွေ့ကြုံရသည့် အခက်အခဲ၊ သိမ်မွေ့မှု၊ နက်နဲမှုအခြေအနေများကို မြန်မာလူထုအနေဖြင့် အသေးစိတ်မသိရှိသည့်တိုင် ယေဘုယျအားဖြင့်မူ နားလည်သိရှိကြပြီးဖြစ်ပါသည်။ ဗဟုသုတများရှိကြပါသည်။

**ပိုမိုသိရှိအာရုံစိုက်လာ**

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသက်ရောက်ရာ ပင်လယ်ဆိုင်ရာရေပိုင်နက်နယ်ပယ် (Maritime Territory) နှင့် မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများအကြား ရေနယ်နိမိတ်သတ်မှတ်ရေး ( Delimitation of Maritime Boundary) ကိစ္စများသည် ခက်ခဲနက်နဲရှုပ်ထွေးလှသည့် နည်းပညာပိုင်း (Technical) သာမက အပြည်ပြည်ဆိုင်ရာဥပဒေအရ သတ်မှတ်ချက်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၏စံချိန်၊ စံနှုန်းများနှင့်ပါ အကျုံးဝင်သက်ဆိုင်နေခြင်းတို့ကြောင့် လူအများတို့ ကျယ်ကျယ်ပြန့်ပြန့်မသိရှိနိုင်ဟု ဆိုရပါမည်။ ၂၀၁၂ ခုနှစ်၌ မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဘင်္ဂလားပင်လယ်အော်တွင်းပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအမှုအား ပင်လယ်ဥပဒေဆိုင်ရာနိုင်ငံတကာခုံရုံးကဆုံးဖြတ်ဖြေရှင်းပြီး နောက်ပိုင်းတွင်မှ မြန်မာလူထုသည် ပင်လယ်ရေနယ်နိမိတ်နှင့်ပတ်သက်၍ ပိုမိုသိရှိအာရုံစိုက်လာကြကြောင်းတွေ့ရှိနိုင်ပါသည်။

ယခုတစ်ဖန် နိုင်ငံတစ်နိုင်ငံက အချုပ်အခြာအာဏာသက်ရောက်သည့် ပင်လယ်ရေဧရိယာများ (Maritime Areas) တစ်နည်းအားဖြင့် ပင်လယ်ဆိုင်ရာပိုင်နက်နယ်ပယ် (Maritime Territory) များနှင့်စပ်လျဉ်း၍ ဤဆောင်းပါးကို ရေးသားရန် စာရေးသူအားစေ့ဆော်လာသည့်ကိစ္စမှာ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏ စတုတ္ထပုံမှန်အစည်းအဝေးကပေါ်ထွက်လာသည့် **“မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ(ကြမ်း)”** ဖြစ်ပါသည်။ ဤဥပဒေကို ပြဋ္ဌာန်းရန်လွှတ်တော်၏ ကြိုးပမ်းချက်အပေါ် ဝမ်းသာဂုဏ်ယူမှုနှင့်အတူ ပင်လယ်ဥပဒေနှင့်စပ်လျဉ်း၍ စာရေးသူလေ့လာသိရှိထားသမျှ သက်ဆိုင်သော နောက်ခံအချက်အလက်အချို့ကို ရေးသားလိုစိတ်ဖြစ်ပေါ်လာပါသည်။

တည်ဆဲဥပဒေတစ်ရပ်အဖြစ် ၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၃) အဖြစ် ထုတ်ပြန်ခဲ့သော ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေရှိပြီးဖြစ်လျက် အဘယ်ကြောင့် ဤဥပဒေသစ်ပေါ်ထွက်လာသနည်း၊ ဤဥပဒေသစ်ပြဋ္ဌာန်းရန်လိုအပ်လာသည့်နောက်ခံသမိုင်း၊ ဤဥပဒေသစ်၏ အရေးကြီးပုံ၊ ထူးခြားချက်၊ အနှစ်သာရများနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည့် နောက်ခံသမိုင်းကိုရေးသားလိုမိပါသည်။

ပထမဦးစွာ၁၉၇၇ ခုနှစ်၊ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေအား အဓိကအခြေခံပေါက်ဖွားလာစေသည့် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း ( United Nations Convention on the Law of the Sea - UNCLOS) သည်ပင်လျှင် ၁၉၈၂ ခုနှစ်တွင်မှ ကုလသမဂ္ဂ၏အတည်ပြုချက်ဖြင့်ပေါ်ထွက်လာခြင်းဖြစ်သော်လည်း မြန်မာ့ပိုင်နက်ပင်လယ်ဥပဒေကို အဘယ်ကြောင့် ငါးနှစ်ခန့်စောစီးစွာ ပြဋ္ဌာန်းခဲ့သနည်းဟူသောအချက်ကိုစိစစ်လေ့လာရန်လိုအပ်ပါသည်။

ပင်လယ်ဥပဒေပေါ်ပေါက်လာပုံ သမိုင်းကြောင်းကို လေ့လာလျှင် ၁၉၅၈ ခုနှစ် မတိုင်မီကပင် နိုင်ငံများသည် မိမိတို့အမျိုးသားစီရင်ပိုင်ခွင့်အာဏာ ( National Jurisdiction) အတွင်းကျရောက်သော ပိုင်နက်နယ်ပယ်များကို နိုင်ငံအားလုံးအကြားတစ်ပြေးညီသတ်မှတ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ သို့သော် ဤကြိုးပမ်းမှုမှ နိုင်ငံအားလုံး တညီတညွတ်တည်း လက်ခံသည့် ဥပဒေတစ်ရပ်မပေါ်ထွက်မီ နိုင်ငံများသည် မိမိတို့အကျိုးစီးပွားကို အကာအကွယ်ပေးရန် ပင်လယ်ပိုင်နက်များကို တစ်ဖက်သတ်သတ်မှတ်ခြင်း၊ တိုးချဲ့ခြင်းများပြုလုပ်လာကြပါသည်။ အချို့နိုင်ငံများက ထိုစဉ်က အမြောက်ကျည်ကျရောက်ရာနေရာအဖြစ် ရေမိုင် ၃ မိုင်၊ အချို့နိုင်ငံများက ရေမိုင် ၆ မိုင်စသည်ဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြိုင်အဆိုင်၊ အလုအယက်တိုးချဲ့လာကြပါသည်။ ပင်လယ်ဥပဒေပြဋ္ဌာန်းရေးကြိုးပမ်းမှုနှင့်စပ်လျဉ်း၍ ထိုကာလများက နိုင်ငံများအကြား အငြင်းပွားဆုံးအချက်မှာ ပိုင်နက်ပင်လယ်၏အကျယ်အဝန်းဖြစ်ပါသည်။

**ပို၍တိကျမှန်ကန်သည့်အယူအဆ**

ဗြိတိန်နိုင်ငံသည် ယင်း၏ ပိုင်နက်ပင်လယ်ကို ၃ မိုင် ကျယ်ဝန်းကြောင်း နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုများတွင် ကနဦးတောင်းဆိုခဲ့သော်လည်း ၁၉၈၇ ခုနှစ်တွင်မူ ပြည်တွင်းဥပဒေအဖြစ် ပိုင်နက်ပင်လယ်အက်ဥပဒေကို ပြဋ္ဌာန်း၍ ယင်းနိုင်ငံ၏ ပိုင်နက်ပင်လယ်ကို ရေမိုင် ၃ မိုင် မှ ၁၂ မိုင် အထိတိုးချဲ့ သတ်မှတ်ခဲ့ပါသည်။ အလားတူ ၃ မိုင် မှ ၁၂ မိုင် အထိသတ်မှတ်သည့်နိုင်ငံများလည်းပေါ်ပေါက်လာပါသည်။ ကမ်းရိုးတန်းနိုင်ငံများအနေဖြင့်၁၂ မိုင်အထိ တောင်းဆိုနိုင်သည်ဟုဆိုသော်လည်း ပို၍တိကျမှန်ကန်သည့်အယူအဆကို ပြောရလျှင် ၁၂ မိုင်ထက် မကျော်လွန်စေဘဲ မည်သည့်အကွာအဝေးမဆို ပိုင်နက်ပင်လယ်အဖြစ် သတ်မှတ်နိုင်သည့် သဘောဆောင်လာပါသည်။ လက်တွေ့တွင်မူ ၁၂ မိုင် ထက်ပိုမိုသောအကျယ်အဝန်းကို သတ်မှတ်ပါက ယင်းတောင်းဆိုမှုအား အခြားနိုင်ငံများ၏ လက်ခံအသိအမှတ်ပြုမှုအပေါ်တွင်သာ မူတည်၍တရားဝင်ကြောင်း၊ အခြားနိုင်ငံများက လက်မခံဘဲ ကန့်ကွက်လျှင် ယင်းနိုင်ငံ၏တောင်းဆိုမှုမှာ ဥပဒေအရအကျိုးသက်ရောက်မှုမရှိကြောင်း အယူအဆများပေါ်ထွက်ခဲ့ ပါသည်။ ဤအခြေအနေအပေါ်မူတည်၍ လက်တင်အမေရိကနိုင်ငံ အချို့တို့က ရေမိုင် ၂၀၀ အထိ တိုးချဲ့မှုများ ပြုလုပ်လာကြပါသည်။

နောက်ပိုင်းတွင် ရေမိုင် ၃ မိုင် မှ ၁၂ မိုင် အထိ အကျယ်အဝန်းအား ရေကြောင်းအင်အားကြီးနိုင်ငံအချို့တို့က ဓလေ့ထုံးတမ်းဥပဒေကဆင်းသက်လာသော “မူ”အဖြစ် လက်ခံခဲ့သော်လည်း နိုင်ငံအားလုံးတညီတည်း လက်ခံသည့် အကျယ်အဝန်းအဖြစ် သတ်မှတ်နိုင်သည့်အနေအထားသို့ မရောက်ရှိခဲ့ပါ။ ကမ်းရိုးတန်းနိုင်ငံများ၏ စီရင်ပိုင်ခွင့်အာဏာကို အနည်းဆုံးအဆင့်တွင်သာထားရှိလိုသည့် ရေကြောင်းအင်အားကြီးနိုင်ငံများနှင့် မိမိတို့ကမ်းရိုးတန်းနှင့် တစ်ဆက်တည်း ငါးဖမ်းခြင်း၊ သတ္တုသယံဇာတများရှာဖွေတူးဖော်ခြင်းကဲ့သို့သောကိစ္စများအား သီးသန့်ထိန်းချုပ်ခွင့်၊ ကျင့်သုံးခွင့်ကို ရယူလိုသည့် ကမ်းရိုးတန်းနိုင်ငံများအကြား ကြီးမားသော သဘောထားကွဲလွဲမှု ဖြစ်ပေါ်လာပါသည်။ ညှိနှိုင်းဆွေးနွေးခြင်းဖြင့်အဖြေရှာရမည့်အကြောင်းကိစ္စဖြစ်လာပါသည်။

> **ဗြိတိန်နိုင်ငံသည် ယင်း၏ ပိုင်နက်ပင်လယ်ကို ၃ မိုင် ကျယ်ဝန်းကြောင်း နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုများတွင် ကနဦးတောင်းဆိုခဲ့သော်လည်း ၁၉၈၇ ခုနှစ်တွင်မူ ပြည်တွင်းဥပဒေအဖြစ် ပိုင်နက်ပင်လယ်အက်ဥပဒေကို ပြဋ္ဌာန်း၍ ယင်းနိုင်ငံ၏ ပိုင်နက်ပင်လယ်ကို ရေမိုင် ၃ မိုင်မှ ၁၂ မိုင် အထိတိုးချဲ့ သတ်မှတ်ခဲ့ပါသည်။ အလားတူ ၃ မိုင်မှ ၁၂ မိုင် အထိသတ်မှတ်သည့် နိုင်ငံများလည်း ပေါ်ပေါက်လာပါသည်။ ကမ်းရိုးတန်းနိုင်ငံများအနေဖြင့် ၁၂ မိုင်အထိ တောင်းဆိုနိုင်**

အလားတူတစ်ဖက်တွင်လည်း နိုင်ငံများက အပြိုင်အဆိုင်တိုးချဲ့လာပါက နိုင်ငံ၏အချုပ်အခြာအာဏာသက်ရောက်ရာ သို့မဟုတ် အမျိုးသားစီရင်ပိုင်ခွင့်အာဏာကျရောက်ရာ ရေဧရိယာများကျယ်ဝန်းလာသည်နှင့်အမျှ အခြားနိုင်ငံများ၏ လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်၊ လွတ်လပ်စွာပင်လယ်အသုံးပြုပိုင်ခွင့်များဆုံးရှုံးမည့်အရေးကိုပင်လယ်ရေကြောင်းအင်အားကြီးနိုင်ငံများ၊ ပထဝီအနေအထားအရ တစ်ပန်းရှုံးနိုင်ငံများ၊ ကုန်းတွင်းပိတ် နိုင်ငံများက စိုးရိမ်ပူပန်လာကြပါသည်။

ဤသို့ ကွဲပြားခြားနားသော အယူအဆများကို ကျဉ်းမြောင်းလာစေရန်အတွက် ပထမဦးဆုံး ပင်လယ်ဥပဒေဆိုင်ရာ ကုလသမဂ္ဂညီလာခံကို ၁၉၅၈ ခုနှစ်တွင်ကျင်းပခဲ့ပါသည်။ ယင်းညီလာခံက ကွန်ဗင်းရှင်း (၄) ခု ပေါ်ထွက်လာခဲ့ပါသည်။ အဆိုပါ ကွန်ဗင်းရှင်းများမှာ (က) ပိုင်နက်ပင်လယ်နှင့် ဆက်စပ်ဇုန်ဆိုင်ရာကွန်ဗင်းရှင်း၊ (ခ) ကမ်းလွန်ရေတိမ်ပိုင်းဆိုင်ရာကွန်ဗင်းရှင်း၊ (ဂ) ကမ်းဝေးပင်လယ် (High Sea) ဆိုင်ရာကွန်ဗင်းရှင်း၊ (ဃ) ကမ်းဝေးပင်လယ်တွင် ငါးနှင့်အခြားသက်ရှိသယံဇာတများ ထိန်းသိမ်းခြင်းဆိုင်ရာ ကွန်ဗင်းရှင်းတို့ဖြစ်ပါသည်။

ဤသို့ ပေါ်ပေါက်ခဲ့သည့်အတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်ဆိုင်ရာ အကျယ်အဝန်းနှင့်စပ်လျဉ်းသည့် အငြင်းအခုံများ အထိုက်အလျောက်လျော့ကျသွားခဲ့သော်လည်း ဤကွန်ဗင်းရှင်း(၄) ခုမှာ နိုင်ငံများ၏လိုလားချက်၊ တောင်းဆိုချက်များကို အပြည့်အဝထင်ဟပ်ဖော်ပြခြင်းမပြုနိုင်ဘဲ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်နှင့်ကမ်းဝေးပင်လယ်ဆိုင်ရာ အခြေခံသဘောတရားများသာ ပါဝင်ခဲ့သည့်အနေအထားဖြစ်ပါသည်။ ၁၉၆၀ပြည့်နှစ်တွင် ပင်လယ်ဥပဒေဆိုင်ရာ ဒုတိယအကြိမ် ကုလသမဂ္ဂကွန်ဖရင့်ကို ကျင်းပနိုင်ခဲ့သော်လည်း နိုင်ငံအများစုတို့သဘောတူသည့် ဆုံးဖြတ်ချက်ကို မချမှတ်နိုင်ခဲ့ပါ။ ဆိုလိုသည်မှာ ကမ္ဘာ့နိုင်ငံများအားလုံးကတညီတညွတ်တည်းသဘောတူပြီး နိုင်ငံများအားလုံးအပေါ် စည်းနှောင်မှုစွမ်းအားရှိသည့် ပင်လယ်ဥပဒေတစ်ရပ် ပေါ်ထွက်လာရေးလိုအပ်ချက်ကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်ကျင်းပခဲ့သည့် ပင်လယ်ဥပဒေဆိုင်ရာကွန်ဖရင့်များက မဖြည့်ဆည်းနိုင်ခြင်းဖြစ်ပါသည်။

ပင်လယ်ဥပဒေသည် အပြည်ပြည်ဆိုင်ရာဥပဒေများ အနက်အခြေခံအားဖြင့် အလွန်အရေးကြီးသော ( Fundamental Importance) ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ပင်လယ်သမုဒ္ဒရာရေထုသည် နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေး၊ နိုင်ငံတကာဆက်သွယ်ရေးအတွက် အဓိကအရေးပါရုံမျှမက ငါး၊ ရေနံ၊ ဓာတ်ငွေ့၊ အခြားအဖိုးတန်သတ္တုများအစရှိသည့် သက်ရှိ သက်မဲ့သယံဇာတများအလွန်ကြွယ်ဝသည့် ဧရိယာဖြစ်ပါသည်။

**ရှေ့နောက်ညီညွတ်**

အဏ္ဏဝါဆိုင်ရာ သယံဇာတအရင်းအမြစ်များ ( Marine Resources)အပေါ် နိုင်ငံများ၏ မှီခိုအားထားမှုမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုမြင့်မားလာခြင်း၊ ယေဘုယျအားဖြင့် နိုင်ငံတကာလူ့အဖွဲ့အစည်းများ၏ အပြန်အလှန်မှီခိုဆက်သွယ်မှု ( Interdependence) များကို ပိုမိုတိုးတက်များပြားလာခြင်း စသည်တို့ကြောင့် ပင်လယ်ရေထုဧရိယာတစ်ခုလုံးအပေါ် လွှမ်းမိုးအာဏာသက်ရောက်မည့် နိုင်ငံတကာဥပဒေ၊ စည်းမျဉ်းများပေါ်ထွက်လာရေးသည် အရေးကြီးလာခဲ့ပါသည်။ ယင်းဥပဒေစည်းမျဉ်းများသည် ရှေ့နောက်ညီညွတ်ပြီးကျိုးကြောင်းဆင်ခြင်မှုတမှုလည်းရှိရပါမည်။

ဤသို့ အရေးကြီးလာသည်နှင့်အမျှ ပင်လယ်ဥပဒေပေါ်ထွက်လာရေးအတွက်နိုင်ငံများ၏ ကြိုးပမ်းမှု၊ တက်ကြွစွာပါဝင်လှုပ်ရှားမှုများသည် ကုလသမဂ္ဂမျက်နှာစာတွင် ပိုမိုတွင်ကျယ်စွာဖြင့် နေရာယူလာပါသည်။ သို့နှင့်အညီ တတိယအကြိမ် ကုလသမဂ္ဂပင်လယ်ဥပဒေညီလာခံကို ၁၉၇၀ ပြည့်နှစ်ကာလများကစတင်၍ တစ်ဆက်တည်း ကျင်းပလာခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကလည်း အားသွန်ခွန်စိုက်ပါဝင်၍ ကြိုးပမ်းလာကြပါသည်။

သို့သော် ပထမညှိနှိုင်းမှုကာလများတွင် ပင်လယ်ဥပဒေကွန်ဗင်းရှင်းအား အမေရိကန်ပြည်ထောင်စုအပါအဝင်နိုင်ငံကြီးအချို့တို့က လက်ခံမှုမရှိဘဲ အထူးသဖြင့် ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲဖြစ်သော ပင်လယ်ကြမ်းပြင် သတ္တုရှာဖွေရေးနှင့်ပတ်သက်၍နိုင်ငံကြီးများနှင့်နိုင်ငံငယ်များအကြားအငြင်းပွားမှုများမှာ ပိုမိုကြီးမားလာပါသည်။ ဤကွာဟချက်များအပေါ် အပြင်းအထန်ညှိနှိုင်းဆွေးနွေးခြင်း၊ အလျှော့အတင်း၊ အပေးအယူများပြုလုပ်ခဲ့ကြရပြီး ညှိနှိုင်းမှုများအတွက် တတိယအကြိမ် ပင်လယ်ဥပဒေညီလာခံနှင့်ညီလာခံ၏ နောက်ဆက်တွဲအစည်းအဝေးများကို အကြိမ်ကြိမ်ကျင်းပခဲ့ကြရပါသည်။(၉) နှစ်တိုင်အောင်ကြာမြင့်စွာကျင်းပခဲ့ပြီးနောက် ၁၉၈၂ ခုနှစ်တွင်မှ ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂသမိုင်းတွင် ကာလအရှည်ကြာဆုံးဆွေးနွေးညှိနှိုင်းရသည့် ကွန်ဗင်းရှင်းအဖြစ်မှတ်တမ်းဝင်ခဲ့ပါသည်။

ပင်လယ်ဥပဒေဆိုင်ရာအခြေခံသဘောတရားအချို့နှင့် စပ်လျဉ်း၍ ၁၉၅၈ ခုနှစ်က ပေါ်ထွက်ခဲ့သည့်ကွန်ဗင်းရှင်း ( ၄) ခုက အာဏာသက်ဝင်စေခဲ့သော်လည်း ကဏ္ဍအများစုတွင်မူ ၁၉၈၂ ခုနှစ် ပင်လယ်ဥပဒေကွန်ဗင်းရှင်းက ပိုမိုပြည့်စုံပြီးကမ္ဘာ့နိုင်ငံအများစုတို့က ပိုမိုလက်ခံလာသည့် ပင်လယ်ဥပဒေသဘောတရားများကို ပေါ်ထွက်စေခဲ့ပါသည်။

ကွန်ဗင်းရှင်းအား “တစ်ပေါင်းတစ်စည်းတည်းသော သဘောတူစာချုပ်” ( Package Deal)အဖြစ်ပြဋ္ဌာန်းချက်များအားလုံးကို အကောင်အထည်ဖော်ရန်ရေးဆွဲခဲ့ခြင်းဖြစ်သောကြောင့် အာတီကယ်တစ်ခုချင်းအပေါ် မဲခွဲဆုံးဖြတ်ခြင်းမပြုဘဲ နိုင်ငံများအားလုံး၏ တညီတညွတ်တည်းသဘောဆန္ဒဖြင့် ချမှတ်ရန်မျှော်မှန်းခဲ့ပါသည်။ ဦးစားပေးအစီအစဉ်ချင်းမတူညီသောနိုင်ငံများအကြား စေ့စပ်ညှိနှိုင်းခြင်း၊ အလျှော့အတင်းပြုလုပ်ခြင်းက တစ်ဆင့်ပေါက်ဖွားလာသည့် ရလဒ်ဖြစ်သည့်တိုင် ကွန်ဗင်းရှင်းအားအပြီးသတ်ပြဋ္ဌာန်းချိန်တွင်မူ နိုင်ငံများအားလုံး၏ တူညီဆန္ဒဖြင့်ချမှတ်ရေး ကြိုးပမ်းချက်မှာအောင်မြင်မှုမရရှိခဲ့ပါ။

အကြောင်းရင်းမှာ ကွန်ဗင်းရှင်း၏ အပိုင်း(၁၁) ဖြစ်သော ပင်လယ်ကြမ်းပြင်၏ အနက်ဆုံးအပိုင်းတွင် သတ္တုရှာဖွေခြင်းနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုက ဆန့်ကျင်ကန့်ကွက်ပြီး မဲခွဲဆုံးဖြတ်ရန်တောင်းဆိုခဲ့သောကြောင့် ယင်းအပိုင်းအား ထောက်ခံမဲ ၁၃၀၊ ကန့်ကွက်မဲ ၄ မဲ၊ ကြားနေမဲ ၁၇ မဲဖြင့် အတည်ပြုခဲ့ရပါသည်။ ကန့်ကွက်မဲပေးခဲ့သည့် နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊တူရကီ၊ ဗင်နီဇွဲလားနှင့်အစ္စရေးနိုင်ငံများဖြစ်ပါသည်။ ကြားနေမဲပေးခဲ့သည့် နိုင်ငံများတွင်အများစုမှာ ဗြိတိန်နိုင်ငံအပါအဝင် ဥပရောပအရှေ့ပိုင်းနှင့်အနောက်ပိုင်းနိုင်ငံများဖြစ်ကြပါသည်။

**စံချိန်တင်ကွန်ဗင်းရှင်း**

ဤသို့ဆန့်ကျင်ကန့်ကွက်မဲများပေးခဲ့ကြသော်လည်း ထောက်ခံမဲများပြားသည့်အတွက် ကွန်ဗင်းရှင်း၏ အာဏာသက်ဝင်မှုကို မတားဆီးနိုင်ခဲ့ပါ။ ကုလသမဂ္ဂဦးဆောင်မှုအောက်တွင် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် မူလကကန့်ကွက်ခဲ့သော အမေရိကန်၊ ဗြိတိန်အပါအဝင် နိုင်ငံကြီးများကပါ လက်ခံလာပြီး နောက်ဆုံး တွင် ပင်လယ်ဥပဒေကွန်ဗင်းရှင်းသည် အာဏာသက်ဝင်လာခဲ့ပါသည်။ ကွန်ဗင်းရှင်းတွင်ပုဒ်မပေါင်း ၃၁၀၊ နောက်ဆက်တွဲ (၉) ခု ပါဝင်ပြီးအဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၇ နိုင်ငံရှိနေပြီဖြစ်၍ ကုလသမဂ္ဂပြီးလျှင် အဖွဲ့ဝင်နိုင်ငံအများဆုံးပါဝင်သည့် စံချိန်တင်ကွန်ဗင်းရှင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။

ဤကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း (၁၉၈၂ ) သည် ကုလသမဂ္ဂကကြီးမှူးပြုလုပ်သည့် နိုင်ငံများဆိုင်ရာစာချုပ်များအနက် အခက်အခဲ၊အရှုပ်ထွေးဆုံးနှင့် အပြည့်စုံဆုံးဥပဒေတစ်ရပ်ဟု ပင်ဆိုနိုင်ပါသည်။ ကွန်ဗင်းရှင်းတွင် ပင်လယ်ဥပဒေဆိုင်ရာကဏ္ဍပေါင်းစုံပါဝင်ပြီး ပင်လယ်နှင့်တကွအဏ္ဏဝါဆိုင်ရာသယံဇာတပစ္စည်းများကို အသုံးပြုမှုနှင့်စပ်လျဉ်း၍ တစ်ကမ္ဘာလုံးကလိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ဆိုင်ရာဥပဒေတစ်ရပ်ချမှတ်ရေးမူလရည်ရွယ်ချက်ကို ဖြည့်ဆည်းနိုင်သည်ဟု ဆိုရပါမည်။

ပင်လယ်ဥပဒေအားထိရောက်စွာ အာဏာသက်ဝင်စေရန် လိုအပ်သောဥပဒေမူဘောင် (Legal Framework) တစ်ရပ် ချမှတ်ရေးအတွက် နိုင်ငံတကာလူ့အဖွဲ့အစည်းအတွင်း သဘောတူညီချက်များရရှိလာခြင်း၊ နိုင်ငံအားလုံးတို့က လိုက်နာရန် အပြည်ပြည်ဆိုင်ရာဥပဒေစံချိန်စံနှုန်းများပေါ်ထွက်လာခြင်းသည် ကုလသမဂ္ဂနှင့်တကွ ကမ္ဘာ့နိုင်ငံများအားလုံးအတွက် အဓိကအောင်မြင်မှုတစ်ရပ် ဖြစ်လာပါသည်။

ပင်လယ်ဥပဒေကွန်းဗင်းရှင်းသည် နိုင်ငံများ၏အချုပ်အခြာအာဏာ (State Sovereignty)၊ နိုင်ငံများ၏ စီရင်ပိုင်ခွင့်အာဏာ (State Jurisdiction)၊ ရေထု ၊ ပင်လယ်ကြမ်းပြင်(Sea Bed)၊အောက်ခံမြေထု( Subsoil) နှင့် ပင်လယ်အပေါ်ရှိလေထုအထိ အာဏာသက်ရောက်သော နိုင်ငံ၏ ရပိုင်ခွင့်များ(State Rights) နှင့်အကျုံးဝင်သက်ဆိုင်ပါသည်။

ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းကို လေ့လာလျှင် နိုင်ငံများက အချုပ်အခြာအာဏာအပြည့်အဝသက်ရောက်သည့် ပိုင်နက်ပင်လယ်၊ သီးသန့်အချုပ်အခြာလုပ်ပိုင်ခွင့်ကျင့်သုံးနိုင်သောဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းအစရှိသည့် ပင်လယ်ဆိုင်ရာနယ်ပယ်များနှင့်လည်းကောင်း၊ နိုင်ငံများ၏ အမျိုးသားစီရင်ပိုင်ခွင့်ပြင်ပတွင်ကျရောက်သော ကမ်းဝေးပင်လယ်(High Sea )အသုံးချခွင့် စည်းမျဉ်း၊ စည်းကမ်းများနှင့်လည်းကောင်း၊ အဏ္ဏဝါညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး၊ ကျွန်းစုများ၊ ကျွန်းများ၊ နိုင်ငံတကာရေကြောင်းသွားလာရေးလမ်းများ ၊ ရေလက်ကြားများနှင့်လည်းကောင်း ကျယ်ပြန့်စွာအကျုံးဝင်ကြောင်းတွေ့ရှိနိုင်ပါသည်။

*ဆက်လက်ဖော်ပြပါမည်*

# ဆောက်လုပ်ရေးဝန်ကြီးဌာန သုတေသနနှင့် အရည်အသွေးစစ်ဆေးရေးဌာနစိတ်ဖွင့်

**မန္တလေး မေ ၃**

မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနညွှန်ကြားရေးမှူးရုံးတွင် သုတေသနနှင့် အရည်အသွေးစစ်ဆေးရေးဌာနစိတ် ဖွင့်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ်လမ်း ၃၀ ရှိ လမ်းဦးစီးဌာန ပြန်ကြားရေးမှူးရုံး၌ ကျင်းပခဲ့သည်။

သုတေသနနှင့် အရည်အသွေး စစ်ဆေးရေးဌာနစိတ် ဆိုင်းဘုတ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လမ်းဦးစီးဌာန ပြန်ကြားရေးမှူးချုပ် ဦးအုန်းလွင်၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေး၊ အဆောက်အအုံ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတင်၊ တိုင်းဒေသကြီး လမ်းဦးစီး ဌာနညွှန်ကြားရေးမှူး ဦးမောင်မောင်ညွန့်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီထွေးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် သုတေသနနှင့် အရည်အသွေးစစ်ဆေးရေးဌာနစိတ်တွင် စမ်းသပ်နိုင်သော Test များကို



ကြည့်ရှုစစ်ဆေးကြသည်။

မြန်မာနိုင်ငံသုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်သူ့ဘဏ္ဍာငွေဖြင့် တည်ဆောက်သော လုပ်ငန်းများ အရည်အသွေးကောင်းမွန်လာစေရန်၊ လူမှုစီးပွားနယ်ပယ်တွင် အရည်အသွေးပြည့်မီ၍ ခေတ်မီသော အဆောက်အအုံ၊ လမ်းတံတားများ ပေါ်ထွန်းလာစေရန်၊ တိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေး လုပ်ငန်းများအတွက် အရည်အသွေးကို စမ်းသပ်ရာတွင် လျှင်မြန်မှန်ကန်ပြီး အထောက်အကူဖြစ်စေရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဒီရေတောများ ပြန်လည်ထူထောင်ရေးစီမံကိန်းဆွေးနွေး

**ဘိုကလေး မေ ၃**

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများ ပြန်လည်ထူထောင်ရေးစီမံကိန်း အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မြို့တော်ခန်းမ၌ မတ် ၃၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဂျပန်နိုင်ငံမှ စီမံကိန်းမန်နေဂျာ Mr Hidetoနှင့် အဖွဲ့ဝင်များ၊ မီဒီယာများတက်ရောက်ကြသည်။

ထို့နောက် ဘိုကလေးမြို့သစ်တောဦးစီးဌာနသတ်မှတ်နေရာတွင် လမုပင် များနှင့် အခြားသစ်ပင်များကို ပြည်ထောင်စုဝန်ကြီး၊ ဂျပန်နိုင်ငံမှ အလှူရှင် နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် သစ်တောဝန်ထမ်းများက ယခင်စိုက်ပျိုးထားခဲ့သည့် ဒီရေတောသစ်ပင်များနေရာရှေ့တွင် အမှတ်တရသစ်ပင် စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**ဌေးနိုင်(ဘိုကလေး)**

# မျှတသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်စေရေးအတွက် လေ့ကျင့်ဆွေးနွေး

**မန္တလေး မေ ၃**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းအရ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် UNDP နှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် “မျှတသောတရားစီရင်ရေးစနစ် ဖြစ်ပေါ်စေရေးအတွက် လေ့ကျင့်ဆွေးနွေးပွဲ ”ကိုမေ ၁ ရက်က မန္တလေးမြို့လမ်း ၃၀၊ ၆၉လမ်းနှင့်လမ်း ၇၀ ကြားရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဒယ်နီရယ်ကြည်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် UNDP မှ Ms Natalie Matranga တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး မျှတသောတရားစီရင်ရေးစနစ်ဖြစ်ပေါ်စေရေးအတွက် လေ့ကျင့်ဆွေးနွေးပွဲကို နှစ်ရက်အကြာဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လမ်းဘေးဆိုင်များကြောင့် ယာဉ်များသွားလာရေးခက်ခဲနေ

**ရန်ကုန် မေ ၃**

စက်ရုံများမှ စက်ရုံစွန့်ပစ်ပစ္စည်းများဖြစ်သော သစ်သားပလပ်ခုံ၊ သံရေစည်၊ ကော်ရေစည်စသည်တို့ကို ဝယ်ယူ၍ လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းမကြီးပေါ်ရှိ စက်မှုဇုန်မီးပွိုင့်မှ ဘုရားလမ်းမီးပွိုင့်ကြားတွင် လမ်းဘေး၌ တစ်ဆင့်ပြန်လည်ရောင်းချ



သည့်ဆိုင်များကြောင့် အမြန်လမ်းမကြီးပေါ်၌ နေ့စဉ်သွားလာနေသော ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် လှိုင်သာယာမှ ခရီးသည်တင်ယာဉ်များအတွက် သွားလာရေး အခက်အခဲရှိနေကြောင်း သိရသည်။

အဆိုပါဆိုင်များမှာ စက်မှုဇုန်နှင့် ရပ်ကွက်ကြီးကြား အမြန်လမ်းဘေးတွင် ကျူးကျော်တဲများဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး သစ်သားပစ္စည်းများ စုဆောင်းရောင်းချနေသည့်အတွက် မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်ဖွယ်ဖြစ်နေကြောင်း သိရသည်။ ဖေဖော်ဝါရီလဆန်းပိုင်းကလည်း အဆိုပါကားလမ်းမကြီးပေါ်ရှိ သစ်သားခုံများရောင်းချသော ဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အမြန်လမ်းပေါ်တွင် တစ်နာရီခွဲကျော် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်းကလည်း သစ်သားပလပ်ခုံဆိုင်အနီးရှိ ခါတ်ဆီဆိုင် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်ယာဉ်များက အချိန်မီငြိမ်းသတ်နိုင်ခဲ့၍ အဆိုပါဆိုင်များဖွင့်ထားသော ကျူးကျော်တဲများထံ မီးကူးစက်လောင်ကျွမ်းမှုကို တားဆီးနိုင်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားပြီးနောက်ပိုင်း ယနေ့အချိန်အထိလည်း အဆိုပါဆိုင်များအား ရွှေ့ပြောင်းရှင်းလင်းခြင်း မရှိသည့်အပြင် သစ်သားပစ္စည်းများ ထပ်မံစုဆောင်းရောင်းချနေသည့်အတွက် ယာဉ်များသွားလာမှုအတွက် အခက်အခဲဖြစ်စေပြီး မီးဘေးအန္တရာယ်ကိုလည်း စိုးရိမ်နေရဆဲဖြစ်သည်။

မီးဘေးအန္တရာယ်စိုးရိမ်နေရသော အဆိုပါဆိုင်များကို ကြပ်မတ်ဆောင်ရွက်နိုင်ပါက ရန်ကုန်-ပုသိမ် ကားလမ်းပေါ်တွင် မီးဘေးအန္တရာယ်ဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

**(၁၆၄)၊ ဓာတ်ပုံ-သန်းစိုး**

# နောင်ချိုမြို့နယ်တွင် တိုက်ပွဲရှောင်များရောက်ရှိ

**နောင်ချို မေ ၃**

နောင်ချိုမြို့နယ် ပင်တီးကျေးရွာအုပ်စု၊ လုံရုံးကျေးရွာအုပ်စုတို့မှ တိုက်ပွဲရှောင်မိသားစုများ မတ် ၃၀ ရက်မှစတင်ကာ နောင်ချိုမြို့ပေါ် ကျောက်ဂူတောရကျောင်းတိုက်၊ ကတီပင်ကျောင်းတိုက်၊ ဟော်တော်ကျောင်းတိုက်တို့တွင် ဆိုင်ကယ်၊ မော်တော်ယာဉ်နှင့်ထော်လာဂျီယာဉ်တို့ဖြင့်ရောက်ရှိလာခဲ့ကြသည်။

အဆိုပါ တိုက်ပွဲရှောင်မိသားစုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူတို့က ဆန်၊ဆီ၊မီးဖိုချောင်သုံးပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၈၀၀၀၀ ကို ထောက်ပံ့ပေးအပ်ကြသည်။ ထို့အပြင် ငွေရည်ပုလဲသကြားစက်မှ စားသောက်ကုန်ပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုးဝင်း (နောင်ချို)**

# တပ်ကုန်းမြို့နယ်တွင် လုပ်ငန်းခွဲပေါင်း ၁၅၃ခု စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်

**တပ်ကုန်း မေ ၃**

တပ်ကုန်းမြို့နယ်တွင် ၂၀၁၇ ခုနှစ် လူထုဗဟိုပြုစီမံကိန်းတတိယနှစ်စက်ဝန်းအတွင်း ပထမအကြိမ် လုပ်ငန်းခွဲ ၃၇ ခု၊ ဒုတိယအကြိမ် လုပ်ငန်းခွဲ ၅၀၊ တတိယအကြိမ် လုပ်ငန်းခွဲ ၆၆ ခု စုစုပေါင်းလုပ်ငန်းခွဲ ၁၅၃ ခု အတည်ပြု၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ မတ်လနောက်ဆုံးပတ်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော လူထုဗဟိုပြုစီမံကိန်း၏ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) အစည်းအဝေး(၃/၂၀၁၇) ပွဲတွင် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်လူထုဗဟိုပြုစီမံကိန်းအဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဌေးက စီမံကိန်း တတိယနှစ်စက်ဝန်းအတွင်း တတိယအကြိမ်အဖြစ် စီမံကိန်းကျေးရွာအုပ်စု ၂၃ အုပ်စု ကျေးရွာပေါင်း ၆၃ ရွာ၊ လုပ်ငန်းခွဲပေါင်း ၇၀ တင်ပြထားသည့် စီမံကိန်းလုပ်ငန်းများ အတည်ပြုနိုင်ရေး ရှင်းလင်းပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့် အဆောက်အအုံများ စီမံကိန်းလုပ်ငန်းခွဲစုစုပေါင်း ၆၆ ခု အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**

# နိုင်ငံခြားခရီးသွားများနှင့် ပြည်တွင်းဘုရားဖူးများပြား၍ စက်လှေမောင်းသူများအဆင်ပြေ

**ညောင်ရွှေ မေ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့မှ အင်းလေးဖေါင်တော်ဦးဘုရားသို့ အဓိကသွားရောက်ရာတွင် ယခုနှစ် ပွင့်လင်းရာသီ၌ နိုင်ငံခြားသားခရီးသွားများနှင့် ဘုရားဖူးပြည်သူအများစုသည် ညောင်ရွှေမြို့ စက်လှေဂိတ်မှတစ်ဆင့် သွားရောက်ကြရသည်။ ယခုနှစ်တွင် နိုင်ငံခြားသားခရီးသွား လာရောက်လေ့လာမှု နည်းပါးသော်လည်း အဆိုပါ စက်လှေမောင်းနှင်သူလုပ်ငန်းရှင်များ အဆင်ပြေကြကြောင်း သိရသည်။

ညောင်ရွှေစက်လှေ ရေဂိတ်နှင့် ဖောင်တော်ဦးဘုရားသည် ရေမိုင်အနေဖြင့် ၁၃ မိုင်ခွဲခန့်ကွာဝေးသဖြင့် စက်တပ်လှေဂိတ်မှ လူတစ်ဦးလျှင်



စက်လှေစီးနင်းခ အသွားအပြန် ငွေကျပ် ၃၀၀၀ဖြစ်ပြီး စက်လှေစင်းလုံးငှားလျှင် အသွားအပြန် ငွေကျပ် ၃၀၀၀၀ ဖြင့် ငှားရမ်းကြရ ကြောင်း သိရသည်။

ယခုနှစ်၌ နိုင်ငံခြားသားခရီးသွားများ လာရောက်သူနည်းပါးသော်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ကြသောကြောင့် အင်းလေးကန်ကြီးကို အမှီပြုကာစားဝတ်နေရေးအတွက် စက်လှေမောင်းနှင်ကြရသူများ အဆင်ပြေလျက်ရှိကြောင်း စက်လှေမောင်းနှင်သူတစ်ဦးထံမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# အနားယူခြင်းဟာ သေဆုံးခြင်းလို့ ယုံကြည်ထားတယ်ဆိုတဲ့ ဝင်းဂါး

လာမယ့်ရာသီမှာ အာဆင်နယ်အသင်းရဲ့ နည်းပြဆက်လက်လုပ်လိုတဲ့အကြောင်း နည်းပြ ဝင်းဂါးက ထပ်လောင်းပြောဆိုလိုက်ပါတယ်။ အနားယူခြင်းဟာ သေဆုံးခြင်းလို့ ယုံကြည်ထားတယ်လို့လည်း သူကဆိုပါတယ်။ အသက် ၆၇နှစ်အရွယ်ရှိ နည်းပြ ဝင်းဂါးဟာ လွန်ခဲ့တဲ့ ပရီမီယာလိဂ် ငါးပွဲမှာ လေးပွဲရှုံးနိမ့်ပြီးတဲ့နောက် ပရီမီယာလိဂ် နံပါတ် ၆ နေရာသို့ပြုတ်ကျသွားတာကြောင့် ဝေဖန်မှုတွေလည်း မြင့်တက်လာခဲ့ပါတယ်။ ချန်ပီယံလိဂ်မှာလည်း ဘိုင်ယန်မြူးနစ်ကို နှစ်ကျော့ပေါင်း ၁၀ ဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် ဝင်းဂါးကို နုတ်ထွက်ပေးဖို့ ဖိအားပေးမှုတွေ တိုးပွားလာခဲ့ပါတယ်။ ကျွန်တော် အနားယူဦးမှာ မဟုတ်ပါဘူး။ အနားယူတယ်ဆိုတာ လူငယ်တွေအတွက်ပါလို့ ဝင်းဂါးက ဆိုပါတယ်။ ဝင်းဂါးနဲ့ အာဆင်နယ်တို့ စာချုပ်ဟာ ယခုနှစ် ရာသီအကုန်မှာ အဆုံးသတ်မှာဖြစ်ပါတယ်။ သို့သော်လည်း နောက်ထပ် နှစ်နှစ်ဆက်လုပ်ဖို့ သူကတောင်းဆိုထားပါတယ်။ အသက်ကြီးတဲ့သူတွေ အနားယူခြင်းဟာ သေဆုံးခြင်းပဲလို့ ဝင်းဂါးက ဆိုပါတယ်။



# ပိုပြီး စိတ်ဝင်စားစရာဖြစ်လာတဲ့ ပရီမီယာလိဂ်ပြိုင်ပွဲ

ပရီမီယာလိဂ် အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်လိုက်ပြီးတဲ့နောက်မှာ ပရီမီယာလိဂ် ဖလားလုပွဲဟာ ပိုပြီး စိတ်ဝင်စားဖွယ်ရာဖြစ်လာတယ်လို့ ချယ်လ်ဆီးနည်းပြ ကွန်တီက ဆိုပါတယ်။ ဒီအတောအတွင်းမှာ အမှတ်ပေးဇယား ဒုတိယနေရာမှာရှိနေတဲ့ စပါးကဘန်လေကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့အတွက် ချယ်လ်ဆီးနဲ့ အမှတ်ကွာခြားချက်ဟာ ခုနစ်မှတ်သာ ကျန်ရှိပါတော့တယ်။

ဒါဟာ မီဒီယာတွေအတွက်တော့ ကောင်းတဲ့ရလဒ်တစ်ခုပါ။ ဘာကြောင့်လဲဆိုတော့ ချန်ပီယံဖြစ်ရေးကို ပိုမိုစိတ်ဝင်စားလာခြင်းကြောင့် ဖြစ်ပါတယ်လို့ ကွန်တီက ဆိုပါတယ်။ ဒီအတိုင်းဆိုရင် စပါးအသင်းကလည်း ဖလားရဖို့ အပြင်းအထန် ကြိုးစားလာမယ့် အနေအထားရှိနေပါတယ်လို့လည်း ကွန်တီက ဆက်ပြောပါတယ်။

ပရီမီယာလိဂ် ပွဲစဉ် ၂၉ အထိ ကစားပြီးချိန်မှာ ချယ်လ်ဆီးက ၆၉ မှတ်နဲ့ ပထမနေရာ၊ စပါးက ၆၂ မှတ်နဲ့ ဒုတိယနေရာ၊ လီဗာပူးက ၅၉ မှတ်နဲ့ တတိယနေရာတွေမှာ အသီးသီး ရပ်တည်နေကြပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# ကိုပါအီတာလီယာဖလား နောက်ဆုံးဗိုလ်လုပွဲကို ဘယ်အသင်းတွေ တက်ရောက်မလဲ

*၂၀၁၆-၂၀၁၇ နှစ် ဘောလုံးရာသီရဲ့ ကိုပါအီတာလီယာဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်တွေကို မေ ၄ ရက်နဲ့ ၇ ရက်တွေမှာ ဆက်လက်ကစားကြမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်ဖို့ အဆုံးအဖြတ်ပေးတော့မှာဖြစ်တာကြောင့် အသင်းတိုင်းရလဒ်ကောင်း ထွက်ပေါ်ဖို့ ပြိုင်တူအားထုတ်ကြမှာဖြစ်ပါတယ်။ ပထမအကျော့မှာ ရလဒ်ကောင်းခဲ့ပေမယ့် အခုဒုတိယအကျော့မှာတော့ ပထမအကျော့ရလဒ်တွေကို ချေဖျက်ဖြတ်ကျော်ဖို့ ကြိုးစားမယ့်အသင်းတွေနဲ့ ရလဒ်ကောင်း ပိုင်ဆိုင်ခဲ့တဲ့အသင်းတွေကလည်း သေချာတဲ့ရလဒ်ကို ဖော်ဆောင်ကြဦးမှာမို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။*



**နာပိုလီနှင့် ဂျူဗင်တပ်စ်**

ကိုပါအီတာလီယာဖလားရဲ့ လက်ရှိချန်ပီယံ ဂျူဗင်တပ်စ်တို့ကတော့ ပြိုင်ပွဲစတင်ကတည်းက ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့အသင်းဖြစ်ပါတယ်။ ဂျူဗင်တပ်စ်တို့က ကိုပါအီတာလီယာဖလားကို စုစုပေါင်း (၁၁)ကြိမ် ဆွတ်ခူးထားနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး အီတလီဘောလုံးကလပ်တွေထဲမှာတော့ အောင်မြင်မှုအရဆုံးအသင်းလည်း ဖြစ်နေပါတယ်။ ဒီနှစ် စီးရီးအေမှာလည်း တန်းစီဇယားထိပ်ဆုံးမှာ ဦးဆောင်နေပြီး စီးရီးအေဖလားကို ဆွတ်ခူးနိုင်ဖို့ အကောင်းဆုံးအခြေအနေကို ရောက်ရှိနေပါတယ်။ ဂျူဗင်တပ်စ်တို့ရဲ့ ကစားအားက ရှေ့လယ်၊ နောက် ညီညွတ်ပြီး တိုက်စစ်၊ ခံစစ်မျှတတဲ့ အနေအထားရှိသလို တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကလည်း ထက်မြက်ပါတယ်။

ဂျူဗင်တပ်စ်ဟာ အခုတလော နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ဆမ်ဒိုးရီးယား၊ ပေါ်တို၊ အေစီမီလန် အသင်းတွေနဲ့ ကစားခဲ့တဲ့ပွဲတွေမှာ နိုင်ပွဲတွေဆက်တိုက်ရရှိခဲ့သလို အူဒီးနိစ်နဲ့ ပွဲမှာတော့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ အခု ကိုပါအီတာလီယာဖလား ပြိုင်ပွဲရဲ့ အကြိုဗိုလ်လုပွဲ ပထမအကျော့ ဂျူဗင်တပ်စ်ကွင်းမှာ ကစားတော့ ဂျူဗင်တပ်စ်တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ အခု ဂျူဗင်တပ်စ်တို့က အဝေးကွင်းမှာ ကစားရပေမယ့် နိုင်ပွဲရအောင် အားထုတ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်ပါလိမ့်မယ်။

နာပိုလီတို့ကတော့ ကိုပါအီတာလီယာဖလားကို စုစုပေါင်း(၅)ကြိမ်ရရှိခဲ့တဲ့အသင်းဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို (၉)ကြိမ် တက်ရောက်ခဲ့ဖူးတဲ့အသင်းလည်း ဖြစ်ပါတယ်။ နာပိုလီတို့က အခုတလောကစားခဲ့တဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် အမ်ပိုလီ၊ ရိုးမား၊ ခရိုတွန်အသင်းတွေကို နိုင်ပွဲရပြီး ရီးရဲမက်ဒရစ်နဲ့ ဂျူဗင်တပ်စ်ကိုတော့ ရှုံးခဲ့ပါတယ်။ နာပိုလီအသင်းဟာ ပွဲစဉ်အတော်များများမှာ ပြိုင်ဘက်အသင်းကို ဂိုးရအောင် သွင်းယူနိုင်တဲ့ စွမ်းရည်ရှိတာမို့ ဂျူဗင်တပ်စ်တို့ သတိပြုကစားရပါလိမ့်မယ်။ ဒါပေမယ့် ဂျူဗင်တပ်စ်ရဲ့ ကစားအားနဲ့ တိုက်စစ်ကို နာပိုလီတို့ ဟန့်တားဖို့ မလွယ်တာမို့ အခုပွဲဟာ ဂျူဗင်တပ်စ်ရဲ့ နိုင်ပွဲဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်ရေးမှာ နာပိုလီတို့ ဟန့်တားဖို့ မလွယ်ပါဘူး။

**ရိုးမားနှင့် လာဇီယို**

အကြို ဗိုလ်လုပွဲ ပထမအကျော့မှာ လာဇီယိုက နှစ်ဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူခဲ့တာမို့ အခုပွဲမှာတော့ ရိုးမားတို့ ခြေကုန်ထုတ်ရတော့မှာဖြစ်ပါတယ်။ ရိုးမားတို့က အီတာလီယာဖလားကို (၉)ကြိမ် ဆွတ်ခူးရရှိခဲ့တဲ့အသင်းဖြစ်တာမို့ အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဂိုးပြတ်သွင်းကျော်ဖြတ်နိုင်ရေး အစွမ်းကုန်အားထုတ်ပါလိမ့်မယ်။ ရိုးမားတို့လည်း အခုတလော ခြေယိုင်နေတာမို့ ဂိုးပြတ်သွင်းရေးဆိုတာ ခက်ခဲတာတော့ အမှန်ပါပဲ။ လာဇီယိုတို့ကတော့ အီတာလီယာဖလားကို (၆)ကြိမ် ဆွတ်ခူးရရှိခဲ့တဲ့အသင်းဖြစ်ပြီး လောလောဆယ် ခြေစွမ်းကောင်းပိုင်ဆိုင်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲမှ မရှုံးဘဲ သရေတစ်ပွဲသာဖြစ်ပြီး ကျန်လေးပွဲက နိုင်ပွဲတွေချည်း ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ လာဇီယိုရဲ့ အားသာချက်က ခံစစ်ပိုင်း ကျစ်လျစ်တာဖြစ်ပြီး တိုက်စစ်မှူးတွေက အဆုံးသတ်ကောင်းမွန်ကြပါတယ်။ လာဇီယိုတို့က လည်း ဒီနှစ် အီတာလီယာဖလားကို မျှော်မှန်းနေတာမို့ ဒီပွဲမှာ ရှုံးရင်တောင် ဂိုးမပြတ်ဖို့ ကြိုးစားမှာဖြစ်တာမို့ အခုပွဲဟာ လာဇီယိုတို့ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်သွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# လေးကြိမ်ဆက်တိုက် ပြင်သစ်လိဂ်ချန်ပီယံဖြစ်လာတဲ့ ပီအက်စ်ဂျီ



ပြင်သစ်လိဂ်ဖလားပြိုင်ပွဲမှာ ပီအက်စ်ဂျီအသင်းဟာ ပြိုင်ဘက် မိုနာကိုအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး လေးကြိမ်ဆက်တိုက် ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီဖလားဟာ ပီအက်စ်ဂျီအသင်းအတွက် ဒီနှစ်ရာသီမှာ မျှော်မှန်းထားတဲ့ ဖလားသုံးလုံးထဲက တစ်လုံးဖြစ်ပါတယ်။ မိုနာကိုအသင်းဟာ ၂၀၁၃ ခုနှစ်ကတည်းက အဓိကဖလားတစ်လုံး ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ခဲ့ပေမယ့် ပီအက်စ်ဂျီဟာ ဒီမာရီယာကို ခေါ်ယူလိုက်ပြီးနောက် ပြင်သစ်လိဂ်မှာ ပီအက်စ်ဂျီတို့ ပြန်လည်ဦးဆောင်နိုင်မှုရရှိသွားခဲ့ပါတယ်။

ပီအက်စ်ဂျီအသင်းမှာ အဓိကအားဖြင့် ဒီမာရီယာနဲ့ ကာဗာနီတို့ဟာ ခြေစွမ်းပြကစားနေတဲ့ ကစားသမားတွေဖြစ်ပါတယ်။ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီဟာ ပြင်သစ်လီဂူး-၁ မှာ ဂိုးအများဆုံးသွင်းယူထားသူဖြစ်ပါတယ်။ ပီအက်စ်ဂျီဟာ လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက ဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့သလို ဒီနှစ်မှာလည်း ဖလားသုံးလုံး ဆွတ်ခူးဖို့ မျှော်လင့်ထားပါတယ်။ ဒါပေမယ့် အဓိကပြိုင်ပွဲတစ်ခုဖြစ်တဲ့ ပြင်သစ်လီဂူး-၁ မှာတော့ မိုနာကိုတို့က သုံးမှတ်အသာနဲ့ ဦးဆောင်နေပါတယ်။

# မြန်မာနိုင်ငံ ကြေးခေတ် ယဉ်ကျေးမှု

မောင်သာ(ရှေးဟောင်းသုတေသန)

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်ရှိ ညောင်ကန်ကျေးရွာသည် ဘုတလင်မြို့မှ အနောက်တောင်ဘက် ငါးမိုင်အကွာ၊ ချင်းတွင်းမြစ်၏အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ ဗုဒ္ဓသာသနာတော်တွင် 'ဗုဓ်စ၊ ဗုဓ်လယ်၊ ဗုဓ်ဆုံး'ဟု ဆိုကြသည့် ဗုဒ္ဓဘုရားရှင်၊ အဋ္ဌကထာကျမ်းပြုဆရာတော် ရှင်မဟာဗုဒ္ဓဃောသနှင့် ဆရာတော်ဦးဗုဓ်တို့ ပေါ်ထွန်းခဲ့ကြရာ ညောင်ကန်သည် ဆရာတော်ဦးဗုဓ်၏ ဇာတိမြေအဖြစ် ထင်ရှားခဲ့သည်။ မြန်မာ့ကြေးခေတ်အထောက်အထားများကို တွေ့ရှိခဲ့ပြီးနောက် ညောင်ကန်သည် မြန်မာနိုင်ငံ၏ ကြေးခေတ်ယဉ်ကျေးမှုဒေသတစ်ခုအဖြစ်ပါ ထပ်မံထင်ရှားခဲ့ပေသည်။

**မြန်မာ့ကြေးခေတ်**

မြန်မာနိုင်ငံ နေရာဒေသအသီးသီးတွင် နေထိုင်ခဲ့ကြသည့် ရှေးဦးလူသားများ ကျောက်ခေတ်နှင့် သံခေတ်တို့ကို ဖြတ်သန်းခဲ့သည့် အထောက်အထားများကို ရှေးဟောင်းသုတေသနပညာရှင်များက ဖော်ထုတ်ခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်း ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုများကို ၁၉၀၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း ၁၉၉၈ ခုနှစ် မတိုင်မီအထိ ကြေးခေတ်ဆိုင်ရာအထောက်အထားများကို မတွေ့ရှိခဲ့ပါချေ။

မြန်မာနိုင်ငံ ကျောက်ခေတ်ဆိုင်ရာစာတမ်းများကို ရေးသားခဲ့သူ T.O. Morris သည် မြန်မာနိုင်ငံအတွင်း ကြေးပုဆိန်သွားများ၊ ကြေးမြားခေါင်းများကို တွေ့ရှိခဲ့ကြောင်း ၁၉၃၈ ခုနှစ်ကထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် (JBRS) အတွဲ (၂၈)၊ အမှတ်(၁)တွင် ရေးသားခဲ့သည်။ သို့သော် ယင်း အခေါင်းပါ ကြေးလုံ့ သွားများသည် တူးဖော်တွေ့ရှိသည့်ပစ္စည်းများမဟုတ်ဘဲ မြေပြင်ပေါ်မှရရှိခဲ့သည့် ပစ္စည်းများဖြစ်ကြသည်။ ထိုအချိန်က မြန်မာ့ကြေးခေတ် ဖြတ်သန်းမှုသမိုင်းကို ပီပြင်စွာ မဖော်ထုတ်နိုင်သေးသည့်အပြင် မြန်မာနိုင်ငံတွင် ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် အထောက်အထားများကိုလည်း အခိုင်အမာ မပြောဆိုနိုင်သေးသောကြောင့် ပြည်ပပညာရှင်အချို့က မြန်မာနိုင်ငံတွင် ကြေးခေတ်ယဉ်ကျေးမှု မထွန်းကားခဲ့ဟု ဆိုခဲ့ကြသည်။



ညောင်ကန်ရွာမှ တူးဖော်တွေ့ရှိသော လူအရိုးစုရုပ်ကြွင်းများ

ဘီစီ ၄၀၀၀ ခုနှစ် ကြေးခေတ်အထောက်အထားများကို ထိုင်းနိုင်ငံ ဘန်ချိုင်း (Banching)တွင် တွေ့ရှိခဲ့သဖြင့် ရေမြေဆက်စပ်နေသည့် မြန်မာနိုင်ငံတွင် ကြေးခေတ် ယဉ်ကျေးမှုထွန်းကားနိုင်ခဲ့ကြောင်း ပညာရှင်များက သုံးသပ်ခဲ့ကြသည်။ အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်းတွင် မြန်မာနိုင်ငံသည် ကြေးခေတ်သို့ လွန်ခဲ့သောနှစ် ၆၀၀၀ က ရောက်ရှိခဲ့သည်ဟု ယေဘုယျအားဖြင့် မှတ်ယူရမည်ဖြစ်ကြောင်း ရေးသားထားပြီး မြန်မာနိုင်ငံအတွင်း ကြေးခေတ်လက်နက်ကိရိယာ ၁၅ ခု ရရှိခဲ့သည့်နေရာများကို ဖော်ပြထားသည်။

ရှေးဟောင်းသုတေသနဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာ သင်္ချိုင်းဟောင်းနေရာတစ်ခုမှ ကြေးခေတ်နှင့်ဆက်နွယ်သည့် အထောက်အထားများကို ၁၉၉၈ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်များတွင် တူးဖော်တွေ့ရှိခဲ့သည်။ ညောင်ကန်ဒေသတွင် တူးဖော်မှုသုံးကြိမ် ဆောင်ရွက်ခဲ့ရာ လူရုပ်ကြွင်းများ အပါအဝင် ကြေးပစ္စည်း၊ ကြေးလက်နက်များကို ရရှိခဲ့သဖြင့် မြန်မာ့ကြေးခေတ် ယဉ်ကျေးမှု တစ်စိတ်တစ်ပိုင်းကို ပုံဖော်နိုင်ခဲ့သည်။

ရှေးဟောင်းသုတေသနဦးစီးဌာနသည် ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သော နေရာများဟု ယူဆသည့် ဒေသ ၁၆ ခု တွင် တူးဖော်သုတေသနပြုမှုများကို ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်နေရာနှင့် မန္တလေးတိုင်းဒေသကြီးတွင် ၁၄ နေရာ ပါဝင်ခဲ့သည်။

**ညောင်ကန် ကြေးခေတ်ဒေသ**

ညောင်ကန်ဒေသရှိ ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့ရာနေရာသည် ညောင်ကန်ရွာမှ အနောက်တောင်ဘက် တစ်မိုင်အကွာ မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၂၄ မိနစ် ၄၀ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃ မိနစ် ၂၈ စက္ကန့်အကြား ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀ အမြင့်တွင် တည်ရှိသည်။ တူးဖော်မှုများ ဆောင်ရွက်ခဲ့သည့် သင်္ချိုင်းဟောင်းနေရာသည် အရှေ့အနောက် ပေ ၁၃၀ နှင့် တောင်မြောက် ပေ ၂၅၀ ကျယ်ဝန်းသည်။

မန္တလေးမြို့ပြည်လုံးချမ်းသာကျောင်းတိုက်ဘုန်းတော်ကြီး ဦးသုဒဿန ပြုစုကာ ၁၉၅၉ ခုနှစ်က ထုတ်ဝေခဲ့သည့် ညောင်ကန် သာသနာဝင်စာအုပ်တွင် 'ရိုးတောင်ချောင် ခေါ်တွင်သောအရပ်၌လည်း တူးဖော်၍ကြည့်ကြရာ အရိုးကို အိုးငယ်၌ ထည့်ကာ ရှေးကအသုံးပြုသော ကျောက်လက်ကောက်ကြီးများလည်း ပါရှိလေသည်။ အသက်ရှည်သောခေတ်အခါကလူတို့၏ အရိုးဖြစ်၍ ပမာဏအားဖြင့် အလွန်ကြီးမားကြောင်း တွေ့ရသည်။ ထိုနေရာသည် မြို့ရိုး၏အပြင်ဘက် အနောက်တောင်ထောင့်အရပ်တွင် တည်ရှိလျက် ထွက်ဝင်ရန် တံခါးပေါက်လည်း အနီးရှိသည်။ သို့အတွက် သင်္ချိုင်းတော်နေရာ ဖြစ်ဟန်တူသည်'ဟု ရေးသားထားသည်။ ထိုနေရာသည် အရပ်အခေါ် အရိုးကုန်းဟု အမည်တွင်သည့် ညောင်ကန်ကြေးခေတ် တူးဖော်မှုနေရာဖြစ်သည်။

မြို့ရိုးသည် ညောင်ကန်တူးဖော်မှုကုန်း၏ အရှေ့မြောက်ဘက်တွင် ယခုတိုင်ရှိသော တိမ်းရင်း ရာဇဗြိုဟ်မြို့ရိုးဟောင်းကို ဆိုလိုသည်။ ထိုဒေသအနီးရှိ အုတ်အိုင်၊ ဖျောက်ဆိတ်ကုန်း၊ ရွာသာနှင့် ညောင်ကန် ကျေးရွာများမှ ရွာသားအချို့သည် ရွာသာရွာအနီး ရှင်မချောက် တောင်ကုန်းနေရာတစ်ဝိုက်တွင် ရှေးဟောင်းပစ္စည်းများ၊ လူအရိုးစုများ၊ အိုးကွဲများကို နှစ်အတန်ကြာကပင် တွေ့ရှိခဲ့ကြသည်။ ယင်းနေရာသည် ကုန်းမြင့်စောင်းတစ်ခုဖြစ်ပြီး တစ်ချိန်က သင်္ချိုင်းမြေတစ်ခုဖြစ်ခဲ့ဟန်ရှိကာ နောက်ပိုင်းတွင် ရွာသာရွာမှ ဦးချစ်လှိုင်ပိုင်ဆိုင်သော စိုက်ပျိုးမြေကွက် ဖြစ်လာခဲ့သည်။

ညောင်ကန်သည် ပူပြင်းခြောက်သွေ့သော ဒေသတစ်ခုဖြစ်ပြီး ဒေသနေပြည်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးမြူကြကာ ပဲ၊ ငှက်ပျောနှင့် သခွားမွှေးကို အများဆုံးစိုက်ပျိုးကြသည်။ ဦးချစ်လှိုင်သည် ထွန်ယက်စိုက်ပျိုးရန် ယင်းနေရာကို မြေရှင်းလင်းရာမှ လူအရိုးများ၊ မြေအိုးများ၊ ကြေးလက်နက်များကို တွေ့ရှိခဲ့ကြောင်း သတင်းများရရှိခဲ့သဖြင့် နိုင်ငံတော်အစိုးရက ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်မဟာဗျူဟာလေ့လာရေးရုံး၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနနှင့် မနုဿဗေဒဌာနမှ ပညာရှင်များ ပါဝင်သည့် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများ လေ့လာရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ၁၉၉၈ ခုနှစ် ဇန်နဝါရီလမှ ၁၉၉၉ ခုနှစ် မတ်လအထိ တူးဖော်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်စေခဲ့သည်။ ယင်းအဖွဲ့သည် ညောင်ကန်ဒေသတွင် သုံးကြိမ်တိုင် တူးဖော်မှုများ ပြုလုပ်ခဲ့ရာ ကြေးခေတ်ဆိုင်ရာ အထောက်အထားများကို တွေ့ရှိခဲ့သည်။

ညောင်ကန်တူးဖော်မှုများမှ ရုပ်ကြွင်းအရိုးစုများ၊ ပုံသဏ္ဍာန်နှင့် အရွယ်မျိုးစုံမြေအိုးများ၊ ကြေးလက်နက်များ၊ ကျောက်ကွင်းများနှင့် ပုတီးစေ့များကို ရရှိခဲ့သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနက တူးဖော်မှုပြုလုပ်ခဲ့သည့် နေရာများကို တူးဖော်ခဲ့သည့် အနေအထားအတိုင်း တူးကွက်ပြတိုက်(Site Meseum)များအဖြစ် အဆောက်အအုံ ငါးလုံးဆောက်လုပ်ပြီး အဆောက်အအုံများအတွင်း၌ တူးဖော်တွေ့ရှိခဲ့သည့် ရုပ်ကြွင်းများနှင့် အိုးများကို မူလအနေအထားအတိုင်း အလူမီနီယံမှန်ပုံးများ အုပ်ဆိုင်းလျက် ထိန်းသိမ်းစောင့်ရှောက် ပြသထားသည်။

မြန်မာ့ကြေးခေတ်ဆိုင်ရာ အထောက်အထားများကို တူးဖော်တွေ့ရှိပြီးချိန်တွင် ပိုင်ရှင်ဖြစ်သူ ဦးချစ်လှိုင်က ယင်းမြေနေရာကို နိုင်ငံတော်သို့ လှူဒါန်းခဲ့သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ညောင်ကန်ကြေးခေတ် ယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်ခဲ့သည်။

ညောင်ကန်မှ တူးဖော်တွေ့ရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများဖြစ်သည့် မြေဆေးတံ နှစ်ခု၊ ကျောက်ကွင်း ၁၂ ခု၊ ကျောက်ကွင်းတစ်ခြမ်း လေးခု၊ ကျောက်ကွင်းအဆံ နှစ်ခု၊ မြေရုပ်ဒိုးဝိုင်း နှစ်ခု၊ ကျောက်ကွင်းပိတ် နှစ်ခု၊ ကြေးပုဆိန် လေးခု၊ မြေပုတီးစေ့ တစ်ခု၊ ကျောက်လုံး သုံးခု၊ အပေါက်ပါ ကျောက်ပုတီးစေ့ ငါးခု၊ ဆလင်ဒါပုံ ပုတီးစေ့ ၂၃ ခု၊ စလင်းပုတီးကွဲ တစ်ခု၊ ခုနစ်လက်မ ပုတီးစေ့အရှည် နှစ်ခု၊ ခရု ပုတီးစေ့ကြီး ၁၀ ခု၊ ခရု ပုတီးစေ့ အသေး ၈၈ ခု၊ ကြေးလုံ့သွား ငါးခု၊ ကြေးမြားသွား ခြောက်ခု၊ ကြေးချောင်း တစ်ခု၊ ကြေးပေါက်ချွန်း တစ်ခု၊ ဒီဇိုင်းပါ အိုးခြမ်းကွဲ ၂၃ ခု၊ ခဲပြားလိပ် ရှစ်ခု၊ အမင်းပါ ကြေးပဲခွပ် နှစ်ခု၊ ကျောက်လက်နက် တစ်ခု၊ အိုး ရှစ်လုံး၊ အုတ်ခဲ ငါးခု၊ မြေဆီမီးခွက် သုံးခု၊ ဒီဇိုင်းပါ အရိုးအိုးခြမ်းကွဲ ငါးခု၊ အခြယ်ပါသော အိုးခြမ်းပဲ့ အပိုင်းအစ တစ်ထုပ်နှင့် အခြယ်မပါသော အိုးခြမ်းပဲ့အပိုင်းအစ တစ်ထုပ်တို့ကို အမျိုးသားပြတိုက်တွင် ထိန်းသိမ်းပြသနိုင်ရန် ၁၉၉၈ ခုနှစ် မတ် ၂၂ ရက်တွင် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများ လေ့လာရေးအဖွဲ့က ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ရုပ်ကြွင်းများနှင့်အတူရှိနေသည့် အိုးများနှင့် အချို့သော ကျောက်ကွင်းများ၊ ကျောက်လက်နက်များကို မူလနေရာမှာပင် ရုပ်ကြွင်းများနှင့်အတူ ပြသထားသည်။

ညောင်ကန်ဒေသတွင် တူးဖော်ခဲ့စဉ်က အဓိကတွေ့ရှိခဲ့သော အထောက်အထားများမှာ ကြေးပစ္စည်းများ၊ အရိုးစုများနှင့် အိုးများဖြစ်သည်။ အရိုးစုများကို မြေပြင်မှ ၇ လက်မနှင့် ၂ ပေ ၁၀ လက်မအကြားတွင် တွေ့ရှိခဲ့သည်။ တစ်ချိန်က ရေကြီးရေလွှမ်းမိုးမှုများကြောင့် ယင်းနေရာကို ရေတိုက်စားခဲ့ရာ မြေလွှာများပြောင်းလဲခဲ့ပြီး မြေပြင်မှ ခုနစ်လက်မသာနက်သည့်နေရာတွင် အရိုးစုများအား တွေ့ရှိရခြင်းဖြစ်နိုင်ကြောင်း ပညာရှင်များက ယူဆကြသည်။

ရုပ်အလောင်းအများစုကို မြောက်အရပ်သို့ခေါင်းပြုကာ မြှုပ်နှံခဲ့ကြပြီး တောင်အရပ်သို့ ခေါင်းပြုမြှုပ်နှံထားသည့် ရုပ်အလောင်းနှစ်ခုကိုလည်း တွေ့ရှိရသည်။ ရုပ်ကြွင်းအများစုသည် ပက်လက်အနေအထားဖြစ်ကြပြီး အရပ် ၃ ပေ မှ ၅ ပေ ၈ လက်မအတွင်း ရှိသည်။ ဘေးစောင်းမြှုပ်နှံထားမှုနှင့် အထက်အောက်ထပ်လျက် မြှုပ်နှံထားသော ရုပ်ကြွင်း အချို့ကိုလည်း တွေ့ရှိရသည်။ မြောက်ဘက်သို့မြှုပ်နှံသည့် ဓလေ့အပေါ် အချို့က ခူဝံကြယ်ရှိရာသို့ခေါင်းတည်မြှုပ်နှံသည်ဟု ယူဆကြပြီး အချို့က ညောင်ကန်သင်္ချိုင်းတွင် မြှုပ်နှံထားသည့် ရုပ်အလောင်းများသည် ညောင်ကန်ဒေသခံများမဟုတ်ဟု ယူဆကြသည်။ ယင်းတို့သည် မြောက်ဘက်အရပ်မှ ညောင်ကန်သို့ ရွှေ့ပြောင်းရောက်ရှိလာသူများဖြစ်ကြပြီး ကွယ်လွန်ချိန်တွင် မိမိတို့ မူလအရပ်ဒေသသို့ ခေါင်းပြုမြှုပ်နှံကြသည်ဟု ယူဆချက်များလည်း ရှိသည်။ တောင်အရပ်သို့ ခေါင်းတည်မြှုပ်နှံထားခြင်းကိုလည်း တိကျသည့်အကြောင်းရင်း မဖော်ထုတ်နိုင်သေးပါချေ။

အိုးကြီးတစ်လုံးအတွင်း ထည့်သွင်းမြှုပ်နှံထားသည့် လူဦးခေါင်းခွံတစ်ခုကို တူးကွက် အမှတ်(SE 15)တွင် တွေ့ရှိရသည်။ ထိုနေရာတွင် လူဦးခေါင်းခွံတစ်ခုနှင့်အတူ လက်မောင်းရိုးတစ်ခု၊ အရွယ်စုံအိုးများ၊ တိရစ္ဆာန်အရိုးများကို တွေ့ရှိရသည်။ မူလမြှုပ်နှံမှုသည် လူအလောင်းနှင့် တိရစ္ဆာန်အရိုးများသာဖြစ်ပြီး ထိုနေရာမှာပင် ဒုတိယမြှုပ်နှံမှုတစ်ခု ပြုလုပ်ထားသည်ဟု ပညာရှင်များက ယူဆကြသည်။ တူးဖော်မှု အမှတ် (SE 5)တွင် လူရုပ်ကြွင်းနှင့်အတူ နွားနှင့် ခွေးခေါင်းခွံ၊ တိရစ္ဆာန်ခွာ တစ်ခုကို တွေ့ရှိရသည်။

အမျိုးသားရုပ်ကြွင်းတစ်ခု၊ အမျိုးသမီးရုပ်ကြွင်းတစ်ခုနှင့် ကလေးရုပ်ကြွင်း တစ်ခုတို့ကို တစ်နေရာတည်းတွင် မြှုပ်နှံထားသည်ကိုလည်း တွေ့ရသည်။ (ရုပ်ကြွင်းများအား တင်ပါးဆုံကွင်းကိုကြည့်၍ ကျား၊မ ခွဲခြားနိုင်သည်။) ယင်းရုပ်ကြွင်းများနှင့်အတူ အရွယ်စုံအိုးများနှင့် ကြေးမြားခေါင်းတစ်ခုကို တွေ့ရှိရသည်။ တူးကွက်အမှတ် (SE2)တွင်လည်း ရုပ်ကြွင်းနှစ်ခုအား ဘေးချင်းယှဉ်လျက် မြှုပ်နှံထားသည်။ ယင်းသို့ မြှုပ်နှံခြင်းအရ ထိုသူများသည် တစ်ပြိုင်တည်း သေဆုံးခြင်းဖြစ်နိုင်သကဲ့သို့ မသေဆုံးမီက အတူနေထိုင်ခဲ့ကြသည့် မိသားစုဝင်များကို ကွယ်လွန်ချိန်တွင် တစ်နေရာတည်း၌ မြှုပ်နှံခဲ့ခြင်းလည်းဖြစ်နိုင်ကြောင်း ပညာရှင်များက ကောက်ချက်ချခဲ့သည်။

အချို့သောရုပ်ကြွင်းများ၏လက်တွင် ကြေးလက်နက်ပစ္စည်းများ ကိုင်တွယ်ထားသည်ကို တွေ့ရှိရသဖြင့် ယင်းကြေးလက်နက်၊ အသုံးအဆောင်များသည် ညောင်ကန်သားများ မသေဆုံးမီက ကိုင်တွယ်သုံးစွဲခဲ့သော ပစ္စည်းများဖြစ်ကာ ကွယ်လွန်ချိန်တွင် ယင်းတို့ကို ထည့်သွင်းမြှုပ်နှံပေးခြင်းဖြစ်နိုင်ကြောင်း ယူဆကြသည်။ ကြေးလှံသွားတစ်ခုသည် ၁၁ လက်မရှည်၍ နှစ်လက်မ အကျယ်ရှိသည်။ ရုပ်ကြွင်းများနှင့်အတူ ပုတီးစေ့များကို ထည့်သွင်းမြှုပ်နှံထားခဲ့ရာ အရွယ်မျိုးစုံ၊ မြေပုတီးစေ့၊ ကျောက်ပုတီးစေ့နှင့် ခရုခွံပုတီးစေ့များကို ရုပ်ကြွင်းများ၏လည်တိုင်နှင့် လက်ကောက်ဝတ်အနီးတွင် တွေ့ရှိရသည်။

ညောင်ကန်တွင်နေထိုင်ခဲ့ကြသည့် ကြေးခေတ်လူသားများ ကွယ်လွန်ချိန်တွင် သေဆုံးသူ၏ ဒုတိယဘဝအတွက် အသုံးအဆောင်ပစ္စည်းများကိုထည့်သွင်းပေးသည့် ဓလေ့တစ်ခုရှိနိုင်ကြောင်း တွေ့ရှိရသည်။ ကြေးခေတ်တွင် ဗုဒ္ဓဘာသာအယူဝါဒ ထွန်းကားခဲ့မှုမရှိသေးသော်လည်း ကြေးခေတ်သားများသည် ဒုတိယဘဝကို လက်ခံယုံကြည်ကြဖွယ်ရှိသည်။ ယခုခေတ်တွင် အချို့သောလူမျိုးများ ကွယ်လွန်ချိန်တွင် အဝတ်အစားများအပါအဝင် သေဆုံးသူ၏ အသုံးအဆောင်များကို နောက်ဘဝတွင် သုံးစွဲနိုင်ရန် သေသူနှင့်အတူ ထည့်သွင်းမြှုပ်နှံသည့်သဘောနှင့် ဆင်တူနေသည်။

အချို့သောအရိုးစုများတွင် ကျောက်ကွင်းများကို လည်တိုင်နှင့် လက်ကောက်ဝတ်နေရာများတွင် တွေ့ရှိရသည်။ ကျောက်ကွင်းများသည် ပုံသဏ္ဍာန်အမျိုးမျိုးရှိကာ ၄ လက်မ မှ ၇ ဒသမ ၅ လက်မအထိ အရွယ်မျိုးစုံဖြစ်သည်။ ကျောက်ကွင်းများသည် မကွယ်လွန်မီကတည်းက ဝတ်ဆင်ခဲ့သည့်တန်ဆာများ ဖြစ်နိုင်သကဲ့သို့ ကွယ်လွန်ချိန်တွင် ရာထူးအဆင့်အတန်းအားလျော်စွာ ဝတ်ဆင်ပေးခြင်းလည်း ဖြစ်နိုင်ပြီး ယင်းတို့သည် အများအားဖြင့် ခေါင်းဆောင်များဖြစ်နိုင်သည်ဟု ယူဆဖွယ်ရှိပေသည်။

ညောင်ကန်တူးဖော်မှုများတွင် စာအရေးအသား၊ ဒင်္ဂါးများကို မတွေ့ရှိသဖြင့် ညောင်ကန်ယဉ်ကျေးမှုသည် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုးစသည့် ပျူယဉ်ကျေးမှု အဆင့်သို့ မရောက်ရှိသေးကြောင်း ဖော်ညွှန်းနေသည်။ သို့သော်လည်း ညောင်ကန်တွင်တွေ့ရှိရသည့် ကျောက်ကွင်းများသည် ဟန်လင်းတွင်တွေ့ရှိခဲ့ရသည့် ကျောက်ကွင်းများနှင့် ပုံသဏ္ဍာန်၊ အရွယ်အစား၊ အမျိုးအစားများ တူညီနေပြီး ကျောက်ကွင်းအများစုသည် သပ်ရပ်ချောမွေ့နေကြသည်။

ကြေးခေတ် သင်္ဂြိုဟ်မြှုပ်နှံမှုများတွင် လူများနှင့်အတူ အိုးများသာမက ဆီမီးခွက်များ၊ မြေပန်းကန်များ၊ ကြိုးပေါက်ရာပါသော အိုးများကို ထည့်သွင်းမြှုပ်ထားသည်ကိုလည်း တွေ့ကြရသည်။ အိုးများသည် အချင်း ၁ ဒသမ ၅ လက်မမှ ၂၂ လက်မအထိ ရှိသည်။ အိုးအကြီးထဲတွင် အိုးအသေးများကို ထည့်သွင်းမြှုပ်နှံထားသည်မှာလည်း ထူးခြားချက်တစ်ရပ်ဖြစ်သည်။ ညောင်ကန်ယဉ်ကျေးမှုသည် ပျူယဉ်ကျေးမှု ထက်စောသော်လည်း လူရုပ်ကြွင်းများနှင့် အိုးများကို အတူတကွမြှုပ်နှံသည့် ဓလေ့ကို ကျင့်သုံးခဲ့ကြကြောင်း တွေ့ရှိရပေသည်။

မြန်မာ့ကြေးခေတ်ယဉ်ကျေးမှုကို ညောင်ကန်အပါအဝင် ဒေသအချို့တွင် တူးဖော် သုတေသနပြုချက်များအရ အထိုက်အလျောက် ဖော်ထုတ်နိုင်ခဲ့သော်လည်း ကြေးခေတ်ယဉ်ကျေးမှုကို ပိုမိုပြည့်စုံစွာ ဖော်ထုတ်နိုင်ရန် ဆက်လက် သုတေသနပြုကြရဦးမည်ဖြစ်ပေသည်။ ။

**ကိုးကား**

(၁) မြန်မာ့ကြေးခေတ်ယဉ်ကျေးမှု သုတေသနခရီး(ဦးစန်းဝင်း)
(၂) မြန်မာ့သတ္တုခေတ်ကာလ(စိန်မြင့်)
(၃) ညောင်ကန်သမိုင်းဖြစ်စဉ် သာသနာဝင်(ဦးသုဒဿန)

# ရိဒ်ရေကန်အခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ကွင်းဆင်းလေ့လာ

**ရိခေါဒါရ်  မေ ၃**

ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၆၆ ပေမြင့်သော တောင်ကုန်းပေါ်တွင် သဘာဝအတိုင်းဖြစ်ပေါ်ပြီး အသည်းနှလုံးပုံသဏ္ဌာန်သဖွယ် မြင်ရသည့် ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ ရိဒ်ရေကန်ကိုအခြေပြု၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန (နေပြည်တော်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးနှင့် ချင်းပြည်နယ်ဦးစီးမှူး ဦးဒါးလ်ခမ်နှင့်အဖွဲ့က မတ်လနောက်ဆုံးပတ်အတွင်း ရိဒ်နယ်မြေဒေသသို့ ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ရိဒ်ရေကန်၏ လက်ရှိအခြေအနေ၊ သဘာဝ ပထဝီအနေအထား၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ဖြစ်နိုင်ခြေရှိသည့် အနေအထား၊ အခြားသော အကျိုးသက်ရောက်မှုများ ရှိနိုင်သည့်အခြေအနေများကို စူးစမ်းလေ့လာပြီး ရိဒ်ရေကန်နှင့် ရေကန်ဘေး ပတ်ဝန်းကျင် တောတောင်များအပြင် အနီးတစ်ဝိုက်ရှိ ကျေးရွာများအထိ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ကွင်းဆင်းလေ့လာမှုမှ တွေ့ရှိချက် အစီရင်ခံစာများကို သက်ဆိုင်ရာသို့ အဆင့်ဆင့်တင်ပြပြီး ရိဒ်ရေကန်အခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ရိဒ်ရေကန်သည် ချင်းပြည်နယ် အနောက်မြောက်ဘက် အိန္ဒိယ-မြန်မာနယ်စပ် ဖလမ်းမြို့နယ်အတွင်း ရိခေါဒါရ်မြို့၏မြောက်ဘက်တွင် တည်ရှိသည်။ ရေကန်၏ အကျယ်အဝန်းမှာ ဧရိယာ ၈၃၂ ဧကရှိပြီး ရေကန်ပတ်လည်အကျယ်မှာ ၂ ဒသမ ၅ မိုင်ရှိသည်။ ရေကန်၏ ပျမ်းမျှရေအနက်မှာ ပေ ၄၀ ခန့်ရှိပြီး အနက်ဆုံးနေရာတွင် ပေ ၅၀ ကျော်ရှိသည်။ ရိဒ်ရေကန်သည် ချင်းပြည်နယ်၏ဂုဏ်ကိုဆောင်သည့် အမျိုးသားသင်္ကေတ တစ်ခုအဖြစ်လည်းကောင်း၊ ပြည်နယ်၏အလှကို တန်ဆာဆင်ပေးသည့် အထင်ကရနေရာ တစ်ခုအဖြစ်လည်းကောင်း တန်ဖိုးထားသတ်မှတ်ကြသော ရေကန်ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုများစွာ ရှိမည်ဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အဓိက ပံ့ပိုးကူညီမှု၊ ခရီးသွားကုမ္ပဏီများနှင့် ပြည်တွင်းပြည်ပ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှု၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် လက်အောက်ခံ ညီနောင်အသင်းများ၏ ပူးပေါင်းပါဝင်ကူညီမှုများဖြင့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# တစ်ပိုင်တစ်နိုင် နိုင်ငံခြားပျားမျိုးမွေးမြူပြီး ပျားရည်ထုတ်လုပ်မှု အဆင်ပြေနေ

**မြစ်သား မေ ၃**

မြစ်သားမြို့နယ်အတွင်းမှ အချို့အပူပိုင်းဒေသများတွင် ရာသီဥတုပူပြင်းခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်မှုမရှိချိန်တွင် နိုင်ငံခြားပျားမျိုးမွေးမြူသည့် လုပ်ငန်းကို တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းအဖြစ် တွဲဖက်လုပ်ကိုင်ကြသူများအနေဖြင့် ထုတ်လုပ်သော ပျားရည်ကို နိုင်ငံခြားအထိ တင်ပို့ရောင်းချနေရသဖြင့် အဆင်ပြေလျက်ရှိကြောင်း ပျားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေကြသူများထံမှ သိရသည်။

"မွေးမြူရေပျားမျိုးဟာ ဥရောပကပျားမျိုးတွေကို မှာယူဝယ်ရတာပါ။ ဝယ်ယူတဲ့အခါမှာလည်း သူတို့နိုင်ငံမှာ ပျားရည်ထုတ်လုပ်နိုင်မယ့် ပျားများဖြစ်ဖို့ကို ပျားဗျူဟာလို့ခေါ်တဲ့ စမ်းသပ်နည်းတွေနဲ့ ပထမဆုံး စမ်းသပ်ခဲ့တာပါ။ သူတို့နိုင်ငံမှာ အောင်မြင်တဲ့ပျားဖြစ်ဖို့ နေကြာခင်းတစ်ခင်းရဲ့အလယ်ဗဟိုမှာ သံဆန်ခါလိုဟာ မျိုးကိုကာပြီး ပျားအုံလာရောက်တည်အောင် လုပ်ရတာပါ။ လာရောက်တည်တဲ့ ပျားအုံဆိုရင် အောင်မြင်တဲ့ပျားလို့ သတ်မှတ်ပြီး မွေးမြူရေးပျားများအဖြစ် မြန်မာနိုင်ငံမှာ ပြန်လည်ရောင်းချပေးနေခဲ့တာပါ။ ကျွန်တော်တို့က နိုင်ငံခြား ပျားမွေးမြူရေးကုမ္ပဏီက တစ်ဆင့် ပြန်ဝယ်ပြီး မွေးမြူတာပါ။ မွေးမြူရေး နိုင်ငံခြားလုပ်သားပျားချပ် တစ်ချပ်ကို ယခင်နှစ်က တစ်သောင်းကျော်ခန့်ပေး ဝယ်ယူရပါတယ်"ဟု နိုင်ငံခြား ပျားမျိုးမွေးမြူပြီး တစ်နိုင်တစ်ပိုင် မွေးမည့်သူများထံ ပြန်လည်ရောင်းချနေသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပျားရည်ထုတ်လုပ်ရန်အတွက် လုပ်သားပျားချပ်များထဲသို့ ပျားဘုရင်မတစ်ကောင်စီ ထည့်ပေးရကြောင်း၊ ပျားအိမ်တစ်အိမ်လျှင် ပျားချပ်ရှစ်ချပ်ထားပေးရကြောင်း၊ ပျားဘုရင်မထည့်ပြီး၍ မိတ်လိုက်ပြီးနောက်တွင် ပျားချပ်များအတွင်း တစ်ရက်လျှင် ဥပေါင်းနှစ်ထောင်ခန့် ဥချကြောင်း၊ ထိုမှတစ်ဆင့် ဝတ်ရည်ခွဲပြီး ရောင်းတန်းဝင်ပျားရည်ဖြစ်သည်အထိ အဆင့်ဆင့် ပြုလုပ်ပေးရကြောင်း ၎င်းက ဆက်ပြောပြသည်။ တစ်ပိုင်တစ်နိုင် ပျားမွေးမြူပြီးနောက် ထွက်ရှိလာသောပျားရည်များကို ကုမ္ပဏီသို့ ပြန်သွင်းရာတွင် ပျားရည်ဈေးနှုန်းမှာ ယခုနှစ်တွင် ယခင်နှစ်ကထက် ဈေးကျနေသော်လည်း ရာသီဥတုမကောင်းသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ မအောင်မြင်ချိန်တွင် တစ်ပိုင်တစ်နိုင် နိုင်ငံခြားပျားမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရခြင်းက တောင်သူများအတွက် အဆင်ပြေကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**



# ရဲတပ်ဖွဲ့ဝင်များအတွက် ကွန်ပျူတာသင်တန်းဖွင့်



**ဘားအံ မေ ၃**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ကိုင်တွယ်အသုံးပြုနည်း သင်တန်း အမှတ်စဉ်(၁/၂၀၁၇)ဖွင့်ပွဲကို ဘားအံမြို့ရှိ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဆင်ဖြူရှင်ခန်းမ၌ မေ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး ကွန်ပျူတာ အခြေခံ တတ်ကျွမ်းပြီးဖြစ်သော ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နည်းပညာပိုင်းဆိုင်ရာများ ပိုမိုကျွမ်းကျင်စွာအသုံးပြုတတ်စေရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသို့ ရဲတပ်ဖွဲ့ဝင် သင်တန်းသား ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများဖြစ်သော ပရင်တာ၊ ပရိုဂျက်တာ၊ မိတ္တူကူးစက်နှင့် ဖက်စ်အသုံးပြုနည်းများ၊ ပါဝါပွိုင့်အသုံးပြုခြင်းနှင့် အီးမေးလ်အသုံးပြုခြင်းတို့ကို သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူကို ဝန်ဆောင်မှု ပေးရာတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်ခြင်းဖြင့် ပိုမိုအထောက်အကူဖြစ်စေရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်သည်။ **မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

## သတင်းတိုများ

### နွေစပါးစိုက်နည်းစနစ်လေးမျိုး တောင်သူပညာပေးသရုပ်ပြ

နွားထိုးကြီးမြို့နယ်အတွင်းမှ ဒေသခံတောင်သူများအား နွေစပါးစိုက်နည်းစနစ်လေးမျိုး လက်တွေ့သရုပ်ပြပွဲကို ခက်လန်းကျေးရွာရှိ မနော်သုခ နွေစပါးစိုက်ခင်းတွင် မေ ၁ ရက်က ပြုလုပ်ခဲ့ပြီး မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်လင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်အေးအေး၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ထားနွယ်နှင့် DOA ဝန်ထမ်းများ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများက စိုက်နည်းစနစ်လေးမျိုးဖြစ်သော တိုက်ရိုက်အစေ့ချစနစ်၊ ကြဲပက်စနစ်၊ BMP စနစ်နှင့် SRI စနစ်များကို ခက်လန်းကျေးရွာ၊ မြိုင်သာကျေးရွာနှင့် ရွာသစ်ကျေးရွာတို့မှ တောင်သူများအား လက်တွေ့ပြသခဲ့သည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

### လိင်စိတ်ကြွဆေးများ ရောင်းချခြင်းမရှိရန် ကြိုတင်စစ်ဆေးနေ

မကွေးတိုင်းဒေသကြီး စလင်းမြို့ပေါ်ရှိ ဆေးဆိုင်များတွင် သင်္ကြန်ကာလအတွင်း လိင်စိတ်ကြွဆေးများ ရောင်းချခြင်းမရှိစေရန်အတွက် တာဝန်ရှိသူများက ကြိုတင်စစ်ဆေးခြင်းနှင့် ပညာပေးမှုများ မေ ၂ ရက်က ဆောင်ရွက်ခဲ့သည်။ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ထွန်းနှင့် စလင်းမြို့မရဲစခန်းမှ ဒုရဲမှူးဝင်းနိုင်တို့ ဦးဆောင်ပြီး မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်စည်ပင်နှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့က မြို့ပေါ်ရှိ ဆေးဆိုင်ခုနစ်ဆိုင်တွင် လိင်စိတ်ကြွဆေးများ ရောင်းချခြင်းမရှိစေရန် လိုက်လံစစ်ဆေးကာ ရောင်းချခြင်းမပြုရန်လည်း ဆိုင်ရှင်များအား အသိပညာပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

### ဌာနဆိုင်ရာများပူးပေါင်း၍ လူထုအသိပညာပေးလုပ်ငန်းများဆောင်ရွက်

ရခိုင်ပြည်နယ် မောင်တောမြို့လူစည်ကားရာနေရာများဖြစ်သော မြို့မတောင်ရပ်ကွက် နာရီစင်လမ်းဆုံ၊ ရှိတ္တာရွာ လမ်းဆုံ၊ ရွှေဇားဂုံနားကျေးရွာအုပ်စု စေတီပြင်လမ်းဆုံတို့၌ ခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်ပြန်/ဆက်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စု(၄၆)၊ မြို့နယ် လူကုန်ကူးရဲတပ်ဖွဲ့၊ မော်တော်ယာဉ်တပ်ဖွဲ့စု(၂၂)တို့ ပူးပေါင်းပြီး ဒေသခံပြည်သူများအား အသိပညာပေးမှုများကို မေ ၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ခရိုင်ပြန်/ဆက်ရုံးရှိ ပြည်သူ့စာကြည့်တိုက်ကို Community Centre နှင့် Community Library အဖြစ် အဆင့်မြှင့်တင် ဝန်ဆောင်မှုပေးနေမှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မီးဘေးအန္တရာယ်မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး စသည့်အကြောင်းအရာများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက အသံချဲ့စက်ဖြင့် အလှည့်ကျ အသိပညာပေးဟောပြောခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

### နွေရာသီ အားကစားသင်တန်းများဆင်း

မလှိုင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် နွေရာသီ အားကစားသင်တန်းများ ဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ မေ ၁ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်ပေးသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးစောလွင်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ မလှိုင်မြို့နယ်တွင် နွေရာသီ အားကစားသင်တန်းလေးမျိုးကို မတ် ၂၀ ရက်မှ မေ ၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဘောလုံးတွင် ၃၆ ဦး၊ ကြက်တောင်တွင် ၁၄ ဦး၊ အေးရိုးဗစ်တွင် ၁၆ ဦးနှင့် မြန်မာ့သိုင်းတွင် ၃၂ တက်ရောက်သင်ကြား ခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

### သင်္ကြန်ကာလ မှုခင်းကျဆင်းရေးအတွက် လှည့်လည်အသိပညာပေး

ကချင်ပြည်နယ် ရွှေကူမြို့၌ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ရန်နှင့် မှုခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့က အသိပညာပေးဟောပြောမှုများ မေ ၁ ရက်က ဆောင်ရွက်ခဲ့သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်လတ် ဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့ရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း စသည်တို့ကို မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ရွှေကူမြို့ပေါ်ရပ်ကွက်လေးခုမှ လူစည်ကားရာဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး လမ်းဆုံ၊ အဝေးပြေးကားဂိတ်၊ သင်္ဘောဆိပ်နှင့် မြို့မစည်ပင်သာယာဈေးတို့တွင် လိုက်လံဟောပြောခဲ့ကြခြင်းဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

### မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

ပြည်သူ့ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရဲတပ်ဖွဲ့က ဆောင်ရွက်နေမှုများကို ပြည်သူများ သိရှိစေရန်နှင့် ပြည်သူများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ မှုခင်းကျဆင်းရေးတွင် ပူးပေါင်းပါဝင်ကြရန် ရည်ရွယ်ချက်များဖြင့် ပုလဲမြို့နယ် ပုလဲ-ဂန့်ဂေါ ကားလမ်းဆုံ၌ ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့၏ မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြောမှုများကို မေ ၂ ရက်က ဆောင်ရွက်ခဲ့သည်။

ပုလဲမြို့ရှိ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ အသိပညာဗဟုသုတများ ရရှိစေရေးအတွက် ပြခန်းယာဉ်ပေါ်တွင် ဖြစ်ရပ်မှန် လူကုန်ကူးမှုဖြစ်စဉ်များ၊ မူးယစ်ဆေးဝါးသုံးစွဲကြသူများ၏ ဘဝနိဂုံး မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများနှင့် ယာဉ်မဆင်မခြင် မောင်းနှင်သူများကြောင့် အဖြစ်ဆိုးများ ကြုံတွေ့ရပုံများ၊ ရဲတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ပြသထားပြီး ဓာတ်ပုံပါ အကြောင်းအရာများကို ပြည်သူများအား ရှင်းလင်းဟောပြောခဲ့ကြောင်း ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်က ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

# မီးသတ်ယာဉ်များထားရှိရန် အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်း

**ဖျာပုံ မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ မီးသတ်ဦးစီးဌာနဝင်းအတွင်း၌ မီးသတ်ယာဉ်များထားရှိရန် အလှူရှင်များက ဆောက်လုပ်လှူဒါန်းခဲ့သော အဆောက်အအုံသစ် ပြီးစီးပြီဖြစ်၍ လွှဲပြောင်းပေးအပ်ပွဲကို မေ ၂ ရက်က ကျင်းပခဲ့သည်။

"ဖျာပုံမြို့ဟာ သဘာဝဘေး ထိခိုက်လွယ်တဲ့ဒေသ၊ နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသတစ်ခုလည်း ဖြစ်ခဲ့တယ်။ အဲလိုဖြစ်တဲ့အခါမှာလည်း တာဝန်ရှိသူတွေနဲ့ ပြည်သူတွေ ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်၊ အဲ့လို သဘာဝဘေးတွေကြုံလာရင် အသုံးပြုနိုင်ဖို့ အထောက်အကူပစ္စည်းတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ဖြည့်ဆည်းပေးတယ်။ အဲဒီအထဲမှာ မီးသတ်ယာဉ်တွေ ပါလာတယ်။ လက်ရှိအဆောက်အအုံနဲ့ ယာဉ်ထားဖို့ အခက်အခဲရှိနေတာတွေ့ရလို့ ဒီမီးသတ်ယာဉ်ထားဖို့ အဆောက်အအုံကို ဆောက်လုပ်လှူဒါန်းခြင်းဖြင့် ပြည်သူများက ပူးပေါင်းခဲ့တာဖြစ်ပါတယ်"ဟု အလှူရှင်များထဲမှ ဦးအုန်းဟန်က ပြောသည်။

ယာဉ်ထားရှိရန်အဆောက် အအုံသစ်သည် အလျားပေ ၅၀၊ အနံ ပေ ၂၀ ရှိပြီး ဖျာပုံမြို့မှ ဦးအောင်ခိုင်ဝင်း (ရွှေဈေးမိသားစု စက်သုံးဆီရောင်းဝယ်ရေး)က ဦးဆောင်ပြီး ကျပ်သိန်း ၈၀ ကျော် အကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်နှင့် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**သူဇာနွယ်(ဖျာပုံ)**

# ရေပြတ်လပ်နိုင်သည့်ကျေးရွာများသို့ သောက်သုံးရေများ ကြိုတင်ဖြန့်ဝေထား

**သာစည် မေ ၃**

သာစည်မြို့နယ်သည် ပူပြင်းခြောက်သွေ့ပြီး နွေရာသီကာလတွင် ရေရှားပါးသည့်မြို့နယ်ဖြစ်ကာ မြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ သောက်သုံးရေရှားပါးပြတ်လပ်မှုကို နှစ်စဉ် ကြုံတွေ့ကြရသဖြင့် ယခုနှစ်တွင် ရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာများသို့ သောက်သုံးရေများ ကြိုတင်ဖြန့်ဝေပေးထားကြောင်း သိရသည်။

သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇေယျသုခ ရေလှူအသင်းကြီးတို့နှင့် ပူးပေါင်းပြီး သောက်သုံးရေရှားပါးမှု နှစ်စဉ်ကြုံတွေ့နေကြရသည့် မြို့နယ်အတွင်းမှ ကျေးရွာများစာရင်းကို ကောက်ယူ၍ ကျေးလက်ဒေသများတွင် ရေရှားပါးမှုမဖြစ်စေရေးအတွက် ရေကားများဖြင့် သောက်သုံးရေများ ကြိုတင်ဖြန့်ဝေပေးပို့၍ လှူဒါန်းနေခြင်းဖြစ်သည်။



မတ် ၂၃ ရက်မှစ၍ မေ ၁ ရက်အထိ သောက်သုံးရေပြတ်လပ်မှု ဖြစ်နိုင်သည့် ကျေးရွာ ၁၂ ရွာအနက် ကျီတိုင်ကုန်း(မ)ရွာ၊ အောင်မြင်သာ၊ ဘုန်းတလုပ်၊ အုတ်ဖိုနှင့် ဆင်သေကျေးရွာများသို့ သောက်သုံးရေများကို သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇေယျသုခ ရေလှူအသင်းကြီး၏ ရေကားများအကူအညီဖြင့် သွားရောက်ဖြန့်ဝေပေးပြီး အဆိုပါကျေးရွာများအတွင်းရှိ အုတ်ရေလှောင်ကန်ကြီးများထဲသို့ သောက်သုံးရေများကို ကြိုတင်ဖြည့်ဆည်းပေးထားကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက ကျေးလက်ဒေသတွေရဲ့ဖွံ့ဖြိုးမှုတွေကို ဆောင်ရွက်ပေးရသလို အခက်အခဲတွေကိုလည်း ကူညီဖြေရှင်းပေးကြရပါတယ်။ အခုလို နွေရာသီမှာ သောက်သုံးရေပြတ်လပ်မှုဖြစ်နိုင်တဲ့ ကျေးရွာတွေကို စာရင်းကောက်ယူပြီး ရေပြတ်လပ်မှုမကြုံတွေ့ခင် ကြိုတင်ပြီး ကျေးရွာတွေမှာရှိတဲ့ ရေလှောင်အုတ်ကန်တွေထဲကို ရေဖြည့်ပေးထားရတာပါ"ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မောင်ကို (သာစည်)**

# မြန်မာ့ပဲမျိုးစုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း) နေပြည်တော်ရှိ စုဝေးခန်းမ၌ မြန်မာ့ပဲမျိုးစုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ



အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်သူများပူးပေါင်းပါဝင်၍ လိုအပ်သည့် နည်းဗျူဟာများအား ချမှတ်အကောင်အထည်ဖော်ဆောင်နိုင်ရန် ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲပထမနေ့တွင် သက်ဆိုင်ရာတာဝန်ရှိသူများမှ ကဏ္ဍအလိုက် သုတေသနစာတမ်းဖတ်ကြားပေးပြီး ဒုတိယနေ့တွင် အုပ်စုလေးစုဖွဲ့၍ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကာ ၎င်းတို့၏ ဆွေးနွေးမှုများအား ပြန်လည်တင်ပြ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူတို့က သုံးသပ်အမှာစကားပြောကြားကာ မြန်မာ့ပဲမျိုးစုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# နွေသီးနှံစံပြစိုက်ကွက်များအတွက် တောင်သူများအား ဓာတ်မြေဩဇာနှင့် မျိုးစေ့များထုတ်ပေး

**ကနီ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်း ရေဆင်း(၁၁)မျိုးနှင့် နွေစပါး စံပြကွက်များ စိုက်ပျိုးကြသည့် တောင်သူများအတွက် မျိုးစေ့များနှင့် ဓာတ်မြေဩဇာများပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မေ ၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ မျိုးစေ့နှင့် မြေဩဇာပေးအပ်ပွဲတွင် ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမြင့်က မျိုးစေ့ထုတ်စံပြကွက် စိုက်ပျိုးကြမည့်တောင်သူများအနေဖြင့် အထွက်နှုန်းမြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးရန်နှင့် မျိုးစေ့ထုတ်နည်းပညာများကို လိုက်နာဆောင်ရွက်ကြရန်၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သီးနှံများ အထွက်နှုန်းမြင့်မားလာပြီး အရည်အသွေးပြည့်မီ၍ ဈေးကောင်းလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဌာနကလည်း နည်းပညာများနှင့်လမ်းညွှန်ချက်များပေးကာ တောင်သူများ စိုက်ပျိုးချိန်မှစ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်လေးနွယ်ကလည်း ချိုင်ကျေးရွာအုပ်စု သရက်ပင်ကျေးရွာမှ မိုးကြိုပဲတီစိမ်းစိုက် တောင်သူ ၁၇ ဦး၏ မျိုးစေ့ထုတ်ကွက် ဧက ၂၀ အတွက် ဌာနအနေဖြင့် တစ်ဧကလျှင် မိုးကြိုပဲတီစိမ်း ရေဆင်း(၁၁)မျိုး လေးပြည်နှုန်းဖြင့် ဖေဖော်ဝါရီလက ထုတ်ပေးခဲ့ပြီး ယခု အိုင်တောင်ကျေးရွာမှ တောင်သူ ၁၀ ဦး၏ စိုက်ဧက ၂၀ အတွက် မျိုးစေ့များနှင့် သရက်ပင်နှင့် အိုင်တောင်ကျေးရွာမှ ပဲတီစိမ်းစိုက်တောင်သူများအတွက် အာမိုကွန်ပေါင်း ဓာတ်မြေဩဇာ တစ်ဧကလျှင် တစ်အိတ်နှုန်း ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ကနဲကျေးရွာမှ နွေစပါးစံပြကွက် ၁၀ ဧက စိုက်ပျိုးသည့် တောင်သူကိုးဦးအတွက်လည်း ယူရီးယား ဓာတ်မြေဩဇာ တစ်ဧကလျှင် တစ်အိတ်နှုန်း ထုတ်ပေးကြောင်း၊ တောင်သူများအနေဖြင့် စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့်နည်းပညာများကိုလည်း ဌာနမှပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား မျိုးစေ့များနှင့် ဓာတ်မြေဩဇာအိတ်များ ပေးအပ်ခဲ့သည်။

**သန်းဌေးအောင်(ကနီ)**

# ရေရှားပါးနေသည့်ကျေးရွာများသို့ သောက်သုံးရေများ တစ်လလျှင် သုံးကြိမ်ခန့် သွားရောက်လှူဒါန်းနေ

**ပျော်ဘွယ် မေ ၃**

ပျော်ဘွယ်မြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးလျက်ရှိသော ကျေးရွာတစ်ရွာဖြစ်သည့် ကျောက်အိုးကျေးရွာသို့ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သောက်သုံးရေများ မေ ၁ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်သက်လှိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့၏ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သောက်သုံးရေများ လှူဒါန်းခဲ့သည့်အပြင် ငါးဂါလန်ဆံ့ သောက်ရေသန့်ဘူးကြီး ၈၅ ဘူးကိုလည်း လှူဒါန်းခဲ့ကြသည်။

"ကျွန်တော်တို့ရွာက အခုလိုရာသီဆို သောက်သုံးရေအတွက် ဒုက္ခရောက်ပါတယ်။ ရေရှားပါးတဲ့အချိန်ဆိုရင် လူတွေအတွက် သောက်သုံးရေ၊ ကျွဲ နွားတွေအတွက် သောက်သုံးရေ ရရှိရေးအတွက် နှစ်မိုင်အကွာမှာရှိတဲ့ ဥသျှစ်ပင်ရွာအထိ ရေတစ်စည်ကို ၂၀၀၀ နှုန်းနဲ့ သွားရောက်ဝယ်ယူရပါတယ်၊ အခုလိုမျိုး အခက်အခဲရှိတဲ့အချိန်မှာ သောက်သုံးရေ လာရောက်လှူဒါန်းတဲ့အတွက် ဝမ်းသာပါတယ်"ဟု ကျောက်အိုးကျေးရွာနေ ဦးဝင်းမောင်က ပြောသည်။

ပျော်ဘွယ်မြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သောက်သုံးရေပြတ်လပ်လျက်ရှိသော ကျောက်အိုးကျေးရွာ၊ ငှက်မီးကျေးရွာ၊ ရေဖြူကျေးရွာ၊ နွယ်နွဲ့ကျေးရွာများသို့လည်း တစ်လလျှင် သုံးကြိမ်ခန့်သွားရောက်၍ သောက်သုံးရေများ လှူဒါန်းပေးနေကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**



# အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ကျောက်ဖြူ မေ ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်ကျေးလက်ဦးစီးဌာနသည် မြို့နယ်ရှိ စီမံကိန်းဝင်ကျေးရွာ ၂၇ ရွာမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို မြို့နယ်အဆင့်စီမံကိန်းများတွင် ထည့်သွင်းပေါင်းစပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၉ ရက်က မြို့နယ် ထွေ/အုပ်ရုံး၌ ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့်မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များတက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို VDP Website (www.vdp.drdmyanmar.org) တွင်လည်း ဝင်ရောက်ရှာဖွေနိုင်ကြောင်းနှင့် မြို့နယ်ဌာနဆိုင်ရာမှ ငါးနှစ်စီမံကိန်းတွင် နှစ်စဉ်ဘတ်ဂျက်ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ရေးဗဟိုကော်မတီသည် ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ အကောင်အထည်ဖော်မှုဖြင့် ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဒေသတွင်းပြန်လည်နေရာချထားရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်မှာ ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မှာ အဓိကပါဝင်သော အချက်တစ်ချက်ဖြစ်သည်။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် CMP အထည်ချုပ်လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိရာ ကနဦးဆောင်ရွက်ချက် အနေဖြင့် စစ်တွေမြို့ ဆပ်ရိုးကျရပ်ကွက်တွင် အထည်ချုပ်စက်ရုံငယ်တစ်ခုကို တည်ထောင်ပြီး လုပ်ငန်းစတင်လည်ပတ်လျက်ရှိရာ ရခိုင်တိုင်းရင်းသူ အမျိုးသမီး ဝန်ထမ်းအင်အား ၁၀၀ ကျော် အလုပ်အကိုင်ရရှိလျက်ရှိသည်။ ရန်ကုန်မြို့နှင့် အခြား ဒေသများတွင် သွားရောက်အလုပ်လုပ်ကိုင်နေရသော ရခိုင်တိုင်းရင်းသားများ မိမိတို့ဒေသတွင် ပြန်လည်အလုပ်လုပ်ကိုင်ခွင့်ရရှိခြင်းဖြစ်သည်။ အမျိုးသမီးများအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ စစ်တွေ မြို့နယ် ကျားမသောက်ကျေးရွာ၌ လက်ရက်ကန်းစင် ၁၀၀ ဖြင့်

*စာမျက်နှာ ၇ ကော်လံ ၁* ❁



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ပြောကြားစဉ်



မြန်မာနှင့် အီရန်အသင်း ယှဉ်ပြိုင်နေစဉ်

# အာရှဖလားခြေစစ်ပွဲ အဖွင့်ပွဲတွင် မြန်မာအမျိုးသမီးအသင်း အနိုင်ရ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

**ဟန္တိုင်း မေ ၃**

၂၀၁၈ အာရှဖလားအမျိုးသမီးခြေစစ်ပွဲ အုပ်စု (ဃ) အဖွင့်ပွဲကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ စတင်ကျင်းပရာ မြန်မာအမျိုးသမီးအသင်းက အီရန် အမျိုးသမီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ပထမပိုင်းတွင်သွင်းယူသည့် ဂိုးများဖြင့် အီရန် အသင်းကို အနိုင်ယူကာ ပွဲဦးထွက် သုံးမှတ်ရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲတွင် လူငယ်ကစားသမားအချို့ကို ပွဲထုတ်ခဲ့ပြီး ခြေအသာရခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးထပ်မသွင်းနိုင်သောကြောင့် သွင်းဂိုးနည်းသွားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ပွဲအစ လေးမိနစ်တွင် ဂျူလိုင်ကျော်နှင့် ပထမပိုင်းပြီးခါနီးတွင် ဝင်းသီဂီထွန်းတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှခြေစစ်ပွဲတွင် အုပ်စု (ဃ) ၌ ဗီယက်နမ်၊ စင်ကာပူ၊ ဆီးရီးယား၊ အီရန်တို့နှင့် ကျရောက်နေပြီး မေ ၇ ရက်တွင် ဒုတိယပွဲအဖြစ် ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဖလားအမျိုးသမီးခြေစစ်ပွဲကို အုပ်စု လေးစုခွဲ၍ ကျင်းပလျက်ရှိပြီး အမှတ်အများဆုံးရသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မည်ဖြစ်သည်။

## သင်္ကြန်ရက်အတွင်း ပုဂံရထား ပုံမှန်ပြေးဆွဲမည်

**ဌေးမြင့်မောင်**

**နွားထိုးကြီး မေ ၃**

မြန်မာ့မီးရထား၏ ပုဂံ-မန္တလေး ရထားများဖြစ်သော လော်ကယ်နှင့် အမြန်ရထား သင်္ကြန်ရက်အတွင်း ပြေးဆွဲမည်ဖြစ်သည်။

အမြန်ပုဂံရထားတွင် ရိုးရိုးတန်းတွဲများသာ သင်္ကြန်ရက်အတွင်း ပြေးဆွဲမည်ဖြစ်ပြီး အထက်တန်းတွဲများ ချိတ်တွဲပေးမည်မဟုတ်ကြောင်း သိရသည်။ မြို့သာ-မြင်းခြံ ခေါက်ပြန်ပြေးဆွဲနေသာ RBE ရထားသည် မေ ၁၄၊ ၁၅၊ ၁၆ ရက်ထိ ၃ ရက်ကြာ ရပ်နားသွားမည်ဖြစ်ကြောင်း သိရသည်။

